# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**နောင်တ တစ်ဖန် မပူပန်ရ**

မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏။ ကောင်းမှုကိုပြုခြင်းသည်ကား မြတ်၏။ ယင်းကောင်းမှုကို ပြုခြင်းကြောင့် နောင်တ တစ်ဖန် မပူပန်ရ။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၃၁၄)**


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၀ ရက်၊ သောကြာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၄၉)


# ကောလင်း၊ ဝန်းသိုနှင့် ကသာမြို့နယ်တို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွား



ကားလမ်းရေကျော်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်နေသည်ကို တွေ့ရစဉ်
(ဓာတ်ပုံ-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့)

**ကောလင်း ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ပင်လည်ဘူး၊ ဝန်းသိုမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပိုင်းများ၊ ကျေးရွာများ ရုတ်တရက် မိုးရေလျှံခြင်း ဇွန် ၉ ရက် နံနက်ပိုင်းက စတင်ဖြစ်ပေါ်ခဲ့သည်။

ကောလင်းမြို့နယ်၌ နံနက် ၅ နာရီခန့်တွင် မိုးရေချိန် ၃ ဒသမ ၃၄လက်မ ရွာသွန်း၍ ရေဝင်ရောက်ရာ အနိမ့်ပိုင်းတွင် ငါးပေခွဲ၊ ခြောက်ပေရှိပြီး ၂၀၁၅ ခုနှစ် ဇွန်လပိုင်း ရေကြီးခြင်းထက် ကျော်လွန်ကာ ဌာနဆိုင်ရာရုံးများ၊ ရဲစခန်းများ၊ ကျော်ဇေယျာရပ်ကွက်၊ စက်ရုံဗိုလ်တဲရပ်ကွက်၊ မြို့မရပ်ကွက်၊ ဝါးရုံးတုံရပ်ကွက်၊ မီးရထားလမ်း မိုင်တိုင် (၅၁၆/၅၁၇/ ၅၁၈/၅၁၉) သံလမ်းပေါ် ရေတစ်ပေ ကျော်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

## ကောလင်းမြို့နယ်အတွင်း ရေများပြန်လည်ကျဆင်း

**ကောလင်း ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇွန် ၉ ရက် နံနက် ၆ နာရီခန့်က မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအချို့၌ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ရာ အမြင့်ပိုင်းနေရာများတွင် သုံးပေခန့်နှင့် အနိမ့်ပိုင်းနေရာများတွင် ခြောက်ပေခန့် ရေဝင်ရောက်ခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားရခြင်းမှာ မိုးသည်းထန်စွာရွာသွန်းသဖြင့် ချောင်းရေများလျှံပြီး ရုတ်တရက်ရေကြီးလာခြင်းကြောင့် ဖြစ်သည်။

ရေကြီးရေလျှံမှုကြောင့် မန္တလေး-မြစ်ကြီးနား အစုန်အဆန်ရထားခရီးစဉ်များနှင့် ကောလင်းမြို့မှ အခြားမြို့များသို့ ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းများ ရပ်နားထားလျက်ရှိသည်။ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ထမင်းထုပ်များ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။ ယခုအခါ ရေများ ပြန်လည်ကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၉-၆-၂၀၁၆

| | | | |
|---|---|---|---|
| သံတွဲမြို့ | ၆ ဒသမ ၃၈ လက်မ | ကျောက်ဖြူမြို့ | ၂ ဒသမ ၉၅ လက်မ |
| ဟိုင်းကြီးကျွန်းမြို့ | ၄ ဒသမ ၄၅ လက်မ | ပင်လောင်းမြို့ | ၂ ဒသမ ၈၃ လက်မ |
| စစ်တွေမြို့ | ၄ ဒသမ ၃၄ လက်မ | တောင်ကုတ်မြို့ | ၂ ဒသမ ၇၆ လက်မ |
| ပင်လည်ဘူးမြို့ | ၃ ဒသမ ၄၂ လက်မ | လပွတ္တာမြို့ | ၂ ဒသမ ၇၂ လက်မ |
| မိုးကုတ်မြို့ | ၃ ဒသမ ၂၇ လက်မ | မိုးညှင်းမြို့ | ၂ ဒသမ ၆၄ လက်မ |
| မာန်အောင် | ၃ ဒသမ ၁၅ လက်မ | ဖျာပုံမြို့ | ၂ ဒသမ ၆၀ လက်မ |
| ဇမြို့ | ၃ ဒသမ ၀၇ လက်မ | လောင်းလုံမြို့ | ၂ ဒသမ ၄၈ လက်မ |

## အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခဲ့ပြီးဖြစ်

**နေပြည်တော် ဇွန် ၉**

ဇွန် ၉ ရက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)




မြန်မာ့အလင်း

# မူဝါဒနှင့်အကောင်ထည်ဖော်ခြင်းဖြစ်စဉ်

ယခုအချိန်သည်အစိုးရသစ်၏သက်တမ်း နှစ်လကျော်ကာလသို့ရောက်ရှိလာပြီး ရက် ၁၀၀ စီမံကိန်းများ ဆောင်ရွက်နေသောကာလဖြစ်သည်။ ၎င်းရက် ၁၀၀ စီမံကိန်းများကလည်း အစိုးရသစ်၏ရေတို၊ ရေရှည်မူဝါဒများမှပေါ်ထွက်လာခြင်းဖြစ်ပေသည်။ ၎င်းစီမံကိန်းများကို ဆိုင်ရာဌာနများက အဓိကရေးဆွဲဆောင်ရွက်ပေးခြင်းကိုကြည့်လျှင် အစိုးရသစ်အနေဖြင့် ဗျူရိုကရေစီကိုနေရာပေးခြင်းဆိုသော သဘောကိုတွေ့ရပါသည်။

၂၀၁၅ ရွေးကောက်ပွဲကာလမတိုင်မီက အဖွဲ့ချုပ်၏ ရွေးကောက်ပွဲကြေညာစာတမ်းတစ်စောင် ထုတ်ပြန်ခဲ့သည်။ ၎င်းကြေညာချက်တွင်ပါသော ဒေါ်အောင်ဆန်းစုကြည်၏အမှာစာတွင် ၂၀၁၂ ခုနှစ် ဧပြီလက ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် အခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ချက်များဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း ပြောထားသည်။ ၎င်းအမှာစာတွင် အဖွဲ့ချုပ်သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာ၌ အမျိုးသားရင်ကြားစေ့ရေးမူကို တစိုက်မတ်မတ် ကိုင်ဆွဲသွားမည်ဖြစ်ကြောင်း ဖော်ပြထားခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲကြွေးကြော်သံ ပြောင်းလဲချိန်တန်ပြီဆိုသော စကားအောက်တွင် အဓိကအချက်လေးချက် ဖော်ပြခဲ့သည်။ (၁)တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး(၂) တိုင်းရင်းသားပြည်သူများ အေးချမ်းလုံခြုံစွာလက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်မည့် အခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေး(၃) ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေးနှင့် (၄) လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ခေါင်းစဉ်ကြီးများဖြစ်သည်။ ၎င်းနံပါတ်(၄)ခေါင်းစဉ်အောက်တွင်မှစီးပွားရေး၊ တောင်သူလယ်သမား၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် ခေါင်းစဉ်ငယ်(၁၃)ခုအတွက် ပေါ်လစီများဖော်ပြခဲ့သည်။

ရွေးကောက်ပွဲအောင်နိုင်ပြီးနောက် အစိုးရသစ်ဖွဲ့စည်းခဲ့ပြီး ဧပြီလ ၁ ရက်နေ့တွင် သမ္မတက မိန့်ခွန်းပြောခဲ့သည်။ ၎င်းမိန့်ခွန်းတွင် အစိုးရသစ်အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပေသည်။ ယင်းလိုလားချက်များ အကောင်အထည်ဖော်ရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွားရမှာကိုလည်း သိနားလည်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

၎င်းသည်တို့မှာ အစိုးရ၏ ရေရှည်ရည်မှန်းချက်(သို့မဟုတ်)ရေရှည်သဘောဆောင်သော မူဝါဒများပင်ဖြစ်သည်။ ရွေးကောက်ပွဲကြေညာစာတမ်းတွင် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို နံပါတ်(၁)နေရာမှာထားသည်ကို တွေ့ရသလို သမ္မတမိန့်ခွန်းတွင်လည်း အမျိုးသားရင်ကြားစေ့ရေးကို ဦးစားပေးသည်ကို တွေ့ရသည်။ အမျိုးသားရင်ကြားစေ့ရေးဆိုရာတွင် တပ်မတော်နှင့် ရင်ကြားစေ့ရေးပါ ပါဝင်နေပါသည်။ နိုင်ငံရေးရည်မှန်းချက်ကို ဖော်ပြခြင်းသည်မူဝါဒပင်ဖြစ်သည်။ ထိုသို့ မူဝါဒတစ်ရပ်ပေါ်ထွက်လာဖို့ မူဝါဒဆန်းစစ်ချက်၊ မူဝါဒဆွေးနွေးချက်စာတမ်းများ၊ မူဝါဒအဆိုပြုချက်၊ မူဝါဒလမ်းကြောင်းကြေညာချက်များပြုလုပ်ပြီး အစီအစဉ်များ စီမံချက်များဖြင့် ပြီးမြောက်အောင် အကောင်အထည်ဖော်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကလမ်းကြောင်းမှာ အမျိုးသားရင်ကြားစေ့ရေးဖြစ်ကြောင်း ဆိုခဲ့ပြီး မူဝါဒဆိုသည်မှာ ရလဒ်(သို့)ရည်မှန်းချက်သာဖြစ်၍ အမျိုးသားရင်ကြားစေ့ရေးအတွက် လိုအပ်သောယုံကြည်မှုမှာ ဖြစ်စဉ်သဘောဟု ယူဆရန်ဖြစ်ပါသည်။ ယုံကြည်မှုမှာအဓိကကျပြီး အတိတ်ကိုခွာနိုင်မှသာ ယုံကြည်မှုတည်ဆောက်နိုင်မှာ ဖြစ်ပါသည်။ ရလဒ်ပိုင်းကိုအားပြုမှုများနေလျှင် ဖြစ်စဉ်တည်ဆောက်မှုလိုအပ်ချက်များ ဖြစ်လာနိုင်ပေသည်။

နိုင်ငံရေးရည်မှန်းချက်များအတိုင်း လိုလားသောအပြောင်းအလဲများကို တကယ်ဖြစ်ပေါ်လာစေရန် ယင်းရည်မှန်းချက်များကို အစီအစဉ်များနှင့် ရလဒ်များရရှိနိုင်မည့် ဆောင်ရွက်ချက်များအဖြစ်သို့ ပြောင်းလဲကြရခြင်းဖြစ်သည်။ အစိုးရသစ်အဖို့ အဖွဲ့ချုပ်တည်ထောင်ခါစက မူဝါဒများ၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမူဝါဒများ၊ ၂၀၁၅ ရွေးကောက်ပွဲမူဝါဒများ အားလုံး တစ်သမတ်တည်းရှိခဲ့ပြီး လက်ရှိ၎င်းမူဝါဒများကို အကောင်အထည်ဖော်သောဖြစ်စဉ်ကို ဖြတ်သန်းနေပါကြောင်း ဖော်ပြရပါသည်။




## စားသုံးသူအန္တရာယ်ကင်းရှင်းရေး ပညာပေးဆွေးနွေး

**ကျွန်းလှ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက် လေးခုရှိ ဆေးဆိုင်များတွင် ဆေးဝါးအတုနှင့် တရား မဝင်ဆေးဝါးများ ရောင်းချခြင်း မရှိစေရန်စစ်ဆေးခြင်းနှင့် ဈေးဆိုင်များတွင် စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးခြင်းလုပ်ငန်းများကို ဇွန် ၈ ရက်က ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သောအဖွဲ့များက ဆေးဆိုင်များတွင် ဆေးဝါးအတုနှင့် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရန် စစ်ဆေးကြပြီး တရားဝင်ခွင့်ပြုထားသော ဆေးဝါးများသာရောင်းချရန် ဆေးဆိုင်ရှင်များအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပူးပေါင်းအဖွဲ့များသည် ရပ်ကွက်များရှိ ထမင်းဆိုင်နှင့် ဈေးဆိုင်များကိုလည်း စစ်ဆေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများကို ပညာပေးဆွေးနွေးကာ တားမြစ်ကုန်ပစ္စည်းများနှင့် ပတ်သက်သော ပညာပေးစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## သရက်ခရိုင်အတွင်း မှုခင်းကျဆင်းရေးဆွေးနွေး

**သရက် ဇွန် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် ရဲတပ်ဖွဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ရှင်းလင်းပွဲအခမ်းအနားကို သရက်ခန်းမ၌ ဇွန် ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်လွင်က အမှာစကားပြောကြားပြီး ရက် ၁၀၀ စီမံချက်နှင့်မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ ဝန်ဆောင်မှုကို ရှေးရှုသည့် ရဲလုပ်ငန်းကိုရှင်းလင်းပြီး တက်ရောက်လာသူများက တင်ပြဆွေးနွေးကြကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

ထင်သာမြင်သာပြုပြင်စရာ

# မိုးရေတိုက်စားမှုကြောင့် ရေထိန်းတမံဆည်ကျိုးပျက်၍ ဒေသခံများသောက်သုံးရေခက်ခဲ

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဆင်သားမွှေးကျေးရွာအုပ်စု ခက်လန်းကန်ကျေးရွာမှ ကျေးလက်နေပြည်သူများသည် နှစ်စဉ်သောက်သုံးရေ လုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် မိမိတို့ကျေးရွာရှိ မြေသားမိုးရေလှောင်ကန်ကြီးအား မှီခိုအားထားပြုနေရသည့်အပြင် ရေထိန်းတမံဆည်ကြီးအတွင်းမှ ရေကို သောက်သုံးရေအဖြစ် အသုံးပြုနေရကြောင်းသိရသည်။

သို့သော် အဆိုပါ ရေထိန်းတမံဆည်ကြီးမှာ ဇွန် ၆ ရက်က ရွာသွန်းခဲ့သည့်မိုးကြောင့် မိုးရေများတိုက်စားကာ ကျိုးပဲ့ပျက်စီးသွားခဲ့ကြောင်း၊ မိုးရေတိုက်စားမှုကြောင့် မိမိတို့ကျေးရွာအတွက် သောက်သုံးရေအခက်အခဲဖြစ်သွားသည့်အပြင် ကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းနေသည့် ချောင်းဖြစ်၍ ရေရှည်တွင် ချောင်းရေတိုက်စားမှုကြောင့် ချောင်းအနီးနေထိုင်သည့် ဒေသခံပြည်သူများအတွက် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့်အတွက် ကျိုးပဲ့ပျက်စီးခဲ့သည့် ရေထိန်းတမံဆည်အား အသစ်ပြန်လည် ပြုပြင်ပေးရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း ဆင်သားမွှေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မင်းကပြောသည်။



“ရေထိန်းတမံဆည် ကျိုးပဲ့ပြီး မိုးရေတိုက်စားမှုအရှိန်ကြောင့် အခုဆိုရင် ကျွန်တော်တို့ကျေးရွာမှာ ချောင်းအနီးရှိ လူနေအိမ်အချို့နဲ့ ဘုန်းတော်ကြီးကျောင်းဘက်သို့ ချောင်းရေများဦးတည်တိုက်စားနေပြီးဖြစ်ပါတယ်။ ဒါ့အပြင် တောင်သူတွေစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကိုလည်း မိုးရေတိုက်စားမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ လာရောက်ကွင်း ဆင်းကြည့်ရှုစစ်ဆေးပြီး ကျွန်တော်တို့ကျေးရွာအတွက် သောက်သုံးရေအပြင် မိုးရေတိုက်စားမှုအန္တရာယ်တွေ သက်သာစေဖို့အတွက် အမြန်ဆုံးပြုပြင်ပေးဖို့ ဒေသခံများက မျှော်လင့်နေပါတယ်” ဟု ခက်လန်းကန်ကျေးရွာမှ ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၉၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၆.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၃.၄၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၈၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၈၉၀ |
| တရုတ် | တစ်ယွမ် | ၁၈၁.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၉၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတကာစျေးကွက်နှင့် ယှဉ်ပြိုင်နိုင်မည့် ကျွမ်းကျင်လုပ်သားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့် သက်မွေးပညာသင်တန်းကျောင်းဖွင့်

**ရန်ကုန် ဇွန် ၉**

စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ချီးမြှင့်ရာ သင်တန်းကျောင်းခန်းမ၌ သင်တန်း ကျောင်း ကျောင်းအုပ်ကြီး Mr.Chong Chon Hsien နှင့် ဒုတိယကျောင်းအုပ် ဒေါက်တာဒေါ်မျိုးသီတာတို့က သင်တန်း ကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၊ စင်ကာပူသမ္မတနိုင်ငံ ပညာရေးဝန်ကြီး Mr. Ong Ye Kung နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးတို့က သင်တန်းကျောင်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး သင်တန်းကျောင်းအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် စင်ကာပူနှင့် မြန်မာ နှစ်နိုင်ငံ ပညာရေးဝန်ကြီးများက သင်တန်းကျောင်းစာကြည့်တိုက်အနီး၌ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကို အမှတ်တရစိုက်ပျိုးပေးကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းကို သက်မွေးပညာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များအား အထောက်အကူပြုနိုင်စေရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကဏ္ဍများ၏အရည်အသွေးနှင့် စွမ်းဆောင်ရည်များတိုးမြှင့်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာ ဆရာမများနှင့် မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာစျေးကွက်နှင့် ယှဉ်ပြိုင်လာနိုင်မည့် သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်



**စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းအတွင်း ကြည့်ရှုလေ့လာစဉ်**



လုပ်သားလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် သင်တန်းများကို စတင် ဖွင့်လှစ်ခဲ့သည်။

စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းသည် စင်ကာပူသမ္မတ နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တို့၏ နှစ်နိုင်ငံအစိုးရအကြား နက်ရှိုင်းသော ခင်မင်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့၏ အထိမ်းအမှတ် သင်္ကေတတစ်ခုဖြစ်ပြီး မြန်မာလူငယ် များ၏အသက်မွေးဝမ်းကျောင်း ပညာရေး ကိုပံ့ပိုးပေးရန် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က ယနေ့ ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး(ဝန်ကြီးများ ရုံး)သို့ရောက်ရှိပြီး အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးသည့် အထိမ်းအမှတ် ကျောက်စာတိုင်၊ ပါလီမန်ဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အခန်းတို့ကို ကြည့်ရှု လေ့လာကြရာ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန့်မြင့်ဦးက လိုက်လံ ရှင်းလင်းပြသသည်။ **(ဓာတ်ပုံ)**

စင်ကာပူဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်မြို့လယ်ရှိ အထင်ကရ သမိုင်းဝင် မဟာဗန္ဓုလပန်းခြံသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအနက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသရှိ စာစစ်ဌာနများမှ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇွန် ၉**

၂၀၁၆ ခုနှစ် မတ်လတွင်ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၁၁ ရက် (စနေနေ့)နံနက် ၆ နာရီတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်း အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများ အတွက် ယခင်နှစ်များကအစဉ်အလာအတိုင်း အောင်စာရင်းထွက်သည့်နေ့၌ မြန်မာ့အသံ၊ တိုင်းရင်းသားအစီအစဉ်များမှ နံနက် ၆ နာရီတွင် စတင်ထုတ်လွှင့် ကြေညာပေး မည်ဖြစ်ကြောင်း သိရသည်။

**ကချင်ပြည်နယ်**မှ ဆင်ဘို၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ ဆတုံး၊ ဖားကန့်၊ တာမခန်၊ လုံးခင်း၊ ကာမိုင်း၊ လွယ်ဂျယ်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန် စာစစ်ဌာန၊

**ကယားပြည်နယ်**မှ ရှားတော၊ ဒီးမော့ဆို၊ ဒေါ်ဖား၊ ဖရူဆို၊ ဘော်လခဲနှင့်ဖားဆောင်း စာစစ်ဌာန၊

**ကရင်ပြည်နယ်**မှ လိပ်သို၊ ဖာပွန်၊ ကမမောင်း၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ တံခွန်တိုင်၊ ကျိုက်ဒုံနှင့် သင်္ကန်းညိုနောင် စာစစ်ဌာန၊

**ချင်းပြည်နယ်**မှ ရိခေါဒါရ်၊ ကျီခါး၊ ထုတ်လိုင်၊ မင်းတပ်၊ ကန်ပက်လက်၊ ကျင်ဒွေး၊ မတူပီ၊ လိုင်လင်းပီ၊ ရေဇွာ၊ ပလက်ဝနှင့်ဆမီး စာစစ်ဌာန၊

**ရခိုင်ပြည်နယ်**မှ လက်ပံပြား၊ စေတီပြင်၊ လောင်းချောင်း၊ ကူတောင်၊ စစ်တော၊ ကပိုင်ချောင်း၊ ကွမ်းချောင်း၊ ဇင်းချောင်း၊ မာန်အောင်၊ ဇရပ်ကုန်းခင်၊ ကမား၊ ဂွ၊ ကျိန္တလီ၊ ဆပ်သွား၊ မောင်တော၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲနှင့် ဘူးသီးတောင် စာစစ်ဌာန၊

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**မှ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံ နှင့် မိုင်းပျဉ်း စာစစ်ဌာန၊

**ရှမ်းပြည်နယ်(မြောက်ပိုင်း)**မှ ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ နမ့်ဆန်(မ)၊ မန်တုံ၊ မိုးမိတ်၊ မကျည်းပင်၊ မဘိမ်းနှင့်ငါးအိုး စာစစ်ဌာန၊

**ရှမ်းပြည်နယ်(တောင်ပိုင်း)**မှ တင်းတက်၊ ဆောင်းပြောင်း၊ မိုင်းကိုင်၊ ကျေးသီး မံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ တုန်ဟုန်း၊ မောက်မယ်နှင့် မိုင်းပန် စာစစ်ဌာန၊

**တနင်္သာရီတိုင်းဒေသကြီး**မှ မေတ္တာ၊ ကတ္တလူ၊ စခန်းသစ်၊ ပုလော၊ ပလောက်၊ ပလ၊ ဘုတ်ပြင်းနှင့် ပြည်ကြီးမဏ္ဍိုင်စာစစ်ဌာန၊

**မကွေးတိုင်းဒေသကြီး**မှ ပေါက်၊ ဇီးပြား၊ ကိုင်းလယ်၊ ရေပြာ၊ နံ့သာ၊ စေတုတ္တရာ၊ တန့်လည်ကျင်း၊ ငဖဲ၊ ပဒါန်း၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ ကံကြီးနှင့် လောင်းရှည် စာစစ်ဌာန၊

**စစ်ကိုင်းတိုင်းဒေသကြီး**မှ လေရှီး၊ ဆွမ္မရာ၊ လဟယ်၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ သရောင်း၊ ရေအောက်တောင်း၊ မင်းယား၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊

**ရန်ကုန်တိုင်းဒေသကြီး**မှ ကိုကိုးကျွန်း စာစစ်ဌာနတို့ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စားမေးပွဲအောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ(၅၉၁၅ ကီလိုဟက်ဇ်)နှင့် လှိုင်းတို ၃၀ ဒသမ ၈၅ မီတာ (၉၇၃၀ ကီလိုဟက်ဇ် ) တို့မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ (၇၂၉ ကီလိုဟက်ဇ်)မှလည်းကောင်း၊ သက်ဆိုင်ရာတိုင်းရင်းသားဒေသအသီးသီးရှိ မြန်မာ့အသံရေဒီယို FM အစီအစဉ်များမှလည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

# မန္တလေးမြို့ ရေပေးရေးစနစ်ကောင်းမွန်စေရေး ပြင်သစ်မှ ချေးငွေ ယူရို သန်း ၄၀ ဖြင့် ဆောင်ရွက်မည်

**မန္တလေး ဇွန် ၉**

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ပြင်သစ်သံရုံးတို့ပူးပေါင်း၍ မြို့ပြဝန်ဆောင်မှုများ ပိုမိုအားကောင်း လာစေရန်နှင့် နည်းပညာဆိုင်ရာပံ့ပိုးမှု မြှင့်တင်နိုင်ရန်အတွက် ပထမဆုံးအကြိမ် ကျင်းပသည့် 2016 URBAN WATER MANAGEMENT အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ မန္တလေးမြို့ Hotel Marvel တွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ အဓိကမြို့ကြီးများရှိ မြို့ပြဝန်ဆောင်မှုများဆိုင်ရာ (တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အဓိက မြို့ကြီး ၁၅ မြို့) တာဝန်ရှိသူများအကြား လုပ်ရည်ကိုင်ရည်များ ပိုမိုအားကောင်း လာစေရန်၊ အတွေ့အကြုံဝေမျှရေးကို ပိုမို လွယ်ကူစေရန်နှင့် နည်းပညာဆိုင်ရာပံ့ပိုး မှုမြှင့်တင်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပြီး ဆွေးနွေးပွဲတွင် ၆ ရေစီမံခန့်ခွဲမှု ဆိုင်ရာ အကြောင်းအရာများ ဦးစားပေး ဆွေးနွေးခဲ့သည်။

“မြို့နယ်လေးမြို့နယ်ရဲ့ လူထုဟာ ၇၀ ရာခိုင်နှုန်းပဲ ရေရရှိနေတဲ့အတွက် ၉၀ ရာခိုင်နှုန်း ရေရရှိအောင်လုပ်မယ်။ ပြီးတော့ ၂၄ နာရီ ရေရရှိအောင် လုပ်ဆောင်မယ်။ ရေပေးစနစ်ကြီး ကောင်းဖို့ ယူရိုသန်း ၄၀ ကို ပြင်သစ် နိုင်ငံ ဖွံ့ဖြိုးရေးအေဂျင်စီကနေချေးပါ မယ်။ အခု ဆွေးနွေးပွဲဟာ မန္တလေးမြို့ အတွက် အထူးကောင်းမွန်တဲ့အစီအစဉ် ဖြစ်ပါတယ်” ဟု မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီအဖွဲ့ဝင် ဦးထွန်းကြည်က ပြောကြားသည်။

ပထမနေ့ဆွေးနွေးပွဲတွင် မြို့ပြစီမံခန့်ခွဲမှုကဏ္ဍနှင့်ဆက်နွယ်၍ လုပ်ငန်း လုပ်ကိုင်နေကြသော ပုဂ္ဂလိကနှင့် ပြည်သူများအပြင် နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများလည်း ပါဝင်ကြပြီး ဒုတိယနှင့် တတိယနေ့များတွင် အဓိကမြို့ကြီး ၁၅ မြို့မှ ရေနှင့် ပတ်သက်သည့် လုပ်ငန်းများဆိုင်ရာ တာဝန်ရှိသူများနှင့်တကွ ဖိတ်ခေါ်ထားသည့်နိုင်ငံတကာမှ ကျွမ်းကျင်သူများက ရေစီမံခန့်ခွဲမှုနှင့်ဆက်စပ်၍ နည်းပညာ၊ အတွေ့အကြုံများနှင့် အယူအဆများကို ဝေမျှဖလှယ် ဆွေးနွေးကြမည်ဖြစ်သည်။

“ရေစီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာတွေကို ဦးစားပေးဆောင်ရွက်သွားမယ်။ မြို့နယ်တိုင်းမှာ ရေနဲ့ပတ်သက်ပြီး ဒုက္ခမျိုးစုံရှိနေတယ်။ ဒါကြောင့် ဒီနှစ်မှာ ရေသန့်ရရှိဖို့အတွက် လုပ်မယ်။ ရေနဲ့ ပတ်သက်ပြီး ဆွေးနွေးအဖြေရှာမယ်” ဟု ပြင်သစ်သံရုံးမှ ယဉ်ကျေးမှုဆိုင်ရာ သံအရာရှိ ရှား(လ်)ဘွန်နော(မ်)က ဆက်လက်ပြောကြားသည်။

ပထမဆုံးအကြိမ် ကျင်းပသော အဆိုပါဆွေးနွေးပွဲတွင် သက်ဆိုင်ရာ မြို့နယ်များအလိုက် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြောင်းအရာများအတွက် သင့်လျော်သောနည်းလမ်းများ ရှာဖွေ သတ်မှတ်နိုင်ရေးကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကာ မြန်မာနိုင်ငံ မြို့ကြီးများကြား နီးနှောဖလှယ်မှုကွန်ရက်တစ်ခု ပေါ်ထွက်လာစေရန်နှင့် ပါဝင်ဆွေးနွေးသူများ အချင်းချင်းအတွေ့အကြုံများဝေမျှခြင်း၊ အပြန်အလှန်ပံ့ပိုးကူညီခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ လွှတ်တော်ရုံးများဖွဲ့စည်းရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၉**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များမှ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များအား ဆောင်ရွက်လျက်ရှိပြီး ယခင်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥပဒေတစ်ရပ် ပြဋ္ဌာန်း နိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ လွှတ်တော်ရုံးများ ဖွဲ့စည်းရေးကိစ္စရပ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ ဆွေးနွေးညှိနှိုင်း သဘောထားပေးစေလိုကြောင်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယကမန်းဝင်းခိုင်သန်းက ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေးတွင် ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီမိုကရေစီကျင့်စဉ်ဖော်ဆောင်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် လွန်စွာမှပင် အရေးကြီးကြောင်း၊ လွှတ်တော်များအားကောင်းမှ လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေသော ဥပဒေပြုရေးလုပ်ငန်းစဉ်ကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အပြန်အလှန်စောင့်ကြည့်ထိန်းကျောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် မိမိတို့၏ လုပ်ကိုင်နိုင်သည့် မူဘောင်အတွင်းမှသာ အထူးသတိပြုဆောင်ရွက်စေလိုကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ လုပ်ငန်းတာဝန်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်လွှတ်တော်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျင်ဖေက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား(၂)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြဋ္ဌာန်းနိုင်သည့် အကြောင်းအရာကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဝင်များဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြန်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းရေးအပါအဝင် လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ယင်းဆွေးနွေးချက်များအပေါ် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Kirk Wagar ဦးဆောင်သော စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည်ကြီးများအသင်း၏ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ စင်ကာပူနိုင်ငံရှိ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Kirk Wagar ဦးဆောင်သော စင်ကာပူနိုင်ငံရှိ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# E-Government လုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇွန် ၉**

E-Government လုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင် (I-1) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဝင်များ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Myanmar Payment Union တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ရေရှားပါးမှုမရှိစေရေး မိုးရေသိုလှောင်ကန် ဆောင်ရွက်ပေး

ပေါက် ဇွန် ၉ ပေါက်မြို့နယ် တဲတော်ယာကျေးရွာအုပ်စု တာချောင်းကျေးရွာနေပြည်သူများ ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေကျပ် ၇၅ သိန်းဖြင့် ရက် ၁၀၀ စီမံချက်အဖြစ် ကျေးလက်နေပြည်သူများ နှစ်စဉ် သောက်သုံးရေအတွက် မှီခိုအားထားပြုနေရသည့် မြေသားမိုးရေလှောင်ကန်ကြီး သောက်သုံးရေပိုမိုအသုံးပြုနိုင်ရေးအတွက် မေလဆန်းပိုင်းက စတင်၍ အလျား ပေ ၂၀၀၊ အနံ ပေ ၁၅၀၊ အမြင့် လေးပေခန့် အသစ်ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အသစ်တိုးချဲ့ပြုပြင်ပေးသွားမည့် မြေသားမိုးရေလှောင်ကန်ကြီးကို မိုးဦးကျလာပြီဖြစ်၍ လုပ်ငန်းအမြန်ပြီးစီးနိုင်ရန်နှင့် ကျေးလက်နေပြည်သူများ သောက်သုံးရေအတွက် လက်တွေ့အကျိုးရှိစွာ အသုံးပြုနိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယခု အဆိုပါမြေသားရေလှောင်ကန်ကြီး ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်ဦးထံမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ ပပျောက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကော်မတီသို့ အစီရင်ခံစာတင်သွင်းမည်

**နေပြည်တော် ဇွန် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် UN Women တို့သည် အခြားကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ ပပျောက်ခြင်းဆိုင်ရာ သုံးသပ်ကြားနာမှု အစည်းအဝေးအတွက် ကြိုတင်လေ့ကျင့်မှုဆိုင်ရာ အစည်းအဝေးကို ဇွန် ၉ ရက်တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "မြန်မာနိုင်ငံသည် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးရေး၊ အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများ ပပျောက်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၃-၂၀၂၂)ကို အဓိကနယ်ပယ် ၁၂ ရပ် ထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိရာ ကျားမရေးရာဆိုင်ရာ ရည်မှန်းချက်များအပါအဝင် ကမ္ဘာနှင့်အဝန်း သဘောတူထားသည့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေးရည်မှန်းချက်များဆီသို့ ဦးတည်သွားလျက်ရှိကြောင်း၊ မြန်မာအစိုးရသည် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ ပပျောက်ရေးဆိုင်ရာ ကော်မတီသို့ တင်သွင်းမည့် အစီရင်ခံစာရေးသားရေးအဖွဲ့ကို လူမှုဝန်ထမ်းဦးစီးဌာနက ညှိနှိုင်းဦးဆောင်ပြီး ဝန်ကြီးဌာနပေါင်းစုံ ပါဝင်ဖွဲ့စည်းခဲ့ကာ ယင်းအစီရင်ခံစာကို ကုလသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူခဲ့ပြီး အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ ပပျောက်ရေးဆိုင်ရာ ကော်မတီသို့ အချိန်မီတင်သွင်းနိုင်ခဲ့ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ယခု အခွင့်အလမ်းကို အသုံးပြုပြီး အချက်အလက်များကို တတ်နိုင်သမျှ စုဆောင်းကာ မိမိတို့လုပ်ဆောင်ချက်ကောင်းများကို ပြသရန်နှင့် ကျားမရေးရာတန်းတူညီမျှမှုအတွက် အခက်အခဲများကို တတ်နိုင်သမျှ စုပေါင်းဖြေရှင်းရန်မှာကြားသည်။

ဆက်လက်၍ Dr. Jean D' Cunha, Head of UN Women က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး တစ်ရက်တာ ပြင်ဆင်ခြင်း အစည်းအဝေးကို စတင်သည်။

အဆိုပါ ကြိုတင်လေ့ကျင့်မှုဆိုင်ရာ အစည်းအဝေးသည် မြန်မာပြည်မှ ကိုယ်စားပြုသွားရောက်ကြမည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ ပပျောက်ခြင်းဆိုင်ရာ သုံးသပ်ကြားနာမှု အစည်းအဝေး၌ ကျားမရေးရာ ညီမျှမှုနှင့် အမျိုးသမီးအခွင့်အရေးတို့နှင့် ပတ်သက်၍ အစီရင်ခံမှုများပြုလုပ်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်သည်။ အစိုးရကိုယ်စားပြု ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၆ ရက်တွင် ပြုလုပ်မည့် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ ပပျောက်ခြင်းဆိုင်ရာ သုံးသပ်ကြားနာမှု အစည်းအဝေးသို့ တက်ရောက် အစီရင်ခံကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး ကို စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- |
| (က) ဦးဝင်းတင့် | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အအုံဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) ဦးဝင်းဖေ | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေစိစစ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင် ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေနံဓာတ်ငွေ့ရည်လက်လီအရောင်းဆိုင်များကို ယာယီလိုင်စင်များထုတ်ပေးနေ

**ရန်ကုန် ဇွန် ၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်များကို ယနေ့နံနက်မှစတင်၍ ယာယီလိုင်စင်များ ထုတ်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးမှ သိရသည်။

"အခု ယာယီလိုင်စင်ချထားပေးတဲ့ ဆိုင်တွေကို ဒီနှစ်မကုန်ခင် နှစ်လလောက်အလို ကာလအတွင်းမှာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးမှုတွေလုပ်သွားမယ်။ စည်းကမ်းချက်နဲ့ညီတဲ့ ဆိုင်တွေကို လိုင်စင်ကြီး ချပေးသွားမှာဖြစ်တယ်။ အဲဒီအချိန်ကျရင်တော့ လိုင်စင်ကြေးကို ပေးဆောင်ရမှာဖြစ်ပါတယ်"ဟု မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းရုံး ကုန်ထုတ်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်သော်က ပြောသည်။

ထိုသို့ ယာယီလိုင်စင်ချထားပေးမှုကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရက်ပေါင်း ၁၀၀ စီမံချက်တွင် တစ်ခုအပါအဝင်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည် ဆလင်ဒါများကို လက်လီဖြန့်ဖြူးခြင်းလုပ်ငန်းအား ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရန်အတွက် အသိပညာပေးဆွေးနွေးမှုများပြုလုပ်၍ ဇူလိုင် ၃၁ ရက်နေ့အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပေးနေသည့် ယာယီလိုင်စင်များသည် ဒီဇင်ဘာ ၃၁ ရက်အထိသာ သက်တမ်းရှိပြီး အဆိုပါအရောင်းဆိုင်များကို ယခုနှစ်မကုန်မီကာလအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများပြုလုပ်၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ထပ်မံဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် လိုင်စင်(ဃ)နှင့် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် လိုင်စင် (င) တို့ကို စိစစ်ခွင့်ပြုပေးသွားမှာဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

"အကျိုးသက်ရောက်မှု အနေနဲ့ တရားမဝင် ရောင်း၊ ဝယ်မှုတွေ ပပျောက်သွားတဲ့အပြင် စည်းစနစ်တကျနဲ့ ဘေးအန္တရာယ်ကင်းရှင်းစွာ ရောင်း၊ ဝယ်မှုတွေ လုပ်ဆောင်နိုင်ရမယ်။ ဒါ့အပြင် ဘေးန္တရာယ် ကင်းရှင်းဖို့အတွက်ကိုလည်း စည်းကမ်းချက်တွေထဲမှာ ထည့်ထားတဲ့အတွက် ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာပါ။ တရားမဝင် ရောင်း၊ ဝယ်နေတဲ့သူတွေ ရှိရင်လည်း တည်ဆဲဥပဒေအရ အရေးယူသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ လတ်တလောကာလတွင် ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအား ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသိပညာပေးရှင်းလင်းဆွေးနွေးမှုများပြုလုပ်၍ ယာယီလိုင်စင် လာရောက်လျှောက်ထားသူ လုပ်ငန်းရှင် ၁၈၆ ဦးအား ယာယီလိုင်စင်များ ချထားပေးလျက်ရှိသည့်အပြင် ထပ်မံ လာရောက်လျှောက်ထားသူများလည်းရှိကြောင်း သိရသည်။ ယခင်က အဆိုပါဆိုင်များသည် ရေနံနှင့်ဓာတ်ငွေ့ရောင်း၊ ဝယ်ခွင့် မရှိသော်လည်း ရေနံ၊ ဓာတ်ငွေ့ မီးဖိုနှင့် ဆက်စပ်ပစ္စည်းများရောင်း၊ ဝယ်ရေးအတွက်သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# အမြန်လမ်းမကြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၉**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြည်သူ့အတွက် ရက် ၁၀၀ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမြန်လမ်းမကြီးဘေး ဝဲ/ယာအနီးရှိ ကျေးရွာများနှင့် ကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်ခြင်း၊ တိုးဂိတ်များတွင် ဖြတ်သန်းသွားလာသည့်ယာဉ်များနှင့် ယာဉ်ပေါ်ပါ ခရီးသည်များအား အသိပညာပေး ဆောင်ရွက်ခြင်း၊ Express ယာဉ်၊ Light Truck ယာဉ်၊ High Jet ယာဉ်၊ ကိုယ်ပိုင်ယာဉ်ငယ်များအား သတ်မှတ်မိုင်နှုန်းနှင့်အညီ မောင်းနှင်စေရန် အသိပညာပေး ဆောင်ရွက်ခြင်း၊ B-Smart တပ်ဆင်ထားသည့် Express ယာဉ်နှင့် ကုန်တင်ယာဉ်များအား သတ်မှတ်မိုင်နှုန်းနှင့် ခွင့်ပြုကုန်စည်တင်ဆောင်ခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေး(ကြီးကြပ်ရေး) အဖွဲ့များ ပူးပေါင်း၍ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ဆေးရေးအမှတ်အသားများ ရေးဆွဲဆောင်ရွက်ခြင်း၊ ယာဉ်မတော်တဆမှုအဖြစ်များသည့် Black Spot ဧရိယာများသတ်မှတ်၍ ပြုပြင်ဆောင်ရွက်ခြင်း၊ မိုးတွင်းကာလ ရေဝပ်ဧရိယာများရှိသဖြင့် အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သတိပေးဆောင်ရွက်ခြင်း၊ အမြန်လမ်းမကြီးပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ ယာဉ်များအား ဖြတ်သန်းမောင်းနှင်ခြင်း မရှိစေရေးအတွက် ရဲစခန်းအပိုင်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ပြီး ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်ခွင့်မရှိသည့် ကျွဲ၊ နွားများ ထိန်းကျောင်းနေမှုနှင့် ဖြတ်သန်းသွားလာမှုများ မရှိစေရေးအတွက် အသိပညာပေးခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ သန့်စင်ခန်းများတွင် ယာဉ်များ ထပ်၍ ရပ်နားခြင်းမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ အမြန်လမ်းမကြီးတစ်လျှောက် နေ့၊ ည လှည့်ကင်းများ ဆောင်ရွက်၍ အမြန်လမ်းမကြီး အသုံးပြု သွား၊ လာသည့် ပြည်သူများအား စိတ်ချမ်းမြေ့စွာဖြင့် ကြောင့်ကြမှုကင်းစွာ ခရီးဆက်နိုင်ရေးအတွက် အကူအညီပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ရန်ကုန်-မန္တလေး အဝေးပြေးလမ်းပိုင်းတစ်နေရာကို တွေ့ရစဉ် Photo - MOC

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၆-၆-၂၀၁၆ ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၉-၅-၂၀၁၆ ရက်မှ ၂၀ -၅-၂၀၁၆ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ငါးဦး ပေါင်း ရှစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ သုံးဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ မဂ္ဂဇင်းထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားလာသူတစ်ဦးကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၃၉ ဦး၊ထုတ်ဝေခြင်းလုပ်ငန်း ၁၈၀၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၁၇၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ မဂ္ဂဇင်းအသစ်လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း



**တောင်ကြီး ဇွန် ၉**

လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဇွန် ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဇွန် ၇ ရက်က သင်တန်းဆင်းပွဲ ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းတွင် တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ စိတ်ဝင်စားသူ သင်တန်းသား သင်တန်းသူ ၂၀ တို့အား အလှကုန်ထုတ်လုပ်နည်း ၁၆ မျိုးနှင့် လူသုံးကုန်ထုတ်လုပ်နည်း ၁၅ မျိုးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အကျိုးသက်ရောက်မှုရှိသော နယ်နိမိတ် စည်းရိုးကာရံခြင်း

**မြင့်ကျော် (ဇလွန်)**

ကမ္ဘာပေါ်တွင် နိုင်ငံများ၏ နယ်နိမိတ်အပိုင်းအခြားများကို သတ်မှတ်ပြီး မိမိနိုင်ငံ၏ လုံခြုံရေးအပါအဝင် နိုင်ငံ၏ မူဝါဒများ၊ ကူးလူးဆက်ဆံမှုများနှင့် ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုများ အစရှိသည် တို့ကို ကာကွယ်ထိန်းသိမ်းလျက်ရှိကြသည်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ထိစပ်နေသော နယ်နိမိတ်များတွင် အချုပ်အခြာအာဏာ လွတ်ကင်းမှု၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းများနှင့် ဒုစရိုက်မှုများ ပေါ်များတတ်သည်ကို ခေတ်အဆက်ဆက်တွင် လေ့လာတွေ့ရှိနိုင်သည်။ နိုင်ငံများတွင် နယ်နိမိတ်ကို စည်းရိုးကာရံခြင်းမှာ စည်းရိုးများသည် အဆိုပါ အားနည်းချက်များကို ဖြေရှင်းလိုကြ၍ ဖြစ်သည်။

**အရေးကြီးသော လုပ်ငန်းစဉ်**

နယ်နိမိတ်ချင်း ထိစပ်နေကြသော နိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စစ်ရေး၊ နယ်နိမိတ်ပိုင်ဆိုင်မှုပြဿနာအစရှိသည့် အရေးပေါင်းများစွာ ပတ်သက်ဆက်နွှယ်မှုရှိနေသဖြင့် နယ်နိမိတ် စည်းရိုးသတ်မှတ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ အရေးကြီးဆုံးသော လုပ်ငန်းစဉ်ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအများစုက လက်ခံယုံကြည်ထားကြသည်။

ကမ္ဘာပေါ်တွင် မိမိနိုင်ငံ၏ နယ်နိမိတ်အပိုင်းအခြားများကို လုံခြုံစိတ်ချမှုရှိစေရေးအတွက် နယ်နိမိတ်ခြံစည်းရိုးများခတ်ပြီး နိုင်ငံသူ/နိုင်ငံသားများ၏ စိတ်ခံစားမှုကို လုံခြုံမှုပေးနိုင်ရန် ဆောင်ရွက်ခဲ့ကြသော နိုင်ငံများစွာရှိသည်။ ထိုသို့နိုင်ငံ၏ နယ်နိမိတ်ကို စည်းရိုးများကာရံခြင်းကြောင့် ကုန်ကျရသည့်စရိတ် တန်ဖိုးများထက် မိမိနိုင်ငံသားများ၏ လုံခြုံရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် ယုံကြည်မှုကို ဦးစားပေးကြသော နိုင်ငံများစွာရှိနေကြောင်းလည်း လေ့လာတွေ့ရှိရသည်။

**နိုင်ငံပေါင်း ၇၂ နိုင်ငံ**

ကမ္ဘာပေါ်တွင် နိုင်ငံနယ်နိမိတ်များကို ခြံစည်းရိုးများကာရံပြီး မိမိတို့နိုင်ငံများ၏ လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်နေကြသော နိုင်ငံများစွာရှိသည်။ ယင်းသို့မိမိနိုင်ငံ၏ အကျိုးစီးပွားကို ရှေးရှုပြီး နိုင်ငံနယ်နိမိတ် ခြံစည်းရိုးကာရံ ဆောင်ရွက်မှုများမှာ အာရှတိုက်တွင် ၂၃ နိုင်ငံ၊ အာဖရိကတိုက်တွင် ၁၃နိုင်ငံ၊ ဥရောပတိုက်တွင် ၁၇ နိုင်ငံ၊ တောင်အမေရိကတိုက်တွင် ၁၂ နိုင်ငံနှင့် မြောက်အမေရိကတိုက်တွင် ခုနစ်နိုင်ငံ စုစုပေါင်း ၇၂ နိုင်ငံရှိကြောင်းကို The Economist မဂ္ဂဇင်းကြီးက ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် စုစည်းဖော်ပြခဲ့သည်။

အဆိုပါ သတင်းအချက်အလက်အဖွဲ့၏ ဖော်ပြမှုတွင် ကမ္ဘာပေါ်ရှိ နယ်နိမိတ်ခြံစည်းရိုးများကာရံကြသော နိုင်ငံများတွင် စတင်အခြေတည်ဖြစ်ပေါ်သည့် နိုင်ငံများကိုလည်း ဖော်ပြထားသည်။ ထိုသို့ စတင်အခြေတည်ဖြစ်ပေါ်သော နိုင်ငံစုစုပေါင်းမှာ ၃၄ နိုင်ငံအထိရှိသည်။

**နယ်နိမိတ်ခြံစည်းရိုးအများဆုံးကာရံသောနိုင်ငံ**

ကမ္ဘာပေါ်တွင် နယ်နိမိတ် ခြံစည်းရိုးအများဆုံး ကာရံနေသော နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ဘိုလီဗီးယား၊ ပါရာဂွေး၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဖရန့်ဂူရီယာနာ၊ ဂူယားနား၊ ပီရူး၊ Suriname၊ ဥရုဂွေး၊ ဗင်နီဇွဲလား အစရှိသော နိုင်ငံပေါင်း ၁၀ နိုင်ငံနှင့် နယ်နိမိတ် ခြံစည်းရိုးကာရံမှုကို ၂၀၀၇ ခုနှစ်တွင် ဘိုလီဗီးယားနှင့် ပါရာဂွေးတို့နှင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကျန်ရှိနိုင်ငံနှင့် ခြံစည်းရိုးကာရံမှုကို ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ကြေညာထားသည်။ ဘရာဇီးနိုင်ငံအနေဖြင့် အဆိုပါ ၁၀ နိုင်ငံနှင့် ခြံစည်းရိုးကာရံရခြင်း၏ အဓိကအကြောင်းအရင်းမှာ တရားမဝင် ရွှေ့ပြောင်းသွားလာမှုနှင့် တရားမဝင်ကုန်သွယ်မှုများကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။



**ခြံစည်းရိုးကာရံပြီး နိုင်ငံများ**

ကမ္ဘာပေါ်တွင် နိုင်ငံနယ်နိမိတ် ခြံစည်းရိုးကာရံပြီးဖြစ်သော နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘား (၁၉၆၄)၊ ဘော့စ်ဝါနာနှင့်ဇင်ဘာဘွေ (၂၀၀၈)၊ တောင်အာဖရိကနှင့် မိုဇမ်ဘစ်ကျူ (၁၉၇၅)၊ မော်ရိုကိုနှင့် အနောက်ဆာဟာရ (၁၉၈၇)၊ အယ်လ်ဂျီးရီးယားနှင့် မော်ရိုကို (၁၉၆၂)၊ စပိန်နှင့် မော်ရိုကို (၂၀၀၅)၊ အီဂျစ်နှင့် ဂါဇာကမ်းမြှောင်ဒေသ(၂၀၀၉)၊ ဗြိတိန်နှင့် ပြင်သစ်(၂၀၁၅)၊ ဆွီဒင်နှင့်ဒိန်းမတ်(၂၀၁၅)၊ ဟန်ဂေရီနှင့် ဆားဗီးယား(၂၀၁၅)၊ ဘူလ်ဂေးရီးယားနှင့် တူရကီ(၂၀၁၄)၊ ဂရိနှင့် တူရကီ(၂၀၁၂)၊ အီရန်နှင့် ပါကစ္စတန် (၂၀၁၁)၊ အီရန်နှင့် အီရတ်(၂၀၁၅)၊ ဆော်ဒီအာရေဗျနှင့် ယီမင်(၂၀၀၄)၊ ဆော်ဒီ အာရေဗျနှင့် အီရတ် (၂၀၁၄)၊ အိန္ဒိယနှင့် ပါကစ္စတန် (၂၀၀၄)၊ တရုတ်နှင့် မြောက်ကိုရီးယား(၂၀၁၂)၊ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား (၁၉၇၉)၊ ထိုင်းနှင့် မလေးရှား(၂၀၁၃) တို့ဖြစ်ကြသည်။

နိုင်ငံနယ်နိမိတ်များတွင် ခြံစည်းရိုးကာရံမည်ဟု ကြေညာထားပြီး လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော နိုင်ငံများမှာ မက္ကဆီကိုနှင့် ဂွာတီမာလာ၊ ဘရာဇီးနှင့် အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဖရန့်ဂူရီယာနာ၊ ဂူယားနား၊ ပီရူး၊ Suriname၊ ဥရုဂွေး၊ ဗင်နီဇွဲလား၊ နမီးဗီးယားနှင့် အန်ဂိုလာ၊ ကင်ညာနှင့် ဆိုမာလီယာ၊ အယ်လ်ဂျီးရီးယားနှင့် လစ်ဗျား၊ အက်စတိုးနီးယားနှင့် ရုရှား၊ လတ်ဗီးယားနှင့် ရုရှား၊ ဩစတြေးလျနှင့် စလိုဗေးနီးယား၊ အီတလီ၊ ဟန်ဂေရီနှင့် ရိုမေးနီးယား၊ ခရိုအေးရှား၊ ယူကရိန်းနှင့် ရုရှား၊ အီရန်နှင့် တူရကီ၊ ဆော်ဒီအာရေဗျနှင့် ကာတာ၊ ပါကစ္စတန်နှင့် အာဖကန်နစ္စတန်၊ အိန္ဒိယ၊ မြန်မာ၊ ဘူတန်၊ မလေးရှားနှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ထိုင်း စသည် တို့ဖြစ်ကြသည်။

အိန္ဒိယနှင့် မြန်မာ နယ်နိမိတ်ခြံစည်းရိုးကာရံမှုဆောင်ရွက်မည်ဟု ၂၀၀၃ ခုနှစ်တွင် စတင်ကြေညာခဲ့ကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်ခြံစည်းရိုး ကာရံခြင်းကိုမူ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ဆောင်ရွက်လျက်ရှိသော်လည်းပြီးစီးခြင်းမရှိသေးကြောင်း The Economist မဂ္ဂဇင်းကြီးက ဖော်ပြထားသည်။

**ခြံစည်းရိုးကာရံရသည့် အကြောင်းရင်းများ**

နယ်နိမိတ်ခြံစည်းရိုးများ ကာရံခဲ့ကြသောနိုင်ငံများနှင့် ကာရံမှုဆောင်ရွက်နေဆဲနိုင်ငံများတွင် မည်သည့် အကြောင်းရင်းများကြောင့် နယ်နိမိတ်ခြံစည်းရိုးများ ကာရံကြသည်ကို လေ့လာကြည့်ရာ အဓိကအခြေခံအကြောင်းရင်းများမှာ တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့် ကုန်သွယ်မှု၊ မူးယစ်ဆေးဝါး ကိစ္စများ၊ နယ်မြေပိုင်ဆိုင်မှုနှင့် အငြင်းပွားမှုများ၊ လုံခြုံရေးပဋိပက္ခကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော်ရောဂါကူးစက်မှု လျှော့ချရေးတို့အတွက်ဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံများအလိုက် နယ်နိမိတ်ခြံစည်းရိုး ကာရံခြင်းများတွင် နောက်ဆက်တွဲ လုပ်ဆောင်မှုများအဖြစ် နယ်စပ်ခြံစည်းရိုးများတွင် လျှပ်စစ်များလွှတ်ထားခြင်း၊ စောင့်ကြည့်ကင်မရာများ တပ်ဆင်ထားခြင်း၊ အချက်ပြကိရိယာများ တပ်ဆင် ထားခြင်း၊ ကင်းလှည့်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စောင့်ကြည့်လှည့်လည်ခြင်းနှင့် တစ်ခါတစ်ရံ မြေမြှုပ်မိုင်းထားရှိခြင်းများလည်း ဆောင်ရွက်နေကြောင်း ကြားသိရပါသည်။

**အကျိုးသက်ရောက်မှု**

နယ်နိမိတ်ခြံစည်းရိုးများဖြင့် ကာကွယ်ထားသည့်စနစ်မှာ ပြိုင်ဘက်ကင်းပြီး လုပ်ဆောင်သင့်သော နည်းလမ်းများဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအများစုက လက်ခံယုံကြည်ထားကြသည်။ နိုင်ငံရေးစနစ်၊ နိုင်ငံခြားရေး မူဝါဒ၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်နိုင်စွမ်း၊ လူ့အခွင့်အရေးသဘောထားအမြင်များအပြင် နိုင်ငံတစ်နိုင်ငံ၏ အခြားသော အရေးကိစ္စများအပေါ်တွင်လည်း နယ်နိမိတ်ခြံစည်းရိုးကာရံခြင်းက အကျိုးသက်ရောက်မှုရှိကြောင်း နားလည်လက်ခံထားကြသည်။

နယ်နိမိတ်စည်းရိုးကာရံမှုများတွင် မိမိနိုင်ငံ၏ အရပ်မျက်နှာအားလုံးကို စည်းရိုးခတ်ကာရံသော နိုင်ငံမှာ ကမ္ဘာပေါ်တွင် အလွန်ရှားပါးလှသည်။ ခြံစည်းရိုးခတ်ရသည့် နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးကိစ္စရပ်များအတွက်ကြောင့်သာ အဓိက ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိနိုင်ပါသည်။ နိုင်ငံများအလိုက် နယ်နိမိတ်ခြံစည်းရိုး ကာရံကြခြင်းဖြင့် မလိုလားအပ်သော နောက်ဆက်တွဲ ပြဿနာများကိုလည်း ကြိုတင်ဖြေရှင်းဆောင်ရွက်ထားပြီးသားဖြစ်ကြောင်း လက်ခံနားလည်ထားကြသည်။

ကမ္ဘာပေါ်တွင် နိုင်ငံနယ်နိမိတ်ခြံစည်းရိုး ကာရံထားသောနိုင်ငံများ၏ အတွေ့အကြုံများအပေါ် မူတည်ပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံလုံခြုံရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို နိုင်ငံအများစုက လေ့လာဆောင်ရွက်စောင့်ကြည့်ပြီး သုံးသပ်လျက်ရှိနေကြပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**နယ်နိမိတ်ခြံစည်းရိုးများဖြင့် ကာကွယ်ထားသည့်စနစ်မှာ ပြိုင်ဘက်ကင်းပြီး လုပ်ဆောင်သင့်သော နည်းလမ်းများဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအများစုက လက်ခံယုံကြည်ထားကြသည်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ် ခြံစည်းရိုး ကာရံမှုလုပ်ငန်းများအတွက် ဘတ်ဂျက်များ ဖြတ်တောက်မှုမရှိသည့်အပြင် မြေပြင်တွင်လည်း လုပ်ငန်းများဆက်လက်လုပ်ကိုင်နေ

**နေပြည်တော် ဇွန် ၉**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြား ခြံစည်းရိုးကာရံမှုလုပ်ငန်းများအတွက် ချထားပေးသည့် ဘတ်ဂျက်ကို ဖြတ်တောက်ခြင်းမရှိသည့်အပြင် လက်တွေ့မြေပြင်တွင်လည်း ခြံစည်းရိုးကာရံမှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေပြီဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးထံမှ သိရှိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဘတ်ဂျက်တွင် နယ်စပ်ခြံစည်းရိုးကာရံရန်အတွက် ငွေကျပ်သန်းပေါင်း ၅၅၄၄ ဒသမ ၈၂၃ သန်း (၅ ဒသမ ၅ ဘီလီယံကျော်)ကို ခွဲဝေလျာထားခဲ့ကြောင်း သိရသည်။

ယင်းငွေကို ပြီးခဲ့သည့်အစိုးရလက်ထက်က ပထမအကြိမ်လွှတ်တော်တွင် ဘတ်ဂျက်ခွဲဝေမှု အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအစိုးရသစ်တက်လာပြီး ဘတ်ဂျက်များ ပြန်လည်စိစစ်မှုလုပ်သော်လည်း မူလဘတ်ဂျက်တွင် ခွဲဝေထားသည့် နယ်စပ်ခြံစည်းရိုးကာရံရန် ခွဲဝေပေးထားသည့် ငွေကျပ် ၅ ဒသမ ၅ ဘီလီယံကျော်ကိုမူ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်း မပြုခဲ့ကြောင်း ဦးဇော်ဌေးက ဆိုသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းနှင့်ပတ်သက်၍ ဘတ်ဂျက်ဖြတ်တောက်လိုက်သည်ဟု ဖေ့စ်ဘွတ်ခ် အပါအဝင် အတည်ပြုနိုင်ခြင်းမရှိသည့် သတင်းများစွာထွက်ပေါ်နေပြီး နယ်စပ်လုံခြုံရေးကို စိုးရိမ်ပူပန်ကြသဖြင့် ဝေဖန်ပြောကြားနေမှုများအပြင် သတင်းဌာနအချို့က နယ်စပ်ခြံစည်းရိုး ဘတ်ဂျက်အကြောင်း မေးမြန်းလာခြင်းများကြောင့် ယခုကဲ့သို့ ရှင်းလင်းရခြင်းဖြစ်ကြောင်းနှင့် ပထဝီနိုင်ငံရေးအရ နယ်စပ်နယ်နိမိတ်များ လုံခြုံရေးသည် အမျိုးသားလုံခြုံရေးဖြစ်သည်ကို အစိုးရအဆက်ဆက် အလေးထားဆောင်ရွက်သွားကြရမည်သာဖြစ်ကြောင်း ဦးဇော်ဌေးက ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်။

ဆက်လက်၍ "မြန်မာ -ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းကို ၂၀၀၉ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စစ်ထောက်ချုပ်ရုံးကို အလုပ်အပ်နှံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘတ်ဂျက်ကို ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ငွေလုံး ငွေရင်းတွင် ထည့်သွင်းတောင်းခံပြီး ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ခြံစည်းရိုးကာရံရန် စစ်ထောက်ချုပ်ရုံးအောက်ရှိ စစ်အင်ဂျင်နီယာတပ်များသို့ အလုပ်အပ်နှံရကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ အဆင့်(၄)ဆင့်ကို တောက်လျှောက်ဆောင်ရွက်ခဲ့ ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ မူလဘတ်ဂျက်လျာထားချက်တွင် မပါဝင်သဖြင့် ဖြည့်စွက်ဘတ်ဂျက်တွင် ထည့်သွင်းတောင်းခံခဲ့သော်လည်း မရခဲ့ကြောင်း၊ ဖြည့်စွက်သုံးစွဲမှုများကို စိစစ်၍ နောက်နှစ်ဘတ်ဂျက်အသစ်တွင် ထည့်သွင်းတောင်းခံရန် စီစဉ်ခဲ့ကြောင်း၊ နယ်ခြားခြံစည်းရိုးကာရံမှု လုပ်ငန်းများအတွက် ချထားပေးသည့် ဘတ်ဂျက်ကို ဖြတ်တောက်ခြင်းမရှိသည့်အပြင် မြေပြင်တွင်လည်း ခြံစည်းရိုးကာရံလုပ်ကိုင်နေပါကြောင်း" ဦးဇော်ဌေးက ရှင်းလင်းဖော်ပြထားသည်။

**ညီညီ**



မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်တွင် ယခုကဲ့သို့ ကင်းလှည့်စောင့်ကြပ်လျက်ရှိပြီး ခြံစည်းရိုးကာရံထားသည်ကို တွေ့ရစဉ်

# မီးဘေးသင့်ခဲ့သော ရန်ကုန်မြို့မင်္ဂလာဈေးကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၉**

ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းသတ်မှတ်ဆောင်ရွက် ဖြေရှင်းပြီးမှသာ ဘုရားသုံးဆူဒေသတွင် ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ရှိ နယ်ခြားဂိတ်ပိတ်ထားခြင်းအား ဖွင့်လှစ်ရန် ရှိ၊ မရှိ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာဥပဒေအရ အတိအကျတိုင်းတာသတ်မှတ်မှု မပြုလုပ်ရသေးသည့် အငြင်းပွားနယ်နိမိတ်တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပါက လက်ရှိမြေပြင်တွင်ရှိနေသည့် နယ်နိမိတ်ကို အသိအမှတ်ပြုရာရောက်နေသဖြင့် မိမိပိုင်နက်နယ်မြေများ ဆုံးရှုံးနိုင်ကြောင်းနှင့် လက်ရှိဘုရားသုံးဆူအခြေအနေမှာ အတိမ်းအစောင်းမခံဘဲ မိမိဘက်မှ နယ်မြေဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်သဖြင့် ဘုရားသုံးဆူဒေသ အငြင်းပွားနယ်နိမိတ်ကို ရှင်းလင်းစွာဖြေရှင်းပြီးမှသာ တိုင်းတာသတ်မှတ်ရေးဆောင်ရွက်ရန် သင့်လျော်ကြောင်း။

ဘုရားသုံးဆူဒေသကို မြန်မာနိုင်ငံအစိုးရဘက်မှ နယ်မြေစိုးမိုးမှုပြန်လည်ရယူချိန်တွင် ထိုင်းဘက်က မြန်မာပိုင်နယ်မြေများတွင် အဆောက်အအုံများဆောက်လုပ်ထားသည့်အပြင် အဝေးပြေးကားလမ်းကို မြန်မာပိုင်နယ်မြေအတွင်း ဖောက်လုပ်ထားခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေးတိုးမြှင့်ရေး စသည့် အကြောင်းပြချက်များ အသုံးပြုကာ ဘုရားသုံးဆူဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရေး၊ နယ်စပ်ဂိတ်အဆင့်မြှင့်တင်ရေးကို ထိုင်းဘက်ကတင်ပြခဲ့သော်လည်း မြန်မာဘက်မှ လက်ခံခြင်းမရှိခဲ့ကြောင်း။

ဘုရားသုံးဆူအပါအဝင် မြန်မာ-ထိုင်း နယ်နိမိတ်တစ်လျှောက်ရှိ တိုင်းတာရန် ကျန်ရှိနေသည့် အစိတ်အပိုင်းအားလုံးကို ပူးတွဲတိုင်းတာသတ်မှတ်ရန် ညှိနှိုင်းဆောင်ရွက်သွားရန်ရှိသဖြင့် ဘုရားသုံးဆူနယ်နိမိတ်ကိစ္စအား ပြီးပြတ်အောင်ဖြေရှင်းပြီးမှ နယ်စပ်ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော်ကိစ္စများ ဆောင်ရွက်သင့်ကြောင်းကို သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ထားပါကြောင်း။

လက်ရှိဖွဲ့စည်းပုံအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန လက်အောက်တွင် ကုန်သွယ်ရေးစခန်း ၁၆ ခုနှင့် ပို့ကုန်သွင်းကုန်ရုံးခွဲလေးခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ထိုင်း နယ်စပ်တွင် မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ မြိတ်၊ ထီးခီး၊ မော်တောင်စခန်းများ ဖွင့်လှစ်ထားရှိပြီး မယ်စဲ့-ဟွေ့တန်နွန် ကုန်သွယ်ရေးစခန်းကို နှစ်နိုင်ငံတရားဝင် ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိခြင်း၊



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်

ဒေသတွင်း လုံခြုံငြိမ်းချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းအစီအစဉ်နှင့် ဘဏ်လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းသဘောတူမှုနှင့် ယင်းအခြေခံအဆောက်အအုံများ ထူထောင်ပေးနိုင်မှုရှိခြင်း၊ ဒေသတွင်းစားသုံးမှု ဖူလုံသည့်အပြင် ပိုလျှံမှုရှိပြီး ပြည်ပဈေးကွက်များသို့ ရောင်းချနိုင်သည့် ကုန်စည်များရှိခြင်းနှင့် ဈေးကွက်ဖွံ့ဖြိုးမှုရှိခြင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် ချိတ်ဆက်၍ တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံကုန်သွယ်ရောင်းချနိုင်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်မည့် နယ်စပ်ဒေသတွင် နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးကိစ္စ ရှင်းလင်းပြီးဖြစ်ခြင်း စသည့် အခြေခံမှု ခုနစ်ချက်နှင့် စိစစ်ဆောင်ရွက်ပါကြောင်း ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ သနပ်ပင်မြို့နယ်ရှိ ဒီရေတိုက်စားပြီး ကမ်းပါးပြိုခဲ့သော ကသစ်ခုံကျေးရွာအား ပြန်လည်နေရာချထားပေးရန်နှင့် ထောက်ပံ့ကူညီမှုများ အလျင်အမြန်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဒဏ်ခံနေရသည့် ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကသစ်ခုံကျေးရွာသို့ ကွင်းဆင်း၍ အရေးပေါ်ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စု ၁၄၈ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၇၄ သိန်းနှင့် သုံးရက်စာရိက္ခာတန်ဖိုးနှင့် ထောက်ပံ့ပစ္စည်း ကိုးမျိုးအား ထောက်ပံ့ပေးခဲ့ပါကြောင်း။

ကမ်းပါးပြိုကျမှုပြင်းထန်စွာ ခံစားနေရသော ကသစ်ခုံကျေးရွာအား လုံခြုံစိတ်ချရသောနေရာသို့ စနစ်တကျပြန်လည်နေရာချထားပေးနိုင်ရန်အတွက် ကွဲဖြူချောင်း ကျေးရွာအုပ်စု ကသစ်ပင်တောင်ကွင်းရှိ လယ်မြေဧရိယာ ၃၁ ဒသမ ၂၄ ဧကနေရာ၌ ပြောင်းရွှေ့နေထိုင်ကြရန် ဆုံးဖြတ်ခဲ့ပြီး လယ်ပိုင်ရှင်နှင့် ဈေးနှုန်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၏ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးကို မည်သည့်အချိန်တွင် စတင်တည်ဆောက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဈေးသူ ဈေးသားများထံမှ ဆန္ဒရယူခဲ့ရာ ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ဆန္ဒပြုသူ ၅၆ ဒသမ ၅ ရာခိုင်နှုန်းရရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မီးသင့်လောင်ကျွမ်းခဲ့သော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးကို ပြန်လည်တည်ဆောက်ရန် ဈေးသူဈေးသားများ၏ ဆန္ဒသဘောထားကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆုံးဖြတ်ချက်ရယူပြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ဘောဒါချောင်းကွန်ကရစ်ချောင်းကူးတံတားကို ပေ ၁၈၀ အထက် တံတားကြီးအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဦးစားပေးဆောင်ရွက်မည်ဖြစ်

**နေပြည်တော် ဇွန် ၉**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ၁၈ ပေ အကျယ် ရှစ်လက်မထု ကွန်ကရစ်ခင်းခြင်း ပေ ၆၀၀ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ် သန်း ၃၅ ဒသမ ၄၀ လျာထားပါကြောင်း၊ ကျန်အပိုင်းများကို လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအလိုက် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကျောက်တော်မြို့ ဦးအောင်ဇံဝေလမ်းမကြီးသည် လက်ရှိတွင် ပေ ၁၀၅၆၀ အရှည်နှင့် ၂၅ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး လမ်းဘေးတစ်ဖက်တစ်ချက် ရေမြောင်းအထိ အကျယ်ပေ ၃၀ ဖြစ်ပါကြောင်း၊ လေးလမ်းသွားလမ်းမကြီးအဖြစ် ဆောင်ရွက်ပါက ပလက်ဖောင်းတစ်ဖက် သုံးပေအပါအဝင် လမ်းဧရိယာအကျယ် ၅၄ ပေ လိုအပ်မည်ဖြစ်ပါကြောင်း၊ လမ်းတိုးချဲ့ဆောင်ရွက်ရန် ဌာနဆိုင်ရာအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်ခြေ ၂၀၀ ခန့် ဖယ်ရှားရမည်ဖြစ်ပါကြောင်း၊ လမ်းကို ၂၄ပေ အကျယ်နှစ်လမ်းသွား ကွန်ကရစ်ခင်းခြင်း ပေ ၁၀၅၆၀၊ ပလက်ဖောင်းဘေး တစ်ဖက်တစ်ချက် သုံးပေ အပါအဝင်ဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ် သန်း ၁၂၀၀ ကုန်ကျမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **လက်ပံပြားကျေးရွာအနီး ဘောဒါချောင်းအား ကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ပံပြားကျေးရွာအနီး ဘောဒါချောင်း ကွန်ကရစ်ချောင်းကူးတံတားကို ပေ ၁၈၀ အထက် တံတားကြီးအဖြစ် တည်ဆောက်ရမည်ဖြစ်သည့်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဦးစားပေးအလိုက် စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ပုဏ္ဏားကျွန်းမြို့နယ် အောင်ဖြူပြင်ကျေးရွာ အလက(ခွဲ)ကို အလက အဆင့်တိုးမြှင့်

**ပုဏ္ဏားကျွန်း ဇွန် ၉**

ပုဏ္ဏားကျွန်းမြို့နယ် အောင်ဖြူပြင်ကျေးရွာ အလက(ခွဲ)အား အလက အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများက အောင်ဖြူပြင် အလကအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အောင်ဖြူပြင် အလကကို ၁၉၈၂ ခုနှစ်တွင် အမကအဖြစ် စတင်ဖွင့်လှစ်ပြီးနောက် ၂၀၀၂ ခုနှစ် ဇူလိုင် ၂၂ ရက်က အမက(လွန်)အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် အလက(ခွဲ)အဖြစ်လည်းကောင်း၊ ၂၀၁၆ ဇွန် ၉ ရက်တွင် အလကအဖြစ်လည်းကောင်း အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲသို့ ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းနှင့် ပြည်နယ်/ခရိုင် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ပုဏ္ဏားကျွန်းမြို့နယ် ပညာရေးမှူး ဒေါ်သိန်းရီနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**အာရက္ခသြရသ**



# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၄၁ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)၏ မိတ်ဆွေတစ်ဦး၊ ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)၏ မိသားစုဝင် ငါးဦး၊ ဦးဌေးငွေ(မြောင်မဲဆန္ဒနယ်) ၏ မိတ်ဆွေ သုံးဦး၊ ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)၏ မိတ်ဆွေ ၁၁ ဦး၊ ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်(မိုးကုတ်မဲဆန္ဒနယ်)၏ မိတ်ဆွေ ၁၀ ဦး၊ ဒေါက်တာလင်းလင်းကျော် (မြစ်သားမဲဆန္ဒနယ်)၏မိတ်ဆွေ လေးဦး၊ ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)၏ ဖခင်တစ်ဦး၊ ဦးမင်းမင်းအောင် ခေါင်းဆောင်သည့် ပြည်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၀၂ ဦး၊ ဦးဟိန်းဝင့်ဝါ ခေါင်းဆောင်သည့် မန္တလေးဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၁၂ ဦး၊ ဦးရဲနိုင်ခေါင်းဆောင်သည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် iNet School of IT Engineering မှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၉၃ ဦး စုစုပေါင်း ၃၉၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန၊ မင်္ဂလာဒုံမြို့နယ် လော့်ကားကြိုးဝိုင်းအတွင်း ဇွန် ၅ ရက်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာဒုံမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အင်းစိန်မြို့နယ် သစ်တောဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ လော့်ကားဥယျာဉ်အုပ်ချုပ်ရေးမှူးနှင့်ဥယျာဉ်ဝန်ထမ်းများ၊ ဒေသခံများ စုစုပေါင်း ၁၂၀ တက်ရောက်သည်။ စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ အော်ရေးရှားပျိုးပင် စုစုပေါင်း အပင် ၁၅၁၀ ကို စိုက်ပျိုးခဲ့ပြီး အင်းစိန်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်က တစ်ပင်စိုက် တစ်ပင်ရှင်ဖြစ်စေရန် စိုက်ပျိုးပုံနည်းစနစ်များကို သရုပ်ပြရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ထစ်ချုန်းမိုးရွာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍကြီးပမ်းမှုများကို သုံးသပ်အစီရင်ခံခြင်း အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစုက စတင်လုပ်ကိုင်မည်

**ရန်ကုန် ဇွန် ၉**

ကမ္ဘာကျော် Oxford Business Group ပုံနှိပ်ထုတ်လုပ်ရေးလုပ်ငန်းမှ အသစ်ထွက်ရှိမည့် သတင်းအစီရင်ခံစာ ၂၀၁၇ တွင် မြန်မာနိုင်ငံ၏သမိုင်းဝင်ခုနှစ်အား သုံးသပ်တင်ပြမှုနှင့် စီးပွားရေးကဏ္ဍဖွံ့လှစ်ရန်ကြိုးပမ်းနေမှုများကို ထည့်သွင်းဖော်ပြသွားရန်ရှိကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာမှာ The Report of Myanmar 2017 ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းစနစ်ကျကျရွေးချယ်တင်မြှောက်ထားသောအစိုးရသစ်၏ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နိုင်ငံခြားမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုမြှင့်တင်ရေးအစီအစဉ်များကို သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီရင်ခံစာအတွင်း ရန်ကုန်စတော့အိတ်ချိန်းစတင်မှုနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်ဖြစ်ပေါ်ခဲ့သည့် အပြောင်းအလဲများအပေါ် ဖွံ့ဖြိုးတိုးတက်မှုများ၏ သက်ရောက်ချက်များကို သုံးသပ်ထားသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် အလေးထားရမည့်အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များနှင့် တင်းကျပ်သည့် စည်းမျဉ်း၊ စည်းကမ်းများအစရှိသည့် သတိထားရမည့်အခက်အခဲများကိုလည်း အသေးစိတ်ဖော်ပြမည်ဖြစ်ကြောင်း Kelvin China Yangon ၏ဒါရိုက်တာဖြစ်သူ Cheah Swee Gim က ရှင်းပြသည်။ Kelvin China Yangon သည် Oxford Business Group နှင့် နားလည်မှုစာချွန်လွှာရေးထိုးထားပြီး ယင်းသဘောတူညီချက်အရ ဥပဒေရေးရာများတွင်ပူးပေါင်းကာ မြန်မာအစီရင်ခံစာ ၂၀၁၇၏ ဥပဒေရေးရာအပိုင်းကို ပြုစုထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်ကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ၎င်းတို့ကသုံးသပ်ကြပြီး "ဒီအစိုးရသစ်ဟာ သူတို့ရဲ့အချိန်နဲ့ အရင်းအမြစ်တွေကို ချမှတ်ဖို့ရှိတဲ့ဥပဒေတွေကို ဆန်းစစ်ဖို့နဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေအတွက် လူမှုနဲ့ တရားဥပဒေဆိုင်ရာအခြေအနေတွေကိုက်ညီအောင် ပြန်လည်ပြင်ဆင်ရေးသားမှုတွေ ပြုလုပ်ဖို့ အာရုံစိုက်လုပ်ဆောင်နေတာကိုတွေ့ရပါတယ်။ Oxford Business Group ရဲ့သတင်းအစီရင်ခံစာတွေဟာ ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် မြန်မာ့စီးပွားရေးကဏ္ဍကို တံခါးဖွင့်ပေးသလိုမျိုးပါပဲ။ ကျွန်မတို့အနေနဲ့ ဒီလိုကျွမ်းကျင်သူအုပ်စုနဲ့ လေးနှစ်ဆက်တိုက်ပူးပေါင်းပြီး The Report: Myanmar 2017 ကို ပြုလုပ်ခွင့်ရတဲ့ အတွက်များစွာဝမ်းသာမိပါတယ်" ဟု Cheah Swee Gim က ပြောကြားသည်။

"မြန်မာနိုင်ငံမှာ ပွင့်လင်းပြောင်းလဲမှုတွေ ရှေ့ဆက်လာတဲ့အချိန် မှာ ရင်းနှီးမြှုပ်နှံလိုသူတွေက မြန်မာနိုင်ငံရဲ့အားနည်းနေတဲ့ ဥပဒေဆိုင်ရာဖွဲ့စည်းမှုကြောင့် လိုအပ်တဲ့အချက်အလက်တွေကို ဆက်လက်ပြီး မေးမြန်းနေကြဦးမှာဖြစ်ပါတယ်။ Kelvin China Yangon အနေနဲ့ ကျွန်မတို့ကို ဥပဒေပိုင်းဆိုင်ရာ ဖြစ်ထွန်းပြောင်းလဲမှုတွေ၊ အခြားကဏ္ဍရပ်ပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို မှတ်တမ်းတင်ဖို့ အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ ကျွန်မတို့အနေနဲ့ ၂၀၁၇ ခုနှစ် သတင်းအစီရင်ခံစာကို ဒီအဖွဲ့နဲ့အတူပြုလုပ်ပြီး ဖတ်ရှုသူတွေအတွက် မြန်မာနိုင်ငံစီးပွားရေးကဏ္ဍတိုးတက်မှုမှာ ဖြစ်ပေါ်လာမယ့်အခွင့်ရေးကောင်းတွေအပေါ်ထင်မြင်မှုတွေကို ပေးအပ်သွားဖို့ မျှော်မှန်းထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

The Report: Myanmar 2017 သည် မြန်မာနိုင်ငံ၏ စုံလင်သောကဏ္ဍရပ်များအတွက် အရေးပါသောလမ်းညွှန်စာအုပ်ဖြစ်လာမည်ဖြစ်ပြီး macroeconomicsc၊ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်းများနှင့် အခြားစီးပွားရေးကဏ္ဍများ၏ အခြေအနေအရပ်ရပ်တို့ ပါဝင်မည်ဖြစ်သည်။

Oxford Business Group ၏ ပုံနှိပ်ထုတ်ဝေမှုတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော် အစရှိသည့် ခေါင်းဆောင်များနှင့် အင်တာဗျူးများ ပါဝင်မည်ဖြစ်သည်။ ထုတ်ဝေမှုကို အွန်လိုင်းနှင့် ပုံနှိပ်စာအုပ်ပုံစံနှစ်မျိုးဖြင့် ထုတ်ဝေမည်ဖြစ်သည်။

Oxford Business Group သည် အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသရှိ ဈေးကွက်များတွင် စီးပွားရေးဆိုင်ရာသတင်းအချက်အလက်များကို ဖြန့်ချိပေးနေသည့် ကမ္ဘာလုံးဆိုင်ရာပုံနှိပ်ဖြန့်ချိရေး၊ သုတေသနလုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်းဖြစ်သည်။ ယင်း၏ ပုံနှိပ်နှင့် အွန်လိုင်းသတင်းထုတ်ကုန်များမှတစ်ဆင့် OBG သည် ဘဏ်လုပ်ငန်းများ၊ ငွေကြေးအရင်းအနှီးဈေးကွက်များ၊ အာမခံ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုလုပ်ငန်းနှင့် ဆက်သွယ်ရေးအစရှိသည့် microeconomic နှင့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ တိကျကျယ်ပြန့်သောလေ့လာဆန်းစစ်ချက်များကိုထုတ်ပြန်ပေးနေသည်။ The Report: Myanmar 2017 ကို OBG နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ Parami Energy နှင့် Kelvin China Yangon တို့ ပူးပေါင်းထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

## ဥတ္တရသီရိမြို့နယ်၌ ရွေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးဖွင့် ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေး

**နေပြည်တော် ဇွန် ၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးသို့ လာရောက် နိုင်ခြင်းမရှိသော ပြည်သူများအတွက် အပတ်စဉ်ရပ်ကွက်/ ကျေးရွာအုပ်စုများ၌ ရွေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်၍ ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၈ ရက် နံနက် ၉ နာရီခွဲက ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်(ချင်းရွာ) အုပ်ချုပ်ရေးမှူးရုံး၌ ရွေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်ကာ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုဇယားမရှိသေးသော ပြည်သူများအား စာရင်းပြုလုပ်ပေးရန် ကောက်ယူခြင်း၊ မွေးစာရင်းနှင့် သေစာရင်းလက်မှတ်များထုတ်ပေးခြင်း၊ ပုံစံ (၆၆) ပြုလုပ်ပေးခြင်း တို့ ဆောင်ရွက်ခဲ့သည်။

"ကျွန်မကတော့ အိမ်ထောင်စုစာရင်းလာဝင်တဲ့ သူတစ်ဦးပါ၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဝင်ငွေနဲ့ ရုန်းကန်နေရတော့ရုံးနဲ့ အလှမ်းဝေးပြီး မသွားဖြစ်ပါဘူး။ အခုလို မြို့နယ်ကတာဝန်ရှိသူတွေ ရပ်ကွက်ထဲကွင်းဆင်းပြီး အချိန်ပိုင်းအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာသလို ကျေးဇူးတင်ရှိတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောကြားသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်အတွင်းရှိ ဝန်ထမ်းများတွေ့ဆုံ

**ပဲခူး ဇွန် ၉**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၈ ရက်က အစိုးရအဖွဲ့၏မူဝါဒအတိုင်း ပြောင်းလဲရန် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ကြသည့် အစိုးရအဖွဲ့များသည် ဦးတည်ချက်များ တူညီနေသော်လည်း မူဝါဒများချမှတ်အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် တူညီမှုမရှိကြဘဲ ပြောင်းလဲလာသည့် အစိုးရအဖွဲ့၏မူဝါဒလမ်းစဉ်များအတိုင်း ဝန်ထမ်းများက အကောင်အထည်ဖော်လုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားပြီး တက်ရောက်လာသည့် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် တာဝန်ယူဆောင်ရွက်ရသည့်အပိုင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။




**သန့်စင်(ပဲခူး)**



## ကျောင်းကျန်းမာရေး တစ်ကိုယ်ရေသန့်ရှင်းမှုစစ်ဆေး

**ညောင်ဦး ဇွန် ၉**

ညောင်ဦးမြို့ အမှတ်(၁)နယ်မြေ ရွှေကုန်းရပ်ကွက် အမှတ်(၁)အခြေခံမူလတန်းလွန်ကျောင်း၌ ဇွန် ၉ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူးနှင့်ဝန်ထမ်းများသည် အဆိုပါကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄၈ ဦးတို့အား ကျောင်းကျန်းမာရေးလုပ်ငန်းတစ်ရပ်အနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက တိုင်းရင်းဆေးဝါးများဖြင့် ကုသခြင်း၊ ဆေးပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ဖာပွန်မြို့နှင့် ကမမောင်းမြို့တို့တွင် လျှပ်စစ်မီးအချိန်တိုးမြှင့် ဖြန့်ဝေဆောင်ရွက်ပေး

**ဖာပွန် ဇွန် ၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နှင့် ကမမောင်းမြို့၌ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အတွင်း လျှပ်စစ်မီးပိုမိုသုံးစွဲနိုင်ရေးအတွက် ပြည်နယ် ဘတ်ဂျက်ရန်ပုံငွေဖြင့် လျှပ်စစ်မီးအချိန်တိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖာပွန်ခရိုင် ဖာပွန်မြို့နှင့် ကမမောင်းမြို့တို့မှာ ယခင်သွားလာရေးခက်ခဲခဲ့ပြီး ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နေပြီဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားလိုင်းမှာ ၂၄ နာရီ လျှပ်စစ်မီးသွယ်တန်းရယူနိုင်ခြင်းမရှိသေးခင်ကာလတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနမှ ဖာပွန်မြို့တွင် 500 KVA ဒီဇယ်အင်ဂျင်မီးစက်ကြီးဖြင့် ညစဉ် ၄ နာရီ၊ ကမမောင်းမြို့တွင် 365 KVA မီးစက်ဖြင့် ညစဉ် ၂ နာရီ လျှပ်စစ်မီးဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ရရှိရာမှ အချိန်တိုးမြှင့်ရရှိရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဖာပွန်ရောက်ရှိစဉ် ဒေသခံများ၏ လိုလားတောင်းဆိုချက်အရ ပြည်နယ် ဘတ်ဂျက်ရန်ပုံငွေဖြင့် ဇွန်လမှစတင်၍ ဖာပွန်မြို့တွင် ညစဉ် ၆ နာရီ ခွဲမှ ၁၀ နာရီခွဲအထိ ၄ နာရီပေးထားရာမှ ၁၁ နာရီခွဲအထိ တစ်နာရီ ထပ်မံတိုးမြှင့်ပေးခဲ့ ပြီး ကမမောင်းမြို့တွင် ညစဉ် ၆ နာရီခွဲမှ ၈ နာရီခွဲအထိ ၂ နာရီကြာ ပေးထားရာ မှ ၉ နာရီခွဲအထိ တစ်နာရီ ထပ်မံတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ညစဉ် ဒီဇယ်အင်ဂျင်ဖြင့် တစ်နာရီမီးတိုးပေးခြင်းကြောင့် ဖာပွန်မြို့ပေါ်ရပ်ကွက်နှင့် ကမမောင်းမြို့ပေါ်ရပ်ကွက်နေပြည်သူများအနေဖြင့် လျှပ်စစ်မီး ပိုမိုသုံးစွဲရပြီး ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စာကျက်ချိန်ပိုမိုရရှိလာသောကြောင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**သိန်းစိုးမြင့် (ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

ကိုရီးယား၊ ဂျပန်နဲ့ဗုဒ္ဓဂယာကို ခရီးစဉ်သစ်တွေ ပြေးဆွဲသွားမှာပါ။ ဒီအတွက် လိုအပ်တဲ့ လေယာဉ်မောင်းမယ်သစ်တွေ စနစ်တကျမွေးထုတ်ရေးကို အခုကတည်းက စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်" ဟု ကပ္ပတိန် ဦးသန်းထွန်းက ရန်ကုန်မြို့ကမ်းနားလမ်း မြန်မာအမျိုးသားလေကြောင်းရုံးချုပ်၌ ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သော ၁/၂၀၁၆ လေယာဉ်မယ်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

အဆိုပါ လေယာဉ်မယ်သင်တန်းသို့ မြန်မာတစ်နိုင်ငံလုံးမှ ဒုတိယနှစ်အောင်မြင်ပြီးသူများနှင့် အခြားဘွဲ့ရသူများထဲမှ အရပ် ငါးပေလေးလက်မရှိသူများအား စိစစ်ရွေးချယ်ခေါ်ယူခဲ့ကြောင်း၊ ယင်းသင်တန်းသို့ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ၂၇ ဦးနှင့် အခြားလေကြောင်းလိုင်းမှ ကိုးဦး စုစုပေါင်း ၃၆ ဦး တက်ရောက်ကာ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး ဆက်လက်၍ လက်တွေ့သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ စတင်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နိုင်ငံပိုင်လေကြောင်းလိုင်းအဖြစ် ဆက်လက်ရပ်တည်ကာ ပြည်တွင်း၊ ပြည်ပခရီးစဉ်များပြေးဆွဲလျက်ရှိ သည်။ ယခုအခါ မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် (Boeing 737-800 NG သုံးစင်း၊ Embracer-190 နှစ်စင်း၊ ATR ငါးစင်း၊ Cessna Caravan လေးစင်းနှင့် Beech နှစ်စင်း စုစုပေါင်းလေယာဉ် ၁၆ စင်းဖြင့် ပြည်တွင်းလေဆိပ် ၂၇ မြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိပြီး ပြည်ပခရီးစဉ်များအဖြစ် ဟောင်ကောင်၊ ဗန်ကောက်နှင့် စင်ကာပူမြို့များသို့လည်း တိုးချဲ့ပျံသန်းပြေးဆွဲလျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာအမျိုးသားလေကြောင်းလိုင်းသို့ အသစ်ထပ်မံရောက်ရှိလာမည့် ATR 72-600 လေးစင်းနှင့် Boeing 737-800 ခုနစ်စင်းတို့ဖြင့် ခရီးစဉ်အသစ်များအတွက် လိုအပ်မည့် လေယာဉ်မောင်းမယ်များအား ကြိုတင်၍ လေ့ကျင့်သင်ကြားခန့်အပ်လျက်ရှိကြောင်း သိရသည်။ ယခုအခါ မြန်မာအမျိုးသားလေကြောင်းတွင် လေယာဉ်မှူး ၁၀၀ နီးပါးနှင့် လေယာဉ်ဝန်ထမ်း (လေယာဉ်မောင်မယ်) ၁၃၅ ဦးရှိကြောင်း သိရသည်။

## ရှမ်းတောင်ပြိုကျမှုကြောင့် ပျက်စီးခဲ့သည့် ရေကန် ရေမြောင်းများ ပြန်လည်တူးဖော်

**ဟားခါး ဇွန် ၉**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ချင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဟားခါးမြို့ ရှမ်းတောင်ပြိုကျခဲ့မှုကြောင့် ပျက်စီးခဲ့သော ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်ရှိ တော်လှန်ရေးရေကန်၌ ရေမြောင်းများ ပြန်လည်တူးဖော်ဆောင်ရွက်နေမှုနှင့် အမကဈေးဟောင်းကျောင်းအနီး ချောက်ကမ်းပါးများ မြေပြိုခဲ့မှုအခြေအနေတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့်အတူ ဇွန် ၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တာဝန်ရှိသူများက ယင်းရေကန်ပျက်စီးခဲ့မှုနှင့် ရေကန်အတွင်း ရေမြောင်းများပြန်လည်တူးဖော်ဆောင်ရွက်နေ မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာ၌ လူနှင့်စက်ယန္တရားများ ထိခိုက်မှုမရှိအောင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေးနှင့် လုပ်ငန်းများအချိန်မီပြီးစီးရေးတို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ပိုးလမ်းမစီမံကိန်းနှင့် စီးပွားရေးအကျိုးသက်ရောက်မှု


**လူလေးဝိုင်း**

တရုတ်နိုင်ငံက ပိုးလမ်းမကြီးကို ပြန်အသက်သွင်းအကောင်အထည်ဖော်မယ်ဆိုတော့ ကုန်းတွင်းပိုင်းကျ ချောင်ကျလို့ ကမ္ဘာ့ပြည်သူတွေ သိပ်သတိမထားမိတဲ့ တချို့ဒေသတွေတော့ စီးပွားရေးအရ အားကောင်းမောင်းသန် ထွန်းသစ်စနိုင်ငံတွေဖြစ်လာတော့မှာပဲဆိုတဲ့ မျှော်လင့်ချက်တွေထွက်ပေါ်လာပါတယ်။ လက်ရှိအနေအထားပြောရရင် ဒီမျှော်လင့်ချက်တွေကို အားမနာတမ်းပြန်သုံးသပ်ရမယ့်အနေအထားမျိုးဖြစ်နေပါတယ်။ တိတိကျကျပြောရရင်တော့ ပိုးလမ်းမကြီးရဲ့ နိုင်ငံရေးနဲ့ မဟာဗျူဟာဆိုင်ရာ ဂယက်တွေကို ကျကျနန ပြန်သုံးသပ်ဖို့လိုအပ်နေပါတယ်။ စောစောပိုင်းမှာ တရုတ်နိုင်ငံက အဆိုပြုတဲ့ ပိုးလမ်းမကြီးဟာ ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမယ့် စီမံကိန်းဖြစ်တော့ မျှော်လင့်ချက်တွေ ကျယ်ကျယ်လောင်လောင်ကြားခဲ့ရတာကလည်း အံ့သြစရာတော့မရှိပါဘူး။ အဲဒီအချိန်က ဖြစ်လာနိုင်တဲ့ နိုင်ငံရေးဂယက်၊ မဟာဗျူဟာဂယက်တွေက မျှော်လင့်ချက်တွေရဲ့ အောက်မှာ မပေါ်မလွင် မထင်မရှားဖြစ်ခဲ့ပုံရပါတယ်။

ပိုးလမ်းမကြီး ဖြတ်သန်းသွားမယ့် တချို့ဒေသတွေမှာ အရင်က နိုင်ငံရေးအရ ကသောင်းကနင်းဖြစ်ခဲ့ပြီး အခုလက်ရှိ စစ်ရေး အားပြိုင်မှုတွေဖြစ်ပေါ်နေတာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကွာဟနေတာ စတဲ့အချက်တွေဟာ မြင့်မားနေတဲ့မျှော်လင့်ချက်တွေကို ပြန်ဆွဲချစေခဲ့တာအမှန်ပါပဲ။ ပြောရရင် အဓိကပြဿနာက တရုတ်နိုင်ငံဟာ မူလကကြေညာထားသလို ပိုးလမ်းမစီမံကိန်းအတွက် အစအဆုံးရင်းနှီးမြှုပ်နှံဖို့မနိုင်ဖြစ်နေတာပါ။ တချို့စီမံကိန်းတွေဟာ လက်ရှိမှာကို ရပ်ဆိုင်းလုနီးပါးဖြစ်နေပါပြီ။ ဥပမာ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံကြား သဘာဝဓာတ်ငွေ့ ပို့လွှတ်မယ့်ပိုက်လိုင်းစီမံကိန်းဆိုရင် ရပ်ဆိုင်းလုနီးပါးဖြစ်နေပါပြီ။ ဆိုက်ဘေးရီးယားရဲ့ အင်အားလို့ ရည်ညွှန်းပြောဆိုလေ့ရှိတဲ့ ဒီသဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကို တရုတ်နဲ့ ရုရှားနိုင်ငံတို့က ၂၀၁၅ ခုနှစ် မေလမှာ လက်မှတ်ရေးထိုးခဲ့ကြတာပါ။ ဒ့ါအပြင် တခြားသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဖြစ်တဲ့ ဆိုက်ဘေးရီးယားအနောက်ပိုင်းနဲ့ တရုတ်နိုင်ငံကြားက အယ်လ်တိုင်း (Altai) သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအတွက် နောက်ထပ်ဘဏ္ဍာငွေထုတ်ပေးတာကို အချိန်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ပါပြီ။

ဒါကလည်း တရုတ်နိုင်ငံရဲ့ ပြည်တွင်းစီးပွားရေးအခြေအနေတွေနဲ့လည်း သက်ဆိုင်နေပါတယ်။ တရုတ်နိုင်ငံဟာ နိုင်ငံတစ်ဝန်းမြန်နှုန်းမြင့် မီးရထားလမ်းတွေကို ကွန်ရက်ပုံသဏ္ဍာန် ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ထားတာပါ။ မြန်နှုန်းမြင့်မီးရထားလမ်းအရှည်ကို တွက်ကြည့်မယ်ဆိုရင် ကီလိုမီတာ ၁၉၀၀၀ လောက်ရှိပြီး နေ့စဉ်ခရီးသည် ၂ ဒသမ ၅ သန်းလောက် အသယ်အပို့လုပ်ပေးနေတာပါ။ ဒါပေမယ့် ဒီ မီးရထားလမ်းတွေကြောင့် တရုတ်နိုင်ငံပေါ် ပိနေတဲ့ ကြွေးမြီဝန်ထုပ်ဝန်ပိုးက အတော်ကလေးများတယ်လို့ပဲပြောရမှာပါ။ ဒီလို အခြေအနေမျိုးမှာ ပိုးလမ်းမစီမံကိန်းကို အကြောင်းပြုပြီး အာရှတိုက်အလယ်ပိုင်းနဲ့ တခြားဒေသတွေကိုပါ ရထားလမ်းတိုးချဲ့ဖောက်လုပ်မယ်ဆိုရင် တရုတ်နိုင်ငံအဖို့ ကြွေးမြီဝန်ထုပ်ဝန်ပိုး ပိုသထက်ပိုမယ့်အခြေအနေမျိုး ဖြစ်လာနိုင်ပါတယ်။ တချို့က တရုတ်နိုင်ငံရဲ့ကြွေးမြီပြဿနာနဲ့ တရုတ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးနှုန်း ကျဆင်းလာတာကို ဆက်စပ်သုံးသပ်ကြပါတယ်။ တရုတ်နိုင်ငံ တာဝန်ရှိပုဂ္ဂိုလ်တွေကတော့ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးလာလို့ ပိုးလမ်းမစီမံကိန်းမှာ ပါဝင်ပတ်သက်နေတဲ့ နိုင်ငံတွေအပေါ် သူတို့နဂိုပေးထားတဲ့ ကတိကဝတ်တွေကို ရုပ်သိမ်းမှာမဟုတ်ပါဘူးလို့ ဆက်အာမခံပြောကြားနေပါတယ်။ ဒါပေမယ့်သိပ်မကြာလှသေးတဲ့ကာလတွေမှာ ဒီကတိကဝတ်တွေကို ဆက်ထိန်းနိုင်ပါ့မလားလို့ တွေးဆစရာကိစ္စတွေရှိလာပါတယ်။ ပြီးခဲ့တဲ့

**Exhibit 1: Asian highway route map**




**Source: United Nations, Jefferies**

မတ်လမှာ တရုတ်အာဏာပိုင်တွေဟာ ရှေ့လာမယ့် ငါးနှစ်ကာလအတွင်း တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ၆ ဒသမ ၅ ရာခိုင်နှုန်းထက် မလျော့အောင် ဆက်တိုက်ထိန်းနိုင်ဖို့က သိပ်မလွယ်လောက်ဘူးဆိုတာကို ဝန်ခံပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံတော်အခွန်ဌာန ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)Xu Shanda က အင်တာနက် စာမျက်နှာတစ်ခုပေါ်မှာ ဆွေးနွေးခဲ့တာကိုကြည့်ရင် စောစောကတင်ပြခဲ့တဲ့ အခြေအနေတွေဟာ ပကတိအခြေအနေကို ထင်ဟပ်နေတယ်လို့ပဲ ပြောရမှာပါ။ Xu Shanda က "ပြီးခဲ့တဲ့နှစ်တွေကို ကြည့်လိုက်ရင် တရုတ်နိုင်ငံဟာ စွမ်းအင်ကဏ္ဍမှာ အကြီးအကျယ်ရင်းနှီးမြှုပ်နှံခဲ့တာကို တွေ့ရမှာပါ။ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေကို အခုနေပြန်သုံးသပ်ကြည့်လိုက်ရင် ဒီရင်းနှီးမြှုပ်နှံမှုတွေဟာ တရုတ်နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ဖို့ကိုတော့ စွမ်းဆောင်ပေးခဲ့နိုင်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာတော့ ဘဏ္ဍာရေးဆုံးရှုံးမှုတွေ အတော့်ကိုကြီးမားခဲ့တာပါ။ ကျွန်တော်တို့ စွမ်းအင်ကဏ္ဍမှာသာ ရင်းနှီးမြှုပ်နှံမှုတွေမလုပ်ခဲ့ရင် တရုတ်ပြည်ပပို့ကုန်တွေအပေါ် ဝယ်လိုအားကလည်း ကျဆင်းသွားမှာပါ။ ဒီလိုသာကျဆင်းခဲ့ရင် တရုတ်ပြည်တွင်းထုတ်လုပ်မှုကဏ္ဍဟာ အကျပ်အတည်းတွေကို အကြီးအကျယ်ရင်ဆိုင်ရမှာပါ။ စက်ရုံတွေက ကိုယ့်မှာရှိတဲ့ စွမ်းအားအပြည့်မလည်ပတ်နိုင်တဲ့ ဖြစ်ရပ်တွေ ကျယ်ပြန့်လာနိုင်ပါတယ်။ ဒီတော့ ဘယ်လိုပဲအခက်အခဲတွေရှိရှိ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ပစီးပွားရေးမဟာဗျူဟာတွေကိုတော့ လက်လွှတ်လို့မဖြစ်ပါဘူး"လို့ ဆွေးနွေးထားပါတယ်။ ပြီးခဲ့တဲ့တစ်လက ဆွေးနွေးထားတာပါ။ ဒါပေမယ့် တချို့ကလည်း တရုတ်နိုင်ငံရဲ့ ဒီလို ပြည်ပစီးပွားရေးမဟာဗျူဟာအပေါ် အာရုံစူးစိုက်ဆောင်ရွက်ခဲ့မှုဟာ နိုင်ငံရေးအရ၊ စီးပွားရေးအရ စွန့်စားရတဲ့ အနေအထားမျိုး၊ အန္တရာယ်များတဲ့ အနေအထားမျိုးဖြစ်လာတယ်လို့ ထောက်ပြခဲ့ကြပါတယ်။

တရုတ်နိုင်ငံက ပြည်ပဝယ်လိုအားနဲ့ ပြည်တွင်း ကုန်ထုတ်လုပ်မှုဆက်နွှယ်ချိတ်ဆက်မှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လာတဲ့အခါ တရုတ်နိုင်ငံက ဒီပြည်ပနိုင်ငံတွေမှာ သူတို့ရဲ့ ပိုင်ဆိုင်မှုအရင်းအမြစ်တွေကို မဖြစ်မနေဝယ်ယူလာရပါတယ်။ ကာဇက်စတန်နိုင်ငံကိုကြည့်လိုက်ရင် ဒီသဘောကို ထင်ထင်ရှားရှားတွေ့ရပါတယ်။ ကာဇက်စတန်နိုင်ငံ ရေနံထုတ်လုပ်ရေးရဲ့ ငါးပုံတစ်ပုံကနေ လေးပုံတစ်ပုံအထိကို တရုတ်ကုမ္ပဏီတွေက ပိုင်ဆိုင်ထားတာပါ။ ဒါဟာ ကာဇက်စတန်နိုင်ငံပိုင် ရေနံလုပ်ငန်းနဲ့ တန်းတူပမာဏလောက်ကိုရှိပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၇ ရက်နေ့က တရုတ်ကုမ္ပဏီတွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ကာဇက်စတန်နိုင်ငံနဲ့ ယူရေနီယမ်ထုတ်လုပ်ရေးသဘောတူညီချက်တွေကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကာဇက်စတန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ယူရေနီယမ်အများဆုံးထုတ်လုပ်တဲ့နိုင်ငံပါ။ တရုတ်နိုင်ငံ အထွေထွေ နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်း(China General Nuclear Corporation) ရဲ့ ကုမ္ပဏီခွဲသတ္တုကုမ္ပဏီ (CGN Mining) ဟာ ကာဇက်စတန်ရဲ့ ယူရေနီယမ်သတ္တုတိုက်တွေမှာ ပိုင်ဆိုင်ခွင့်ရှယ်ယာအနည်းစုကို ဝယ်ယူခဲ့ပါတယ်။ တရုတ်စွမ်းအင်ကုမ္ပဏီဖြစ်တဲ့ (CEFC Energy) ဟာ ကာဇက်စတန်နိုင်ငံ ရေနံနဲ့ ဓာတ်ငွေ့ကုမ္ပဏီဖြစ်တဲ့ (Kaz Munay Gaz) မှာ ရှယ်ယာ ၅၁ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါတယ်။ ဒီ Kaz Munay Gaz ကုမ္ပဏီဟာ ဥရောပတစ်လွှားရေနံချက်စက်ရုံတွေ၊ ဓာတ်မြေသြဇာစက်ရုံတွေနဲ့ စက်သုံးလောင်စာဆီရောင်းချရေးစခန်းတွေ အမြောက်အမြား ပိုင်ဆိုင်ထားပါတယ်။ တရုတ်နိုင်ငံ ဓာတုအင်ဂျင်နီယာကုမ္ပဏီကလည်း ကာဇက်စတန်နိုင်ငံအတွက် ဓာတ်ငွေ့လောင်စာသုံး ဓာတုထုတ်ကုန်ပစ္စည်းအမျိုး မျိုးထုတ်လုပ်တဲ့ စက်ရုံတစ်ရုံဆောက်ပေးဖို့ သဘောတူထားပါတယ်။

ဒီတော့ မေးစရာရှိလာတာက တရုတ်နိုင်ငံဟာ ကာဇက်စတန်နိုင်ငံရဲ့ စီးပွားရေးမူဝါဒတွေမှာ ပြောပိုင်ဆိုပိုင်ခွင့်ရှိမလာဘူးလားဆိုတဲ့ မေးခွန်းပါ။ ဒီအနေအထားဟာ တရုတ်နိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့ကြား အကျိုးစီးပွားချင်းပဋိပက္ခဖြစ်လာနိုင်တဲ့အနေအထားပါ။ ပြည်ပနိုင်ငံတွေမှာ မူဝါဒရည်မှန်းချက်တွေချကာ တရုတ်နိုင်ငံက ပိုင်ဆိုင်မှုတွေဝယ်ယူနေတာကိုကြည့်ပြီး တရုတ်နိုင်ငံက ဒီလိုပိုင်ဆိုင်မှုတွေရရုံလောက်ပဲလို့ ရည်ရွယ်တယ်ထင်ရင်တော့ လွဲမှားသွားမှာပါ။ ပြောရရင်တော့ ဒီလိုပိုင်ဆိုင်မှုတွေဟာ နောက်ဆက်တွဲ ရည်မှန်းချက်တွေဆုပ်ကိုင်နိုင်မယ့် အခြေအနေတစ်ရပ်ကို ဖန်တီးလိုက်တာပါ။ တရုတ်နိုင်ငံရဲ့ ဒီလိုဆောင်ရွက်ပုံတွေကို လေ့လာကြည့်ရင် တရုတ်နိုင်ငံရဲ့ချဉ်းကပ်ပုံမှာ တရုတ်နိုင်ငံရဲ့ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းတွေ လိုက်နာရမယ်ဆိုတဲ့ ကန့်သတ်ချက်က သတိထားစရာပါ။ ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများဟာ တရုတ်နိုင်ငံဆီက ချေးငွေရဖို့အတိုးနှုန်းကြီးကြီး ပေးရပါတယ်။ သူတို့နိုင်ငံတွေရဲ့ သဘာဝသယံဇာတတွေ အပေါ်ပိုင်ဆိုင်ခွင့်ကို နှစ်အတော်များများ တရုတ်နိုင်ငံ လက်ထဲပေးအပ်ရပါတယ်။ အီကွေဒေါနိုင်ငံ ရေနံတင်ပို့မှုရဲ့ ၉၀ ရာခိုင်နှုန်းဟာ တရုတ်နိုင်ငံကို တင်ပို့ရတာပါ။ ဒီလို ရေနံတင်ပို့ရာကနေ ရရှိတဲ့ဝင်ငွေတွေကိုလည်း တရုတ်နိုင်ငံရဲ့ ကြွေးမြီတွေ ပြန်ဆပ်ဖို့သုံးစွဲရတာပါ။ တရုတ်နိုင်ငံရဲ့ ဒီလို စိုးရိမ်စရာကိစ္စတွေဟာ ပိုးလမ်းမကြီးအပေါ် မျှော်လင့်ချက်တွေကို မှေးမှိန်လျော့ကျစေပါတယ်။ ပါကစ္စတန်နိုင်ငံဟာ ပိုးလမ်းမစီမံကိန်းမှာ အကျုံးဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ပါကစ္စတန်နိုင်ငံအစိုးရက ပိုးလမ်းမကြီးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ မတည်မငြိမ်ဖြစ်နေတဲ့ ဘလူချီစတန်ဒေသ (Baluchistan) မှာ နောက်ထပ်လုံခြုံရေးတပ်ဖွဲ့ဝင် ၆၀၀၀၀ ကို ထပ်ချထားမယ်လို့ သိရပါတယ်။ ဒီအချက်ဟာ ပါကစ္စတန်နိုင်ငံရဲ့ စစ်ရေးအင်အားဖြန့်ကြက်မှုကို ကျယ်ပြန့်စေပါတယ်။ ဘလူချီစတန်ခွဲထွက်ရေးတပ်ဖွဲ့တွေရဲ့ ပါကစ္စတန်အစိုးရနဲ့ ငြိမ်းချမ်းရေးစားပွဲဝိုင်း တစ်ဝိုင်းတည်း အတူထိုင်ဆွေးနွေးရေးမှာ အရေးအကြီးဆုံး ကြိုတင်စည်းကမ်းသတ်မှတ်ချက်က ပါကစ္စတန်စစ်တပ်ရဲ့တပ်ဖြန့်ကြက်မှုကို လျှော့ချဖို့ပါ။ ဒါကြောင့် ပိုးလမ်းမစီမံကိန်းကို ဆန့်ကျင်သူတွေကတော့ ဒီစီမံကိန်းဟာ ဒေသတွင်းငြိမ်းချမ်းရေးကို ဟန့်တားစေတယ်လို့ ဝေဖန်ကြပါတယ်။ ပိုးလမ်းမလို စီမံကိန်းမျိုးမှာ ထောက်ခံသူတွေရှိသလို ဆန့်ကျင်သူတွေရှိတာက သဘာဝကျပါတယ်။ ရှုထောင့်စုံစုံ သုံးသပ်နိုင်လေလေ အမှန်တရားနဲ့ ပိုနီးစပ်လေလေလို့ပဲ ပြောရမှာပါ။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၉ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၉) ပါ သံအမတ်ကြီး ဒေါက်တာ အမ်ဘူယာ အိုင်ဇတ် မန်လိုအား မာလာဝီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီသတင်းမှ ဒုတိယ ပိုဒ် စာကြောင်းရေ ၉ တွင် ပါရှိသော ၂၀၁၁ ပြည့်နှစ် အစား ၂၀၀၀ ပြည့်နှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

## ခေါင်လန်ဖူးဒေသသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရိက္ခာများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၈၀၊ ကြက်သွန်နီ ပိဿာ ၇၀၊ ကြက်သွန်ဖြူ ငါးပိဿာ၊ ငါးခြောက် ၁၀ ပိဿာ၊ ကြာဆံ ၁၀ ပိဿာ၊ အာလူး ၂၁ ပိဿာနှင့် ဆားအထုပ် ၁၇၀ တို့ကို ဇွန် ၇ ရက်က ပူတာအိုမြို့မှ ခေါင်လန်ဖူးသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ထားသော မဝွေဇရွာရှိ ဆန်အိတ် ၂၅၀ ကိုလည်း ခေါင်လန်ဖူးဒေသသို့ အမြန်ဆုံးရောက်ရှိစေရေး လား၊ ဆိုင်ကယ်များဖြင့် ဆက်လက်ပို့ဆောင် လျက်ရှိသည်။

စားနပ်ရိက္ခာများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် အဆက်မပြတ်ပေးပို့ခဲ့ခြင်းကြောင့် ယခုအခါ ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၂၄၀၊ ကြက်သွန်နီ ၁၇၅ ပိဿာ၊ ကြက်သွန်ဖြူငါးပိဿာ၊ အာလူး ၅၆ ပိဿာ၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ကြာဆံ ပိဿာ ၄၀၊ ကြက်ဥအလုံး ၃၀၀၊ ငါးခြောက်ပိဿာ ၅၀ နှင့် ဆားအထုပ် ၃၇၀ တို့ကို ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများလက်ဝယ်ထံသို့ အရောက်ပေးပို့နိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားသက်သေခံကတ်ပြား (NVC)ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်က ကျောက်ဖြူမြို့နယ်၌ အမျိုးသား ၁၀၉ ဦး၊ အမျိုးသမီး ၁၄၃ ဦး စုစုပေါင်း ၂၅၂ ဦးနှင့် မြေပုံမြို့နယ်၌ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၈၄ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။
ဓာတ်ပုံ - စိုးမိုးကျော်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# အမေရိကန်သည် အိန္ဒိယနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် မိတ်ဖက်ကောင်းနိုင်ငံတစ်နိုင်ငံဖြစ်



**ဝါရှင်တန် ဇွန် ၉**
အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် အိန္ဒိယနှင့် အမေရိကန်နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှု နှင့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များပိုမိုရင်းနှီးခိုင်မာစွာ ဆောင်ရွက်နိုင်ရေး တောင်းဆိုလိုက်ကြောင်း အမေရိကန်လွှတ်တော်၌ မိန့်ခွန်းမပြောမီကပြောခဲ့သည်။ ဝါရှင်တန်၌ အိန္ဒိယဝန်ကြီးချုပ်သည် ဗုဒ္ဓဟူးနေ့က အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ၎င်းက အမေရိကန်သည် အိန္ဒိယနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် မိတ်ဖက်ကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ၎င်း၏ရည်ရွယ်ချက်မှာ အိန္ဒိယပြည်သူများ ကြွယ်ဝချမ်းသာအောင် ကြံဆောင်ပေးရန်ပင်ဖြစ်ကြောင်း ပြောခဲ့သည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုအနေဖြင့် အိန္ဒိယ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုများနှင့် ကူညီပေးမှုများ ပြုလုပ်ရန်လည်း အိန္ဒိယဝန်ကြီးချုပ်က တောင်းဆိုခဲ့သည်။ အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာနှစ်စဉ် ၇ ရာခိုင်နှုန်း ရှိသည်။

လုံခြုံရေးကိစ္စရပ်များဆောင်ရွက်ရာတွင် အမေရိကန်-အိန္ဒိယခိုင်မာသော မိတ်ဖက်ဆက်ဆံရေးသည် အိန္ဒိယသမုဒ္ဒရာမှ ပစိဖိတ်ထိ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို စွမ်းဆောင်နိုင်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ဝန်ကြီးချုပ်ကတရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့၌ ရေကြောင်းဆိုင်ရာလှုပ်ရှားမှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်အတူ ပင်လယ်ပြင်သဘော်သွား လာရာလမ်းကြောင်း၌ လုံခြုံရေးကိစ္စများ ဖြေးဖြေးမှန်မှန်လုပ်ဆောင်သွားမည်ဟုလည်း ရည်ညွှန်း၍ ပြောဆိုခဲ့သည်။

မိုဒီနှင့် အမေရိကန်သမ္မတဘားရက်အိုဘားမားသည် အင်္ဂါနေ့က ပြုလုပ်သည့် အစည်းအဝေး၌ ကာကွယ်ရေးစွမ်းအင် မြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် သဘောတူခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## သမီးဖြစ်သူကို ပြန်ပေးဆွဲရန် ကြိုးပမ်းသူအား မိခင်က ခုခံကာကွယ်

**ဖလော်ရီဒါ ဇွန် ၉**

ဖလော်ရီဒါပြည်နယ် ဟာနန်ဒိုရှိ စတိုးဆိုင်တစ်ဆိုင်၌ သားအမိနှစ်ဦး ဈေးဝယ်ထွက်နေစဉ် ၁၃ နှစ်အရွယ် သမီးဖြစ်သူကို ပြန်ပေးဆွဲရန် ကြိုးပမ်းနေသည့် အမျိုးသားတစ်ဦးအား မိခင်ဖြစ်သူမှ ခုခံကာကွယ်ရန် ကြိုးပမ်းသည့်အကြောင်း မှတ်တမ်းတင်ထားသည့် လုံခြုံရေးကင်မရာမှ ဗီဒီယိုဖိုင်ထွက်ပေါ်လာသည်။

ယင်းဗီဒီယိုဖိုင်ကို ဖေ့ဘွတ်ခ်ပေါ်သို့ တင်ခဲ့ပြီး ကြည့်ရှုသူ ၁ ဒသမ ၅ သန်းရှိသည်။ နေ့ခင်းကြောင်တောင် မိခင်အရင်း၏ရှေ့၌ပင် ယခုကဲ့သို့ ပြုမူသည့်အတွက် ကြောက်ရွံ့မိကြောင်း ဖေ့ဘွတ်ခ်အသုံးပြုသူတစ်ဦးက ယင်းဗီဒီယို၏အောက်တွင် မှတ်ချက်ပေးထားသည်။

မိခင်ဖြစ်သူ၏ တရစပ်တိုက်ခိုက်မှုများကြောင့် ပြန်ပေးဆွဲရန် ကြိုးပမ်းသူ ဘိုနယ်လိုက အမျိုးသမီးငယ်ကို လွှတ်ပေးလိုက်ပြီး ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် ၎င်းကိုကားရပ်နားရာနေရာရှိ အားလပ်ရက်ယူထားသော မန်နေဂျာဂျွန်နသန်ဘန်ဟန်က ဖမ်းဆီးခဲ့သည်။

မိခင်နှင့်သမီးဖြစ်သူ၏ အမည်များကိုဖော်ပြခြင်းမရှိသော်လည်း နှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဘိုနယ်လိုသည် ကလေးငယ်ကို နှိပ်စက်မှုနှင့် ပြန်ပေးဆွဲရန်ကြိုးပမ်းမှုဖြင့် ဇွန် ၂၇ ရက်တွင် အမှုရင်ဆိုင်ရမည်ဖြစ်သည်။

**(ရိုက်တာ)**

## အာဖရိကန် ဒုက္ခသည်များကို ကူညီရန် အီးယူအစီအစဉ်သစ်တစ်ခုရေးဆွဲ

**အီးယူ ဇွန် ၉**

ဥရောပသမဂ္ဂသည် လစ်ဗျားမှတစ်ဆင့် အာဖရိကန်ဒုက္ခသည်များ စီးဆင်းလာမှုကိုလျှော့ချရန်အတွက် အကူအညီပေးရေး အစီအစဉ်သစ်တစ်ခုကို တင်ပြခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂကော်မရှင်သည် ဂျော်ဒန်၊ လစ်ဗျား၊ အီသီယိုးပီးယားနှင့် နိုင်ဂျီးရီးယားအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံကိုးခုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ထားကြောင်း သိရသည်။



ဥရောပသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဒီမီထရစ်အဗရာမိုပေါလော့စ်က ဒုက္ခသည်များဆိုင်ရာအကူအညီပေးရေးအစီအစဉ် ရန်ပုံငွေသည် ယူရို ၆၂ ဘီလီယံသို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ပြောခဲ့သည်။

ယင်းရန်ပုံငွေကို အီရီသရီးယား၊ အီသီယိုးပီးယားနှင့် ဆူဒန်နိုင်ငံများ၏ လုံခြုံရေးအတွက် အသုံးပြု ရ၊ မရ အပေါ် အငြင်းပွားနေဆဲဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က မြေထဲပင်လယ်ကိုဖြတ်ပြီး ဥရောပသို့ဝင်ရောက်လာသော ဒုက္ခသည်များနှင့် စီးပွားရေးရွှေ့ပြောင်းအခြေချသူများသည် တစ်သန်းကျော်လာပြီဖြစ်ကြောင်း၊ အများစုမှာ ဆီးရီးယား၊ အီရတ်၊ အာဖဂန်နစ္စတန်နှင့် လစ်ဗျားနိုင်ငံတို့မှ ထွက်ပြေးတိမ်းရှောင်လာကြသူများ ဖြစ်သည်။

**(ဘီဘီစီ)**

## ဓားကိုင်ဆောင်လာသူကို ဖမ်းရန်ကြိုးပမ်းစဉ် အနားရှိလူများဒဏ်ရာရ

**ဆစ်ဒနီ ဇွန် ၉**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌လူစည်ကားရာဈေးဝယ်စင်တာ၌ ဓားကိုင်ဆောင်ထားသည့် လူတစ်ဦးကို ရဲကသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ လူလေးဦးဒဏ်ရာရရှိခဲ့သည်။

ရဲအရာရှိနှစ်ဦးက ဓားကိုင်ဆောင်ထားသည့်လူကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ အသက် ၆၀ နှင့် ၈၂ နှစ်ကြား အမျိုးသမီးသုံးဦးကျည်ဆန်ထိမှန်ခဲ့သည်။ ဓားကိုင်ဆောင်ပြီး ရဲအရာရှိထံ ချဉ်းကပ်ခဲ့သူ အမျိုးသားမှာ အသက် (၂၃ နှစ်)အရွယ်ဖြစ်ပြီး ၎င်းမှာလည်း ဒဏ်ရာရရှိခဲ့သည်။

ကြာသပတေးနေ့တွင် ဖြစ်ပွားခဲ့သည့် အဆိုပါပစ်ခတ်မှုနှင့်ပတ်သက်၍ လွတ်လပ်သော အဖွဲ့အစည်းတစ်ခုက စုံစမ်းစစ်ဆေးမှုများပြုလုပ်မည် ဖြစ်သည်။ ဆစ်ဒနီမြို့ မြောက်ပိုင်း အော်ဂဲနစ်သီးနှံဈေး၌ မူမမှန်သည့်လူတစ်ဦးကို ဈေးဝယ်သူများက သတိပြုမိပြီးနောက် ရဲများကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။




နယူးဆောက်ဝေးလ်ပြည်နယ်မှ ဒုတိယရဲမင်းကြီး ဒန်းနစ်ကလစ်ဖို့ဒ်က အဆိုပါ အမျိုးသားမှာ ကြီးမားသည့် အသားလှီးဓားကို ကိုင်ဆောင်လာပြီး ရဲများက ၎င်းအနီးချဉ်းကပ်လာသောအခါ ရန်မူခဲ့သည်ဟု ပြောသည်။ ကံမကောင်းစွာပင် ဘေးမှရပ်ကြည့်နေသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။ ဒဏ်ရာရရှိသူများ၏ အခြေအနေမှာ အသက်အန္တရာယ်မစိုးရိမ်ရပေ။ ဓားကိုင်ဆောင်ထားသူမှာ စိတ်ရောဂါကုဌာနမှ ပျောက်ဆုံးသွားသူတစ်ဦးဖြစ်ပြီး ၎င်းကိုရှာဖွေရန် ကြိုးစားမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောသည်။

**(အေဘီစီ)**

## တရုတ်ပြည် မြောက်ပိုင်းမှ မဟာတံတိုင်း ထပ်မံပေါ်ထွက်

**ရှီကျားကျောင် ဇွန် ၉**

တရုတ်ပြည်မြောက်ပိုင်း ဟူဘေးပြည်နယ်ရှိ ရေလှောင်ကန်မှ ဆယ်စုနှစ်လေးစုနီးပါး ရှိပြီဖြစ်သော မဟာတံတိုင်းအပိုင်းတစ်ခုကို တွေ့ရှိခဲ့သည်။

ယင်းတံတိုင်းအစိတ်အပိုင်းကို မင်မင်းဆက်အတွင်း နှစ်ပေါင်း၅၀၀ကျော်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းတံတိုင်းသည် တရုတ်ပြည်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း တို့ကို ဖြတ်ကျော်ရာတွင် အလွန်အရေးကြီးသည်။

ထုထည်ကြီးမားလှသော ယင်းရေလှောင်ကန်ကို ၁၉၇၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ တံတိုင်းအစိတ်အပိုင်းမှာ ရေမျက်နှာပြင်မြင့်တက်လာသောကြောင့် နောက်ဆုံးတွင်မြုပ်လျှိုးပျောက်ကွယ်ခဲ့ခြင်းဖြစ်သည်။

၎င်းရေသိုလှောင်ကန်မှာ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ တိုးပွားလာမှုကြောင့် ပျက်ဆီးသွားခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# အာရှဒေသ လုံခြုံရေးအပေါ် ဥရောပနိုင်ငံများ အာရုံစိုက်လာ

**တင်လင်းအောင်**

**ဥရောပလုံခြုံရေးထိပ်တန်းခေါင်းဆောင်များနှင့် အရာရှိများသည် စင်ကာပူတွင် မကြာသေးမီက ကျင်းပသော ရှန်ဂရီလာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် အာရှလုံခြုံရေးဆိုင်ရာ အခြေခံအုတ်မြစ်များကို ထိန်းသိမ်းရန် အရေးကြီးသော စစ်ရေးဆိုင်ရာ ဆောင်ရွက်မှုများပြုလုပ်ရန် ကတိကဝတ်ပြုခဲ့သည်။**

ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျင်းယူဗက်လီထရီယန်က ဥရောပ၏ စစ်ရေယာဉ်များကို အရှေ့တောင်အာရှတွင် ဖြန့်ကြက်မှုများပြုလုပ်မည့် အလားအလာများကို ပြောကြားနေစဉ် လာမည့်အနာဂတ်တွင် ဗြိတိသျှ၏စစ်ရေးဆိုင်ရာများကိုလည်း အရှေ့တောင်အာရှတွင်ဖြန့်ကြက်မည့် အနေအထားရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်က အရိပ်အမြွက်ပြောကြား သည်။

ထိုကဲ့သို့ပြောကြားမှုများသည် ဥရောပနိုင်ငံများက တောင်တရုတ်ပင်လယ်အရေးတွင် ပိုမိုအာရုံစိုက်လာကြောင်း ညွှန်ပြနေသည်။ ဟိုးအရင်အချိန်ကာလများလို ဥရောပနိုင်ငံများက အာရှ၏လုံခြုံရေးဆိုင်ရာများတွင် အဓိကပံ့ပိုးသူအဖြစ် ပြန်လည်မရရှိမီအခြေအနေတွင် အာရှနိုင်ငံများအနေဖြင့်လည်း ၎င်း၏လုံခြုံရေးဆိုင်ရာအခြေခံအုတ်မြစ်များကို ထိန်းသိမ်းအကောင်အထည်ဖော်ရန် အချိန်အတော်ယူရဦးမည်ဖြစ်သည်။

ဥရောပနိုင်ငံများအနက် ဗြိတိန်သည် အရှေ့အလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်တို့တွင် စစ်ရေးဆိုင်ရာ ဖြန့်ကြက်မှုများကို နှစ်ပေါင်းအတော်များများ အလေးအနက်ထားဆောင်ရွက်ပြီးနောက် အရှေ့တောင်အာရှကို ၎င်း၏စစ်ရေးဆိုင်ရာများဖြန့်ကြက်ရန် အပြင်းအထန်ကြိုးစားနေသည်။ ဗြိတိန်သည် ဂျပန်နှင့်စစ်ရေးမဟာဗျူဟာ ဖြန့်ကြက်ဆောင်ရွက်မှုကို ခဏတာအဆုံးသတ်ခဲ့ပြီးနောက် တောင်ကိုရီးယားနှင့် စစ်ရေးဆိုင်ရာဖလှယ်မှုများ ပြုလုပ်လာခဲ့သည်။ ထို့အပြင် ကာကွယ်ရေးဆိုင်ရာ နားလည်မှုစာချုပ်များကိုလည်း ဗီယက်နမ်နှင့် လက်မှတ်ရေးထိုးရုံသာမက ၎င်း၏အင်အားကို စင်ကာပူအထိပါချဲ့ထွင်ခဲ့သည်။ ဗြိတိန်ကာကွယ်ရေးဆိုင်ရာ ကွန်ရက်များသည် အရှေ့တောင်အာရှနိုင်ငံများအထိ ကြီးမားကျယ်ပြန့်လာခဲ့သည်။ ဗြိတိန်-ဂျပန်လေကြောင်းဆိုင်ရာ စစ်ရေးဆောင်ရွက်မှုများကို နိုဝင်ဘာတွင်ပြုလုပ်ရန်စီစဉ်ထားသည်။

ဗြိတိန်သည် လွန်ခဲ့သောနှစ်က လန်ဒန်တွင် တရုတ်သမ္မတရှီကျင့်ဖျင်အား လှိုက်လှိုက်လှဲလှဲလက်ခံပြီး တရုတ်ရင်းနှီးမြှုပ်နှံမှုများအပေါ် ချဉ်းကပ်မှုများ တိုးမြှင့်လာခဲ့သည်။ ဗြိတိန်သည် အုတ်အော်သောင်းတင်းဖြစ်နေသော တောင်တရုတ်ပင်လယ်အရေးကိစ္စအပေါ် နှုတ်ဆိတ်နေခြင်းဖြင့် အာရှ၏ ရေပိုင်နက်အရေးများအပေါ် မပါဝင်ကြောင်းပြသလိုက်ခြင်းပင်ဖြစ်သည်။

ထိုသို့ တောင်တရုတ်ပင်လယ်အရေးတွင် မပါဝင်ခြင်းကြောင့် ဗြိတိသျှကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်တွင်လည်း သီးခြားအကြံအစည်များရှိနေနိုင်ကြောင်း ထင်မြင်ယူဆရမည်ဖြစ်သည်။ မိုက်ကယ်ဖယ်လွန်သည် ၎င်းနိုင်ငံတွင် အသစ်တည်ဆောက်ထားသော လေယာဉ်တင်စစ်သင်္ဘောနှစ်စင်းအနက် တစ်စင်းကို



အရှေ့တောင်အာရှတွင် ဖြန့်ကြက်မည့်ထင်မြင်ယူဆချက်ကို ပျက်ပြယ်စေချင်နေသည့်သဘောဖြစ်သည်။ သို့သော်လည်း ယင်းအစီအစဉ်သည် ၂၀၂၀ အစောပိုင်းကာလများတွင် ဖြစ်နိုင်ဖွယ်မရှိကြောင်းသိရသည်။ ဗြိတိန်သည် အာရှတွင် အမြဲတမ်းလေတပ် အခြေစိုက်စခန်း တည်ဆောက်မည့်အစီအစဉ်ကို မဆုံးဖြတ်ရသေးသည့်အတွက် လေယာဉ်တင်သင်္ဘောများ၏ လုပ်ငန်းဆောင်တာ တာဝန်များသည် ဝန်ထုပ်ဝန်ပိုးတစ်ခုလိုဖြစ်နေသည်။

ထို့ကြောင့် အရှေ့တောင်အာရှအတွင်း ဗြိတိန်၏စစ်ရေးဆိုင်ရာ အခင်းအကျင်းသည် သိသာမြင်သာရှိလာသော်လည်း ထူးထူးခြားခြားဖြစ်မလာသေးပေ။

နိုင်ငံရေးအရ ပြင်သစ်သည် အကောင်းဆုံးအနေအထားတွင်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပြင်သစ်သည် စင်ကာပူ-မလေးရှားနှင့်လည်း စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများရှိသလို အိန္ဒိယနှင့် ဩစတြေးလျတို့နှင့်လည်း စစ်ရေးဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုထားသည်။ ထို့ပြင် အာရှဒေသတွင်းနိုင်ငံများနှင့်လည်း နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများ ပိုမိုစိတ်ပါဝင်စားစွာ ပြုလုပ်လျက်ရှိသည်။ ထိုကဲ့သို့ ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်း၏ အာရှဒေသစစ်ရေးဆိုင်ရာ ချဉ်းကပ်မှုများကို အကဲခတ်ကြည့်ခြင်းအားဖြင့် အာရှဒေသတွင် ပြင်သစ်၏ စစ်ရေးဆိုင်ရာအခင်းအကျင်းသည် ပိုမိုထင်ရှားလာဖွယ်ရှိသည်ဟု ယူဆရမည်ဖြစ်သည်။

ရှေးဦးစွာ ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျင်းယူဗက်လီထရီယန်က အာရှတွင် ဥရောပ၏တည်ရှိမှုကို မြင်သာထင်သာရှိလာစေရန်အလို့ငှာ ရေတပ်ကင်းလှည့်အဖွဲ့များနှင့် ညှိနှိုင်းမှုများပြုလုပ်ရန် အခြားဥရောပနိုင်ငံများအား တိုက်တွန်းမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အငြင်းပွားတောင်တရုတ်ပင်လယ်အတွင်း ရေကြောင်းသွားလာမှုအခွင့်အရေးဆိုင်ရာ လွတ်လပ်ခွင့်များကိုလည်း ဆုပ်ကိုင်ထားရှိဖို့ဆိုသည်မှာ ခဲရာခဲဆစ်ကိစ္စဖြစ်ကြောင်း ပြောခဲ့သည်။ ရေတပ်ကင်းလှည့်အဖွဲ့များနှင့် ညှိနှိုင်းမှုများပြုလုပ်သည်ဆိုရာ၌ အာရှတွင် ဥရောပ၏အမြဲတမ်းတည်ရှိမှုကို ဖြစ်ပေါ်စေရန်အတွက်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

အကယ်၍ မစ္စတာလီထရီယန် စင်ကာပူတွင် မဆွေးနွေးခင် ဥရောပနိုင်ငံများအကြား ဦးစားပေးလျှို့ဝှက်ဆွေးနွေးတိုင်ပင်မှု၏ အကျိုးရလဒ်ကိုဖန်တီးနိုင်ခဲ့ပါက ပြင်သစ်၏အဆိုပြုချက်သည် ပိုမိုထိရောက်မည်ဖြစ်သည်။ အမှန်တကယ်တော့ ထိုကိစ္စမျိုးနှင့်ပတ်သက်ပြီး ဥရောပနိုင်ငံများအကြား ဆွေးနွေးတိုင်ပင်မှုမျိုးသည် ကနဦးအဆင့်သာသာရှိသေးသည်။ ဤနေရာတွင် ပြင်သစ်၏ ထိုးထွင်းလွှမ်းခြုံမှုသည် အခြားဥရောပနိုင်ငံများထက် ပိုမိုထင်သာမြင်သာရှိကြောင်း သိရသည်။

ထို့အပြင် မစ္စတာလီထရီယန်သည် ထိုကိစ္စနှင့်ပတ်သက်ပြီး ပါဝင်လာနိုင်သည့်ဆွေးနွေးဖက်နိုင်ငံများစာရင်းသည် ကန့်သတ်မှုများရှိနိုင်ကြောင်းကိုလည်း သိထားသည်။

ယခုအခါတွင် ဂျာမနီနိုင်ငံသည် ကမ္ဘာ့စစ်ရေးအခင်းအကျင်းကို ပြန်လည်သုံးသပ်နေရပြီဖြစ်သလို ဥရောပနိုင်ငံများသည်လည်း ထို့အတူဖြစ်သည်။ သို့သော်လည်း ဥရောပသည် ဒေသတွင်းနိုင်ငံခြားရေးမူဝါဒကို အာရုံစိုက်နေချိန်တွင် ဂျာမနီသည် ၎င်းတို့၏စစ်ရေးဆိုင်ရာတည်ရှိမှုကို ဥရောပအလယ်ပိုင်းအိမ်နီးချင်းနိုင်ငံများအထိ အရှိန်မြှင့်ဖြန့်ကြက်လျက်ရှိသည်။

လွန်ခဲ့သောနှစ် ရှန်ဂရီလာ ဆွေးနွေးပွဲတွင်လည်း ဥရောပနိုင်ငံခြားရေးရာမူဝါဒအကြီးအကဲ မစ္စစ် ဖယ်ဒီရီကာ မိုဂီရီနီက တောင်တရုတ်ပင်လယ်အရေးတိုက်ရိုက်မဖော်ပြခဲ့ပေ။

မည်သို့ဆိုစေ ဗြိတိန်နှင့် ပြင်သစ်တို့၏ လက်ရှိအခြေအနေအရ အရှေ့တောင်အာရှတွင် စစ်ရေးဆိုင်ရာ ဖြန့်ကြက်မှုများပြုလုပ်ရန် ရုပ်လုံးပေါ်ဖို့ အချိန်အတော်ယူရဦးမည်ဖြစ်သည်။ ရည်ရွယ်ချက်များ ထင်သာမြင်သာရှိနေသော်လည်း ဥရောပနိုင်ငံများ၏ ရှုထောင့်သည် တစ်မျိုးတစ်ဖုံ ဖြစ်ပေါ်လာမည်လားဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**ကိုးကား-နယူးစထရိတ်တိုင်းမ်**

**နိုင်ငံရေးအရ ပြင်သစ်သည် အကောင်းဆုံးအနေအထားတွင်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပြင်သစ်သည် စင်ကာပူ-မလေးရှားနှင့်လည်း စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိသလို အိန္ဒိယနှင့် ဩစတြေးလျတို့နှင့်လည်း စစ်ရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုထားသည်။ ထို့ပြင် အာရှဒေသတွင်း နိုင်ငံများနှင့်လည်း နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများ ပိုမိုစိတ်ပါဝင်စားစွာ ပြုလုပ်လျက်ရှိ**

## မီဒီယာများ၏ ဒရုန်းယာဉ်အသုံးပြုခြင်းကို အာဖဂန်နစ္စတန်အာဏာပိုင်များတားမြစ်

**ကဘူးလ် ဇွန် ၉**

အာဖဂန်နစ္စတန်အာဏာပိုင်များသည် ဗုဒ္ဓဟူးနေ့က မီဒီယာကုမ္ပဏီများကို ဒရုန်းကင်မရာများအသုံးပြု၍ လုံခြုံရေးဆိုင်ရာသတင်းများ ထောက်လှမ်းခြင်းကို တားမြစ်လိုက်ကြောင်း နယူးစထရိတ်တိုင်းမ်သတင်းတွင်ဖော်ပြခဲ့သည်။

ပြည်ထဲရေးဝန်ကြီးက လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအတွက် ပြဿနာများဖြစ်ပေါ်စေနိုင်ခြင်းကြောင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား ဒရုန်းကင်မရာများကို အသုံးမပြုရန် ကြေညာလိုက်ကြောင်း ယင်းဌာန၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ယင်းကြေညာချက်သည် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပက်သက်ပြီး မည်သို့မည်ပုံပြုလုပ်ရမည်ဖြစ်ကြောင်း အတိအကျသတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း မကြာသေးမီက အစိုးရဆန့်ကျင်ဆန္ဒပြမှုများအတွက် သတင်းရယူနေစဉ် ကဘူးလ်ရှိ သမ္မတနန်းတော်အပေါ်တွင် ပြည်တွင်းမီဒီယာကုမ္ပဏီမှ ဒရုန်းယာဉ်တစ်စင်း ဖြတ်ကျော် ပျံသန်းပြီးနောက် ထိုကဲ့သို့ တားမြစ်သည့်ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်မဟာမိတ်တပ်ဖွဲ့များသည် သောင်းကျန်းသူ သူပုန်များကို ဆန့်ကျင်နှိမ်နင်းမှုများပြုလုပ်နိုင်ရန် စုံစမ်းထောက်လှမ်းရေးအတွက် ဒရုန်းယာဉ်များကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ ရှားပါးသောတိုက်ခိုက်မှုအဖြစ်အမေရိကန် ဒရုန်းယာဉ်တစ်စင်းသည် တာလီဘန်ခေါင်းဆောင် မူလာအက်ရ်တာ မန်ဆောကို လွန်ခဲ့သောလက သတ်ဖြတ်နိုင်ခဲ့သည်။

**(နယူးစထရိတ်တိုင်းမ်)**



မကြာသေးမီက အစိုးရဆန့်ကျင်ဆန္ဒပြမှုများအတွက် သတင်းရယူနေစဉ် ကဘူးလ်ရှိ သမ္မတနန်းတော်အပေါ်တွင် ပြည်တွင်းမီဒီယာကုမ္ပဏီမှ ဒရုန်းယာဉ်တစ်စင်း ဖြတ်ကျော်ပျံသန်းနေသည်ကို တွေ့ရစဉ်



**✻ ရှေ့ဖုံးမှ**

ကောလင်းမြို့ပေါ် (၆)ရပ်ကွက်၌ ယနေ့နံနက် ၄ နာရီမှစတင်၍ တောင်ကျရေများ စီးဆင်းလာရာ နံနက် ၆ နာရီတွင် တစ်မြို့လုံးနီးပါးမျှ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး **(အပေါ်ပုံ)** အချို့နေရာများ၌ ရေအနက် ၁၀ ပေအထိ နစ်မြုပ်ပျက်စီးခဲ့ကာ အမျိုးသား နှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ကောလင်းမြို့သည် နှစ်စဉ်ရေလွှမ်းမှုဒဏ်ကို ခံစားရပြီး ယမန်နှစ်ဇူလိုင် ၁၉ ရက်ကလည်း ပြင်းထန်သောရေကြီး ရေလျှံမှုဖြစ်ပွားခဲ့ရာ ကျေးရွာပေါင်း ၁၇ ရွာ ရေလွှမ်းခဲ့သည်။

"အခုရေကြီးမှုဟာ ဒီနှစ်အတွက် ပထမဆုံးပါ၊ ကောလင်းမှာ နှစ်စဉ်ဖြစ်ပါတယ်။ နည်းတာနဲ့ များတာပဲကွာပါတယ်။ ထမင်းထုပ်ဝေတာနဲ့ ချက်ပြုတ်ရေးအတွက် လိုအပ်တဲ့ဆန်၊ ကြက်ဥ၊ သောက်ရေသန့်စတာတွေကို ဌာနဆိုင်ရာအဖွဲ့အစည်းတွေရယ်၊ နယ်မြေခံတပ်ရင်း၊ ကောလင်းမြို့နယ်လုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ပရဟိတအသင်းနဲ့ မြို့ပေါ် (၆) ရပ်ကွက်က အုပ်ချုပ်ရေးမှူးတွေနဲ့ ကမ္ဘောဇဘဏ်က ဝန်ထမ်းတွေစုပေါင်းပြီး လတ်တလောဆောင်ရွက်ပေးနေပါတယ်" ဟု မြို့နယ်လုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးပရဟိတအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘောဇဘဏ်လီမိတက် ကောလင်းဘဏ်ခွဲတာဝန်ခံ ဦးတင်လင်းက "ကျွန်တော်တို့ ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်နဲ့ ရေကြီးရေလျှံမှုဖြစ်ဖြစ်ချင်း ရေဘေးသင့်ပြည်သူတွေနေ့လယ်စာနဲ့ ညစာ စားသောက်နိုင်ဖို့ ဒေသခံတွေနဲ့ ပူးပေါင်းပြီးဝန်ထမ်းတွေကိုယ်တိုင် ဆောင်ရွက်ခဲ့ကြပါတယ်။ အချို့ကားနဲ့ သွားလို့ရတဲ့နေရာတွေကို ကားနဲ့သွားပြီး ထမင်းထုပ်ဝေခဲ့ပါတယ်။ ရေကျသွားရင်တော့ စိုးရိမ်စရာမရှိပါဘူး။ အကယ်၍ ရေမကျသေးဘူးဆိုရင်လည်း ဖောင်ဒေးရှင်းအနေနဲ့ လိုအပ်တာတွေကို ကူညီဆောင်ရွက်သွားမှာပါ" ဟု ပြောကြား သည်။

ယခုရေကြီးရေလျှံမှုသည် ဝန်းသို မြို့၌ ယမန်နေ့ညက မိုးရေချိန်လက်မ ၁၀ ဒသမ ၃၅ လက်မ ရွာသွန်းခြင်းကြောင့်လည်းကောင်း၊ ကုန်းမြင့်ပိုင်းဒေသများ၌ သစ်တောများပြုန်းတီးမှုကြောင့် တောင်ကျချောင်းရေများ မြေနိမ့်ပိုင်းသို့ အထိန်းအကွပ်မဲ့ စီးဆင်းမှုကြောင့် ဖြစ်ပွားရကြောင်း ဒေသခံများက သုံးသပ်ပြောကြားသည်။ ယခုဖြစ်စဉ်ကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သော ကျော်ဇေယျ၊ မြောက်အင်း၊ စက်ရုံလယ်ပြင်၊ ဈေးရုံဗိုလ်တဲ၊ မြို့ကုန်းမြို့မရပ်ကွက်များရှိ နေအိမ်များ၊ ကျောင်းများ၊ ဆေးရုံနှင့် ရဲစခန်းဝင်းအတွင်းသို့ပါ ရေများဝင်ရောက်ခဲ့ပြီး နေအိမ် ၄၀၀၀ ခန့် ရေဘေးဒဏ်ခံခဲ့ရကြောင်း သိရသည်။

**ဝန်းသို**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၉ ရက် နံနက် ၃ နာရီခန့်က ဒေါင်းမြူးချောင်း ရေလျှံတက်လာပြီး ဝန်းသိုမြို့ပေါ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာများတွင် ရေဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"အခုလိုရုတ်တရက် မိုးကြီး၍ ရေလျှံမှုကြောင့် ဝန်းသိုမြို့ပေါ်ရှိ ဆီဆုံကုန်း၊ ကျမိုင်းကုန်း၊ ပုဇွန်တောင်၊ အရှေ့ဈေး၊ ဥယျာဉ်တော်၊ ကြိုးကြာကွင်းရပ်ကွက်နှင့် မန်ကျည်းကုန်း၊ မြိုင်ဇေယျာ၊ ဇီးဖြူပင်၊ ဌေ့ကြီး၊ လက်ပံကြီးတော၊ အုတ်ဖို၊ သရက်အိုက်၊ ရှမ်းစု၊ ခြေယားကုန်း၊ စိန်လည် စတဲ့ ကျေးရွာတွေက လူနေအိမ်တွေနဲ့ စာသင်ကျောင်းတွေကို ရေများ နှစ်ပေခန့်ဝင်ရောက်ခဲ့ပါတယ်။ ကြိုးကြာကွင်းရပ်ကွက်မှာရှိတဲ့ ဦးဝင်းမြင့်ရဲ့ကြက်ခြံက ကြက်တွေအကောင် ၇၀၀ လောက် သေဆုံးမှုဖြစ်ပွားပြီး၊ ရပ်ကွက်နဲ့ ကျေးရွာချင်းဆက် သစ်သားတံတားအချို့ ရေမျောပါပျက်စီးမှုတွေ၊ မြို့ပေါ်နဲ့ ကျေးရွာတွေမှာ သိုလှောင်ထားတဲ့သီးနှံတွေ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်"ဟု မြို့နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝန်းသိုမြို့နယ်တွင် နှစ်ညဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဇွန် ၉ ရက် နံနက် ၅ နာရီခန့်တွင် ရေများပြန်လည်ကျဆင်းသွားခဲ့ကာ ရေဝင်ရောက်မှုများကြောင့် လူအသေအပျောက်မရှိကြောင်းနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် နယ်မြေခံတပ်များ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ပင်လည်ဘူး**

ထို့ပြင် ပင်လည်ဘူးမြို့နယ်တွင် မိုးရေချိန်၃ ဒသမ ၄၂လက်မရွာသော်လည်း တောင်ကျ ရေအရှိန် လျင်မြန်မှုကြောင့် ကောလင်း-ပင်လည်ဘူးသွား လမ်းမိုင် ၇ မိုင်ရှိ တံတားချဉ်းကပ်ခုံ ပြိုကျပြတ်တောက်၍ (ပေပင်စု+အလယ်စု)ကျေးရွာ မြေလင်းခံစားချောင်းရေလျှံမှုကြောင့် ကျေးလက်ကျန်းမာရေးမှူးဌာနခွဲ ပြိုကျပျက်စီး၊ အထက ကျောင်း အုတ်တံတိုင်းများပြိုကျပျက်စီး၊ မြေလင်းရွာရှိ အစိုးရပိုင်အမှတ်-၂၄သစ်စက် အားလုံး ရေထဲပါသွားခဲ့သည်။ မြေလင်းချောင်းထိပ် ပင်လည်ဘူးသွားရာဘက် ကမ်းပါးရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တန်းအားလုံး ရေမြုပ်၊ နံကပ်နှစ်ထပ်တိုက်တစ်လုံးရေထဲမျောပါခဲ့ကြောင်း သိရသည်။

**သတင်း - ငွေအိုး(ကသာ)၊ သီဟထွန်း၊ (တိုင်းဒေသကြီး ပြန်/ဆက်)**
**ဓာတ်ပုံ - တင်လင်း(ကောလင်း)၊ (ပြန်/ဆက်)**

# ကောလင်းမြို့ ရေနစ်မြုပ်ရာရပ်ကွက်များ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ကောလင်း ဇွန် ၉**

ကောလင်းမြို့သို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့ ဇွန် ၉ ရက် ညနေ ၃ နာရီခန့်တွင် ရောက်ရှိလာပြီး မိုးရွာ၍ ရေနစ်မြုပ်သည့်မြို့ပေါ်(၆)ရပ်ကွက်အား လှည့်လည်ကြည့်ရှုကာ စက်ရုံလယ်ပြင်ရပ်ကွက်ရှိ အလယ်ကျောင်းဘုန်းကြီးကျောင်း၌ ရေဘေးကယ်ဆယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနသို့ ရေစုပ်စက် နှစ်စုံ၊ ရေဘေးကယ်ဆယ်ရေးအတွက် Hygen Kid နှစ်ခု၊ FamilyKid ပုံး ၂၅၀ နှင့် ခေါက်ဆွဲခြောက်ထုပ်ငါးဖာတို့အား သက်ဆိုင်ရာ မြို့မိမြို့ဖများသို့ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကောလင်းမြို့ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်လူနာများအားကြည့်ရှုကာ အရေးပေါ်ကယ်ဆယ်ရေးအတွက် ဆေးသေတ္တာနှစ်စုံ လှူဒါန်းခဲ့ကြောင်းသိရသည်။

**လူအောင်(ကသာ)**

အင်းဝဘဏ်၏ ကျိုက်ထိုဘဏ်ခွဲ ဖွင့်လှစ်ခြင်းအား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

နှစ်ပေါင်း(၂၀)ခန့် ဘဏ်လုပ်ငန်းဖြင့် အောင်မြင်ခိုင်မာစွာ ရပ်တည်လျက်ရှိသော အင်းဝဘဏ်လီမိတက်သည် ရင်းနှီးနွေးထွေးသော ဝန်ဆောင်မှုဖြင့် တိုင်းရင်းသား မိဘပြည်သူများ၏ ငွေကြေးကိစ္စရပ်များ၊ စီးပွားရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်စေရေး ကိစ္စရပ်များကို ဘဏ်လုပ်ငန်းဖြင့် ရင်းနှီးစွာ အသုံးချနိုင်ရန် ရည်ရွယ်၍ (၄၀)ခုမြောက် ဘဏ်ခွဲဖြစ်သော ကျိုက်ထိုဘဏ်ခွဲအား (၉-၆-၂၀၁၆)ရက်နေ့၌ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

Aung Myint Moh Min Insurance Company Limited

" ဘဝလုံခြုံစိတ်ချဖို့ အသက်အာမခံထားကြစို့ "
နွေးထွေးသောကြိုဆိုမှု၊
အကောင်းဆုံးဝန်ဆောင်မှုများဖြင့်
စိတ်ကျေနပ်မှု ရရှိစေပါမည်

အောင်မြင့်မိုရ်မင်း အာမခံကုမ္ပဏီလီမိတက်

ဆက်သွယ်ရန်လိပ်စာ- အမှတ်(၂၈)၊ ရွှေတိဂုံဘုရားလမ်းနှင့်ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း- ၀၁-၃၇၈၉၆၄၊ ဖက်(စ်)- ၀၁-၃၇၈၉၆၅

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ခရိုင်/မြို့နယ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်း (၂၀)ခုအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဖုန်း-၀၂-၃၃၆၁၉၊ ၀၂-၆၀၂၆၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) **လျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက်
(ခ) **လျှောက်လွှာပိတ်မည့်ရက်** - ၁၂-၇-၂၀၁၆ရက်
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၀-၇-၂၀၁၆ရက်
(ဃ) **လျှောက်လွှာရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

**အမည်ပြောင်း**
ဦးမင်းအောင် ၁၁/တကန(နိုင်)၀၀၀၁၄၄၏သား သံတွဲမြို့၊ အထက(ခွဲ) မြို့မ၊ အဌမတန်း(B)မှ မောင်နန္ဒအား မောင်ရဲထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲထက်နိုင်**

**အမည်ပြောင်း**
ဦးနိုင်လင်း ၁၂/သကတ(နိုင်)၁၂၈၉၄၆၏သား အလက-၁၊ ဒဂုံဆိပ်ကမ်း စတုတ္ထတန်း(D)မှ မောင်ဝဏ္ဏကျော်အား မောင်ရှွန်းမင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရှွန်းမင်းအောင်**

**ဖခင်အမည်မှန်**
လှိုင်သာယာမြို့နယ်၊ အထက-၄၊ တက္ကသိုလ်ဝင်တန်း (Eco)(B)မှ မငြိမ်းသဥ္ဇာ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ၁၄/ဝခမ(နိုင်)၀၆၅၃၂၅ ဖြစ်ပါသည်။ **ဦးဝင်းဆွေ**

စီးပွားတက်လာဘ်တိုးမှာ
**ရွှေကမ္ဘာ**
အိမ်ပြောင်း။ အိမ်ရွှေ့လုပ်ငန်း
14'ကားများဖြင့်လုပ်သားအပါတာဝန်ယူဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်စေ)
Ph: 095097001, 0949259491, 09421177464

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 2J-1099 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး**
**ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင် (၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော (FDA)အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
**စတင်ရောင်းချမည့် ရက်** - ၁၃-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၂-၇-၂၀၁၆ရက် ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းများ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
ခုတင် (၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့
ဖုန်း-၀၄၂-၇၁၂၈၁၊ ၀၉-၇၈၁၂၁၉၉၆၁

**ပျောက်ဆုံးကြောင်း**
ကျွန်တော်တို့၏ Super Local Engineering Construction Group Co.,Ltd ကုမ္ပဏီမှတ်ပုံတင်ကတ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၂၀၂၂၄၀**

**ပျောက်ဆုံးကြောင်း**
ကျွန်မတို့၏ Ma Lwin Group Mining Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်ကတ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၂၀၂၂၄၀**



# စက်ချွတ်ယွင်းသည့်ကား လမ်းလယ်ကျွန်းအားဝင်တိုက်

**မိတ္ထီလာ ဇွန် ၉**

မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၃၀၆/၆)မိုင်အနီးတွင် ဇွန် ၇ ရက် ညနေ ၅ နာရီက နေပြည်တော်ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ပိုင်စိုးသူ (၂၆နှစ်)မောင်းနှင်လာသော လိုက်ထရပ်ကား 8G/--သည် စက်ချွတ်ယွင်း၍ လမ်းလယ်ကျွန်း ဘလောက်တုံးများကို ဝင်တိုက်မိသည်။

ယာဉ်တိုက်မိသဖြင့် ယာဉ်မောင်း ပိုင်စိုးသူ၊ ကားပေါ်ပါ တရုတ်ပု (၄၃နှစ်)၊ မြမိုးဦး(၂၂နှစ်)တို့မှာဒဏ်ရာအနည်းငယ်ရရှိသွားသည်။ ယာဉ်တိုက်မှုကို သီးကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မန္တလေးမြို့၌ ကားမှန်ရိုက်ခွဲသည့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိ

**မန္တလေး ဇွန် ၉**

မန္တလေးမြို့တွင် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ရဲအုပ်အောင်ဇော်ဦးနှင့် ပူးပေါင်းအဖွဲ့သည် အဖွဲ့များခွဲ၍ နယ်မြေအတွင်း ကားမှန်များထုခွဲခံရခြင်းမရှိစေရေး ဆိုင်ကယ်လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ဇွန် ၈ ရက် နံနက် ၃ နာရီခန့်က ရဲအုပ်အောင်ဇော်ဦးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၁၉×၈၆ လမ်းဆုံအရောက်တွင် လမ်းဘေး၌ရပ်ထားသည့် ကားတစ်စီးအနီး CZI-125 ဆိုင်ကယ်တစ်စီးနှင့် လူငယ်သုံးဦးတို့ လှည့်ကင်းအဖွဲ့အားတွေ့ရှိ၍ ရုတ်တရက်မောင်းနှင်ထွက်ပြေးသဖြင့် ရဲအုပ်အောင်ဇော်ဦးနှင့်အဖွဲ့က လိုက်လံဖမ်းဆီးရာ ၂၆×၉၀ လမ်းဆုံတွင် ဝလာကြည်လွင်(၁၇ နှစ်)၊ ဝေယံမောင်(၁၅ နှစ်)နှင့် ဝင်းမင်းထွန်း(၁၆ နှစ်) အောင်မြေသာစံမြို့နယ်နေသူတို့ကို ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သုံးဦးကို ရဲစခန်းသို့ခေါ်ဆောင်စစ်ဆေးရာ ဇွန် ၈ ရက် နံနက် ၂ နာရီခန့်က ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း၊ ၂၉×၃၀ လမ်းကြားရှိ ကောင်းကမ္ဘာကားအရောင်းစင်တာဝင်းအတွင်းမှ အဖြူရောင်ကားတစ်စီး၏ ရှေ့လေကာမှန်ကို အုတ်နီခဲကျိုးဖြင့် ထုခွဲခဲ့ကြောင်းနှင့် ၎င်းတို့နှင့်အတူ အောင်ဖြိုးသူ(ခ)ပေါင်ပေါင်(၁၇ နှစ်)၊ အာကာကျော်(ခ) ချစ်ထွေး(၁၈ နှစ်)၊ မင်းထက်မောင်(၁၅ နှစ်)နှင့် မငယ်ငယ်ထက်(၁၈ နှစ်) အောင်မြေသာစံမြို့နယ်နေသူတို့ လေးဦးပါဝင်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နံနက် ၉ နာရီတွင် ၎င်းတို့အား ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ၆၂ လမ်း၊ ၂၉×၃၀ လမ်းကြားရှိ ကောင်းကမ္ဘာကားအရောင်းစင်တာသို့ သွားရောက်စုံစမ်းရာ ယာဉ်ပိုင်ရှင် ဦးကျော်ကျော်ထွန်း၏ 5L/---- Passo အဖြူရောင်ယာဉ် ရှေ့လေကာမှန်အား ထုခွဲခံရ၍ ကွဲအက်ပျက်စီးနေကြောင်း တွေ့ရှိရသည်။

အဆိုပါကားမှန်ရိုက်ခွဲဖျက်ဆီးသူ ဝလာကြည်လွင်ပါ ခုနစ်ဦး(အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦး)တို့အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မေလနှင့်ဇွန်လအတွင်း မန္တလေးမြို့ပေါ်၌ လမ်းဘေး၌ ရပ်ထားသည့် မော်တော်ယာဉ် ၁၈ စီး(အောင်မြေသာစံမြို့နယ် ၁၅ စီး၊ ချမ်းအေးသာစံမြို့နယ် နှစ်စီး၊ မဟာအောင်မြေမြို့နယ် တစ်စီး)တို့၏ လေကာမှန်များထုခွဲခံရပြီး အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ဝလာကြည်လွင်ပါ ခုနစ်ဦးကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဖားကန့်၌ ဘက်ဟိုးဂေါ်ပိမိ၍ ယာဉ်မောင်းသင်တန်းသားသေဆုံး

**ဖားကန့် ဇွန် ၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်မောင်းလယန်ရှိ ကုမ္ပဏီတစ်ခု၌ ဇွန် ၆ ရက် ညနေက စက်ယန္တရားများ အမဲဆီထိုးနေသော လူငယ်တစ်ဦး ဘက်ဟိုးဂေါ်ပိမိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု မော်မောင်းလယန်ကျေးရွာအနီး ကချင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလုပ်ကွက်အတွင်း ကုမ္ပဏီလုပ်ကွက်ရပ်နားချိန်တွင် ယာဉ်မောင်းသင်တန်းသား အေးမြသာယာအုပ်စု မော်မောင်းလယန်ကျေးရွာ၊ ဖားကန့်မြို့နယ်၌ နေထိုင်သူ စောလောအယ်ဆေး(၂၃ နှစ်)သည် ကုမ္ပဏီပိုင်ဘက်ဟိုးယာဉ်အား အမဲဆီထိုးနေစဉ် ၎င်းနှင့်နေရပ်တူ ယော်ဒန် (၂၅နှစ်)က ယင်းယာဉ်၏ စက်ခေါင်းခန်းသို့ တက်ရောက်ပြီး ဘက်ဟိုးယာဉ်ဂေါ်အား အောက်သို့ချသည့်ခလုတ်ကို ယာလက်ဖြင့် မတော်တဆနှိပ်မိရာမှ အောက်တွင် အမဲဆီထိုးနေသော စောလောအယ်ဆေးအား ပိမိသဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ဘိန်းဖြူ၊ ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားအမြောက်အမြားဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့များသည် သတင်းအရ ဇွန် ၇ ရက်က မြဝတီမြို့ (၅)ရပ်ကွက် ဆင်းရွှေလီ (၃)လမ်းနေ မဌေးဌေးကြည်၏ အိမ်အတွင်းမှထွက်လာသူ ကျော်ကျော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ပြား သိမ်းဆည်းရမိခဲ့၍ မဌေးဌေးကြည်၏နေအိမ်ကိုဆက်လက်ရှာဖွေရာ ၎င်းနှင့်သမီးဖြစ်သူ မအိ၊ တင်အောင်နှင့်ဇနီး မအေးအေးလှတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာနေ အောင်ဆွေ၏ နေအိမ်တဲကိုရှာဖွေရာ ၎င်းနှင့်အတူ ညီမန်းအိမ်၊ ဆာကြင်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ ကိုလည်းကောင်း၊ ကြာအောင်၏ နေအိမ်တဲကိုရှာဖွေရာ ၎င်းနှင့်အတူ အိုက်ကိန်းအားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုထပ်မံသိမ်းဆည်းရမိသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များ အဖွဲ့သည် ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀ ရှိ ရဲခေါင်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့် စိုင်းစံထွန်းအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၂ ပြား၊ ဆေးခြောက် ၂ဂရမ် နှင့် အိုက်စ် ၁ ဒသမ ၅ ဂရမ်တို့ကို သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ တာမွေမြို့နယ် ကျောက်မြောင်း (အထက်)ရပ်ကွက်၊ သုခမ္မာလမ်းနေ အောင်ရဲလင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၁ ပြား ကိုလည်းကောင်း၊ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ စွမ်စော်ရပ်ကွက်၊ (၃)လမ်းနှင့် (၄)လမ်းကြားနေ ချိမ်ရှုပ်ပင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅ ပြားနှင့် ဘိန်းဖြူ ၂၀ ဒသမ ၃ ဂရမ် တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားတစ်ဦး ကြံခင်းထဲတွင် သေဆုံး

**ကသာ ဇွန် ၉**

ကသာခရိုင် ထီးချိုင့်မြို့နယ် ကမ်းနီရဲကင်းစခန်းမှူးရဲအုပ်ကျော်မျိုးမင်းသည် ဇွန် ၈ ရက် ညနေ ၅ နာရီက ရဲကင်းစခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် အင်ဒေါင်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်စိုးမှ ကြံခင်းအတွင်း အမျိုးသား အလောင်းတစ်လောင်းတွေ့ရှိကြောင်း အကြောင်းကြားချက်အရ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ သေဆုံးသူမှာ ထီးချိုင့်မြို့မရဲစခန်း၏အရှေ့မြောက် မိုင် ၃၀ ခန့် ကြိုခုံ ကျေးရွာ၏အရှေ့မြောက်သုံးမိုင်ခန့်အကွာ သစ်ကွက်အမှတ်(၃) နွောပင်ကြီးလမ်းနှင့် ယခင်ဆည်မြောင်းလမ်းကြား ကြံခင်းထဲတွင် တစ်ဦးတည်းနေထိုင်သူ မောင်ဇော်(၄၂နှစ်) အင်ဒေါင်းအုပ်စု ထီးချိုင့်မြို့နယ်နေသူဖြစ်ပြီး ၎င်း၏တဲတွင် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ထီးချိုင့်မြို့မရဲစခန်းမှစုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မူးယစ်ဟူသမျှ ဆန့်ကျင်ကြ


RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၅၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်စည်သူ၏အမည်မှန်မှာ မောင်အောင်စည်သူ ၇/အတန(နိုင်)၁၄၂၅၁၉ ဖြစ်ပါကြောင်း။
မောင်အောင်စည်သူ

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မောင်ထက်ကောင်းထွန်း၏ဖခင်အမည်မှန်မှာ ဦးကြည်လင် ၇/အတန(နိုင်)၀၃၂၃၈၀ ဖြစ်ပါကြောင်း။
ဦးကြည်လင်

**TRADEMARK CAUTION**

LION SHARE MANAGEMENT LIMITED a company incorporated in British Virgin Islands at C/O 31/F, 148 Electric Road, North Point, Hong Kong is the Owner and Sole Proprietor of the following Trademark:-

TEAPOT

Reg : No. 4/4063/2016

In respect of : Int'l Class 29 : Milk and milk products; edible oil & fats; preserved, dried & cooked fruits & vegetables; jellies, jams, compotes, yoghurts, yoghurt products; eggs & eggs products; beverages included in class 29.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 162. 1st Floor. 35th Street
Kyauktada Township, Yangon,
Myanmar.,P.O.Box : 1126
PH : 95 1 371 990, 95 1 372 712
Fax : 95 1 371 990, 95 1 296 848
2016

အလင်းသစ်စာပေ
အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊
လူသားတို့၏ ပစ္စုပ္ပန်ဘဝ တိုးတက်ကြီးပွားအောင်မြင်ရေးအတွက် လိုက်နာကျင့်ကြံဖွယ်ရာ အကြောင်းအရာများဖြစ်သော . . .
ဗုဒ္ဓ၏
အောင်မြင်ရေးလမ်းညွှန်ချက်များ
မင်းနန် (မော်ကျွန်း)
ဆိုင်များတွင်ရပြီ
အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

**ဦးဝင်းဆွေ ၁၂/ဗတထ(နိုင်) ၀၂၃၈၇၇+၃၏**
**၁-၆-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ကြော်ငြာထားသော ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းအား**
**ကန့်ကွက်ရှင်းလင်းခြင်း**
ဦးဝင်းဆွေ ၁၂/ဗတထ(နိုင်) ၀၂၃၈၇၇+၃တို့မှ ဦးကျော်စိုးဝင်း ၁၂/ဗတထ(နိုင်) ၁၂၀၉၄၄ နှင့် ဦးအိုက်သန်း ၁၃/ကမန(နိုင်) ၀၈၁၀၉၆တို့အား ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ၂၃-၅-၂၀၁၃ရက်တွင် လွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၉၅၁/၂၀၁၃)ကို လွှဲအပ်သူများမှ တစ်ဖက်သတ်ရုပ်သိမ်းခြင်းဖြစ်၍ လွှဲအပ်ခံရသူ တစ်ဦးဖြစ်သည့် ဦးအိုက်သန်းမှ သဘောတူလက်ခံခြင်းလုံးဝမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။
အခြားသော အဖိုးတန်စာချုပ်စာတမ်းများအရလည်း ဦးကျော်စိုးဝင်းနှင့် ဦးအိုက်သန်းတို့အား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာသည် တည်တံ့ခိုင်မြဲလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးအိုက်သန်း
၁၃/ကမန(နိုင်) ၀၈၁၀၉၆

**အမည်ပြောင်းနှင့် ဖခင်အမည်မှန်**
မြင်းခြံမြို့နယ်၊ ညောင်ပင်ရွာနေ ဦးကျော်စိန်-ဒေါ်ခင်သန်းဝင်းတို့၏သား အထက(ခွဲ)၊ ပျော်ဘွယ် စံပြ၊ အဋ္ဌမတန်းမှ မောင်ညီညီဇော်အား မောင်သိန်းထိုက်ဟုပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးကျော်စိန် ၉/မခန(နိုင်)၁၂၂၇၆၃ ဖြစ်ပါကြောင်း။

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း**
ကျွန်တော် ဦးကျော်စိုးမိုး ၅/ကလတ(နိုင်)၀၀၂၆၀၇(ဘ)ဦးသိန်းဇံက ကောလင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံတွင် မဇင်မင်းသန့် ၅/မရန(နိုင်) ၁၅၉၂၈၀ (ဘ)ဦးကျော်လေးသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ၈-၆-၂၀၁၆ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ကျွန်တော်၏ သဘောတူညီချက်မပါဘဲ ဆောင်ရွက်ထားမှုအားလုံးကို ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
ဦးကျော်စိုးမိုး ၅/ကလတ(နိုင်)၀၀၂၆၀၇

**ဒေါ်ကြူကြူ၊ ဦးညွန့်ရှိန်နှင့် အများသိစေရန်ကြေညာခြင်း**
ကျွန်ုပ်၏အမှုသည် အမှတ် ၁၀၁၀၊ မင်းတပ်(၃)လမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)နေ ဒေါ်မြင့်မြင့်စိုး(ဦးကြည်ထွန်း၏ဇနီး)ဖြစ်သူ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။
ကျွန်ုပ်အမှုသည် ဒေါ်မြင့်မြင့်စိုး၏ခင်ပွန်း ဦးကြည်ထွန်းက ၂-၂-၂၀၁၃ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဦးညွန့်ရှိန်ထံမှ ပေ(၁၀×၆၀)မြေနှင့် အိမ်နှစ်လုံးအား ဝယ်ယူပိုင်ဆိုင်ထားသည့် မြေပေါ်ရှိ အိမ်ကလေးတွင် ဖခင် ဦးညွန့်ရှိန်နှင့် ယောင်းမ မကြူကြူမိသားစုတို့အား အခမဲ့နေထိုင်စေခဲ့ရာမှ ယခုအခါ ဒေါ်ကြူကြူ၊ ဦးညွန့်ရှိန်နှင့် ဒေါ်ကြူကြူသင်းတို့မှ ဒေါ်မြင့်မြင့်စိုးအား ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိလာသည့်အပြင် အရပ်စာချုပ်ဂရန်မိတ္တူဖြင့် ရောင်းချထားမှုအပေါ် အခွင့်ကောင်းယူကာ ကျွန်ုပ်အမှုသည် ဒေါ်မြင့်မြင့်စိုး လင်မယားပိုင် အိမ်မြေအားရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ခွဲဝေပေးခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းများ မပြုပါရန်နှင့် အခမဲ့နေထိုင်ခွင့်ပြုထားသူများအဖြစ်မှ ဦးညွန့်ရှိန်နှင့် ဒေါ်ကြူကြူမိသားစု တို့အား ခွင့်မပြုတော့ဘဲ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ဒေါ်ကြူကြူ၊ ဦးညွန့်ရှိန်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ချက်အရ-
ဒေါ်မြမြလွင်(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၃၅၈၊ဗိုလ်မင်းခေါင်လမ်း၊(၁၁)ရပ်ကွက်၊ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဖုန်း-၀၁-၅၈၀၀၂၂၊ ၀၉-၅၀၅၀၂၀၃

❍ *ကျော်ဖုံးမှ*

ပြည်တွင်းလိဂ်ပြိုင်ပွဲပြီးဆုံးမှသာ စခန်းဝင် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ်လနောက်ဆုံးပတ်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး လိဂ်ပြိုင်ပွဲကြားရက်များတွင် လေ့ကျင့်ရန် ကလပ်အသင်းများနှင့် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အသင်းသည် စက်တင်ဘာ ၄ ရက်တွင် မလေးရှားအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင် ကစားရန်စီစဉ်ထားပြီး ယင်းခြေစမ်းပွဲအပြီးတွင် ဥရောပနိုင်ငံများသို့ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်အပြီးတွင် အောက်တိုဘာလ၌ တောင်ကိုရီးယားနိုင်ငံသို့ ထပ်မံသွားရောက်မည်ဖြစ်ပြီး နိုဝင်ဘာလဆန်းပိုင်းတွင် ဆူဇူကီးဖလားပြိုင်ပွဲ အကြိုနောက်ဆုံးနိုင်ငံတကာခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် မေလမှ စတင်ပြင်ဆင်လျက်ရှိပြီး ဇွန်လဆန်းပိုင်းကကျင်းပခဲ့သည့် လေးနိုင်ငံပြိုင်ပွဲတွင် တတိယနေရာသာ ရရှိခဲ့သည်။

မြန်မာ အမျိုးသမီးအသင်းသည် တောင်ကိုရီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအပြီးတွင် လေ့ကျင့်မှုခေတ္တရပ်နားခဲ့ပြီး ဇွန် ၁၀ ရက်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အဆိုပါပြိုင်ပွဲအတွက် ယခုနှစ်ဆန်းပိုင်း ကတည်းကစတင်လေ့ကျင့်ခဲ့ပြီး နယ်သာလန်နိုင်ငံသား နည်းပြချုပ်ရော်ဂျာရိုင်နာသည် ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် စတင်ကိုင်တွယ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်ကာခြေစမ်းပွဲ ငါးပွဲကစားခဲ့ပြီး ဇွန် ၄ ရက်နှင့် ၇ ရက်တွင် တောင်ကိုရီးယားလက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၉ရက်တွင် မန္တလာသီရိကွင်း၌ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း အာဆီယံ၏ အဆင့်မြင့်ဆုံးဘောလုံးပြိုင်ပွဲနှစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။




## ဂေါက်ရိုက်ပြိုင်ပွဲ(ဒုတိယ)ပွဲစဉ် ပဲခူး၌ကျင်းပ

**ပဲခူး ဇွန် ၉**

မြန်မာ့ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ဒုတိယ)ပွဲစဉ်အား ဇွန် ၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ မြဝတီဘဏ်ဥက္ကဋ္ဌ၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကာ(ပထမ)နေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။ ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၂၈ ဦး၊ ဝါသနာရှင်အဆင့် ၇၈ ဦး(အမျိုးသား)၊ ဝါသနာရှင် အဆင့် ၁၀ ဦး (အမျိုးသမီး) စုစုပေါင်း ၁၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဖိုးသော်ဇင်**



## ကိုပါအမေရိကဖလား အုပ်စုပွဲစဉ် ဘရာဇီးတို့ ဟေတီကို ဂိုးပြတ်နိုင်

ကိုပါအမေရိကဖလား အုပ်စု(ခ)မှ ပွဲစဉ်(၂)ကို ဇွန် ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီးက ဟေတီကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင် ရရှိပြီး အီကွေဒေါနှင့် ပီရူးတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဘရာဇီးနှင့် ဟေတီပွဲတွင် ပထမပိုင်း၌ ဘရာဇီးတိုက်စစ်မှူး ကော်တင်ဟိုကပွဲချိန် ၁၄ မိနစ်နှင့် ၂၉ မိနစ်တွင် သွင်းယူခဲ့ပြီး ပွဲချိန် ၃၅ မိနစ်တွင် ကွင်းလယ်ကစားသမား အောဂတ်စ်တိုက ဘရာဇီးအတွက်တတိယမြောက်ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၉ မိနစ်တွင် လူစားဝင်လာသော ဂါဘရီရယ်က ဘရာဇီးအတွက် လေးဂိုးမြောက်ဂိုးကို သွင်းယူခဲ့သည်။ ဘရာဇီးအတွက် ငါးဂိုးမြောက်ဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် လူးကပ်စ်လီမာက သွင်းယူခဲ့ပြီး ဟေတီအတွက် တစ်လုံးတည်းသော ချေပဂိုးကို မိနစ်၇၀တွင် ဂျိမ်းစ်မာဆယ်လင်က သွင်းယူခဲ့သည်။ ပွဲချိန် ၈၆ မိနစ်တွင် အောဂတ်စ်တိုက ဘရာဇီးအတွက် ထပ်မံသွင်းယူခဲ့ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် ကော်တင်ဟိုက ဟက်ထရစ်သွင်းဂိုးနှင့် ဘရာဇီးအတွက် ခုနစ်ဂိုးမြောက်ဂိုးကို သွင်းယူခဲ့သည်။

အီကွေဒေါနှင့် ပီရူးပွဲ၌ ပီရူးအသင်းသည် ပွဲချိန်ငါးမိနစ်တွင် ခရစ်တီန်းကျူးဗာက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၁၃ မိနစ်တွင် ဖလိုရက်စ်က သွင်းယူခဲ့၍ ပီရူးအသင်း နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း ပွဲချိန် ၃၉ မိနစ်တွင် အန်နာဗလန်စီယာက အီကွေဒေါအတွက် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၄၉ မိနစ်တွင် အီကွေဒေါအတွက် ဒုတိယမြောက်ချေပဂိုးကို ဘိုဘာနိုစ်က သွင်းယူခဲ့သည်။

အုပ်စု(ခ)တွင် ဘရာဇီးနှင့် ပီရူးတို့ ရမှတ် လေးမှတ်စီရရှိခဲ့ပြီး အီကွေဒေါက နှစ်မှတ်နှင့် ဟေတီအသင်းမှာ အမှတ်မရရှိသေးပေ။ ဇွန် ၁၁ ရက်တွင် အုပ်စု(ဃ)မှ ချီလီနှင့် ဘိုလီဗီးယားတို့ နံနက် ၅ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာဂျင်တီးနားနှင့် ပနားမားတို့ နံနက် ၈ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သီဟ**

## ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

မနုတိုင်းရင်းသားလူမျိုးများနေထိုင်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဘော်ဆိုင်းဒေသတွင် ရှေးယခင် မိဘဘိုးဘွားများအဆက်ဆက်ကပင် သန့်ရှင်းသော သောက်သုံးရေမရရှိခဲ့သော်ငြားလည်း ယနေ့အချိန်တွင် **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** ပိုင် အင်္ဂလန်နိုင်ငံလုပ် DANDO ရေတွင်းတူးစက်သစ်ကြီးဖြင့် တူးဖော်ပေးခဲ့ရာ ယခင်က အကြိမ်ကြိမ် ကြိုးစားတူးဖော်ခဲ့သော်လည်း ရေမရရှိခဲ့သည့် နေရာတွင် **"ရွှေ"** နှင့် မလဲနိုင်သည့် **"ရေ"** ကို အဆင်ပြေစိတ်ချမ်းမြေ့စွာ ရရှိသုံးစွဲနိုင်ပြီဖြစ်ပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါကြောင်းနှင့် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဆရာတော် ဦးဇုတိမန္တ နှင့် မြို့သူမြို့သားများ
ကံဦးကျောင်း ဘော်ဆိုင်းမြို့။

## ကျေးဇူးတင်ဝမ်းမြောက်ခြင်း

အင်းသားလူမျိုးများနေထိုင်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်းလေးဒေသ၊ ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံနှင့် သာသနာ့ရောင်ခြည် ပရဟိတဘုန်းတော်ကြီးကျောင်းတို့တွင် စက်ရေတွင်းများ အောင်မြင်စွာ တူးဖော်လှူဒါန်းပေးခဲ့ရာ ပြည်သူ့ဆေးရုံရှိ သံဃာတော်များ၊ ဆေးရုံတက်လူနာများ၊ ဆေးရုံဝန်ထမ်းများနှင့် သာသနာ့ရောင်ခြည် ပရဟိတဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားနေသော သာမဏေများ၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် ရေကို လွယ်ကူ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ကြပြီဖြစ်ပါသဖြင့် **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** အား အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဆရာတော် ဦးသြဘာသနှင့် မြို့မိမြို့ဖများ
ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

# မိုးရာသီစိုက်ပျိုးစရိတ်များ မြိုင်မြို့၌ ထုတ်ချေးလျက်ရှိ

**မြိုင် ဇွန် ၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲရုံး၌ ကျေးရွာဘဏ်အဖွဲ့ဝင် တောင်သူတစ်ဦးချင်းသို့ ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များကို ဇွန်၇ ရက်က ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

မိုးရာသီအချိန်မီသီးနှံထုတ်လုပ်မှု အခက်အခဲမရှိစေရေးအတွက် မြိုင်မြို့နယ်မှ ကျေးရွာအုပ်စု ၈၀ မှ ဘဏ်အဖွဲ့ဝင် တောင်သူ ၁၁၂၀၃ ဦး၊ မြေဧကပေါင်း ၇၈၃၄၀ အတွက် ချေးငွေကျပ်သိန်း ၃၂၅၅၇ ဒသမ ၅၀ ကို ၂၀၁၆ ခုနှစ်မိုးရာသီ ဘဏ်ချေးငွေထုတ်ချေးရန် လျာထားကြောင်း စပါးတစ်ဧကေ ၁ သိန်းခွဲနှင့် မြေပဲ၊ နှမ်း၊ ပဲမျိုးစုံတို့အတွက် တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်း ထုတ်ချေးမည်ဟု မြို့နယ်ဘဏ်မန်နေဂျာ ဦးကြည်ဝင်းက ပြောသည်။

ထိုသို့ထုတ်ချေးလျက်ရှိရာ မြို့နယ်တွင်းကျေးရွာအုပ်စု ၂၄ အုပ်စုမှ ဘဏ်အဖွဲ့ဝင် ၂၀၇၆ ဦး မြေဧကပေါင်း ၁၄၀၆၁ ဧကအတွက် ချေးငွေကျပ်သိန်း ၆၁၄၉ ဒသမ ၃၀ ကို ထုတ်ချေးပြီးကြောင်း မြိုင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ အခုလို စိုက်ပျိုးချိန်မီ ထုတ်ချေးပေးတဲ့အတွက် အဆင်ပြေပါတယ်။ နှစ်သီးစားတိုးပြီး ရရင်တော့ ပိုပြီးကောင်းပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

မြိုင်မြို့နယ်သည် စပါးစိုက်ဧက ၁၂၉၁၅ ရှိပြီး အခြားမြေ ၆၅၄၂၆ ဧကအတွက် ချေးငွေရရှိရာ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံကို အဓိကထား၍ တောင်သူများ စိုက်ပျိုးကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**





## နွေစပါးပုလဲသွယ် စံပြကွက် ၁၀ ဧက ရိတ်ခြွေစက်ဖြင့် ရိတ်သိမ်း

**မိုးညို ဇွန် ၉**

၂၀၁၅-၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တွင် နွေစပါးပုလဲသွယ် စပ်မျိုးစပါး(GAP)စံပြကွက် ၁၀ ဧက ရိတ်သိမ်းပွဲကို ဇွန်လပထမပတ်က ညောင်ဝိုင်းအုပ်စု တောင်သူ ဦးစိန်လှိုင်၏အကွက်၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တောင်သူ ၁၈၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပုလဲသွယ်စပ်မျိုးစပါး ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးခြင်း၊ စပါးရိတ်သိမ်းခြွေစက်နှင့် ရိတ်သိမ်းခြင်းအား တိုင်းဒေသကြီး ဒုတိယဦးစီးမှူးက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဆားလင်းကြီးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဆားလင်းကြီး ဇွန် ၉**

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှဦးဆောင်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၇ ရက်က ဆားလင်းကြီးမြို့နယ် ဆင်ဖြူချည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ ဆားလင်းကြီးမြို့ အရိပ်ရသစ်ပင်မျိုးစုံ ၃၅၀ စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပပေးခဲ့ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုအသီးသီးရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား မြို့နယ်သစ်တောဦးစီးမှူး ဦးသိန်းကြိုင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းထွန်းဦး၊ သစ်တောဦးစီးဌာနတောအုပ် ဦးဝင်းအောင်နှင့် အမကကျောင်းအုပ်ဆရာမကြီးတို့က ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



ရက် ၁၀၀ စီမံချက်ဖြင့် အမြန်လမ်းမကြီး ဥပဒေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၆ ရက်က အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ ဖြူး အမြန်လမ်း ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များက ဖြူးမြို့နယ် မင်းလမ်းကူး ကျေးရွာအုပ်စု ရေအိုးစင်ကျေးရွာ၌ ဟောပြောဆောင်ရွက်စဉ်။
ကိုမျိုး(ရွှေပေါက်ကံ)

## စလင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးငွေကျပ်သိန်းပေါင်း ၇၀၄၅၀ ထုတ်ချေးမည်

**စလင်း ဇွန် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၆ မိုးရာသီချေးငွေများကို မေလတတိယပတ်မှစတင်၍ ရပ်ကွက်/ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ ဘဏ်အဖွဲ့ဝင် တောင်သူလယ်သမားဦးရေ ၁၁၆၉ ဦးသို့ ဇွန် ၃ ရက်အထိ ချေးငွေကျပ် ၇၁၁၀ ဒသမ ၇ သိန်း ထုတ်ချေးပေးခဲ့သည်။ ၂၀၁၆ မိုးရာသီ ဘဏ်ချေးငွေများကို ရပ်ကွက်/ကျေးရွာအုပ်စု ၈၅ အုပ်စုအတွက် တောင်သူဦးရေ ၁၄၀၀၀ သို့ ချေးငွေများထုတ်ပေးသွားမည်ဖြစ်ကြောင်း စလင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဦးအေးကျော်ထံမှ သိရသည်။

**စစ်ကြည်(စလင်း)**

### သတင်းတိုထွာ

## လူထုဗဟိုပြုလုပ်ငန်းများ ထန်းတပင်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

**ရန်ကုန်**

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသည့် ဝါးတရာကျေးရွာအုပ်စု ဝါးတရာကျေးရွာတွင် ရန်ပုံငွေကျပ် ၃၈၄ သိန်းဖြင့် လူဦးရေ ၄၁၇၀ကို အကျိုးပြုစေမည့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း၊ တံတားဦးကျေးရွာအုပ်စု စာဖြူစုကျေးရွာကို ရန်ပုံငွေကျပ်သိန်း ၄၀ ဖြင့် လူဦးရေ ၂၃၆ ဦးကိုအကျိုးပြုစေမည့် ရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သိရှိနိုင်ရန် ကမ္ဘာ့ဘဏ်မှ Senior Director ဖြစ်သူ Mr. Ede Ijjasz -Vasquez နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ပြည်ထောင်စုအဆင့် စီမံကိန်းရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက နံနက်ပိုင်းက မြို့နယ်စီမံကိန်းဝန်ထမ်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

Mr. Ede Ijjasz -Vasquez က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် နောင်နှစ်များတွင်လည်း စီမံကိန်းလုပ်ငန်းများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေးပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဂျပန်နိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့သင်တန်းကျောင်းမှ ပါမောက္ခချုပ်နှင့်အဖွဲ့ ရဲလုပ်ငန်းဆိုင်ရာများလေ့လာ

**ရန်ကုန်**

မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ ဂျပန်နိုင်ငံပြည်သူ့ရဲတပ်ဖွဲ့အဆင့်မြင့်အရာရှိများ သင်တန်းကျောင်းမှ ပါမောက္ခချုပ် SOGO FURUICHI ဦးဆောင်သော ဂျပန်နိုင်ငံမှ စုံစမ်းစစ်ဆေးရေးအရာရှိများသည် ဇွန် ၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့ရှိလုပ်ဆောင်နေသည့် ရဲလုပ်ငန်းဆိုင်ရာလုပ်ငန်းများ၊ နယ်မြေအတွင်း ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို လေ့လာရန်ရောက်ရှိလာရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးနှင့် တပ်ဖွဲ့ဝင်များက အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့မှ ဆောင်ရွက်လျက်ရှိသည့် ရဲလုပ်ငန်းစဉ်များနှင့်ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ဆောင်ရွက်ထားရှိမှုတို့အား အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရဲစခန်းရှိ တာဝန်မှူးရုံးခန်း၊ အချုပ်ခန်း၊ အမှုစစ်ရုံးခန်း၊ နယ်ထိန်းရုံးခန်းတို့တွင်လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## မျိုးစပါးထောက်ပံ့ပေးအပ်ပွဲ ဂွမြို့၌ ကျင်းပ

**သံတွဲ**

သံတွဲခရိုင် ဂွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၇ ရက်က ဂွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းက မျိုးစပါးများ ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု ၂၂ အုပ်စုရှိ တောင်သူများအား မျိုးစပါးတင်း ၁၀၀၀ ကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး

**မြိုင်**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသန်းဦးနှင့်အဖွဲ့သည် ဇွန် ၂ ရက်မှ ၅ ရက်အထိ မြိုင်မြို့နယ် စိုင်ဂေါင်း၊ ဒဟတ်ချောက်၊ မကျီးစုနှင့် ဝါးကန်ကျေးရွာများ၌ အကြိမ်(၆၀)မြောက် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါဟောပြောပွဲများတွင် ခရိုင်ဦးစီးအရာရှိက မိတ်ဆက်အမှာစကားနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် စားသုံးသူတို့၏ ရပိုင်ခွင့်အခွင့်အရေးများ ဟောပြောပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ပိုးမွှားအန္တရာယ်ကျရောက်မှုနှင့် ပိုးသတ်ဆေးအန္တရာယ်များအကြောင်း၊ ဖြည့်စွက်အစားအစာများမှ ခွင့်မပြုဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ ကင်ဆာဖြစ်စေနိုင်သော အစားအသောက်များကိုလည်းကောင်း ဟောပြောကြသည်။ **(၁၃၅)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထီးလင်း၌ထုတ်ပေးလျက်ရှိ

**ထီးလင်း**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ထီးလင်းမြို့နယ်အတွင်းရှိ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိရာ ဇွန် ၆ ရက်အထိ တောင်သူအစုအဖွဲ့ ၇၈၉ ဖွဲ့မှ တောင်သူ ၂၂၄၀ ထံ စပါး ၅၂၂၈ ဧက၊ နှမ်း ဧက ၃၆၈၀၊ မြေပဲ ၅၅၂ ဧကတို့အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၈၆၈၈ ဒသမ ၄၀ ကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်

**အောင်လံ ဇွန် ၉**
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ တောင်သူများအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆)ဖွင့်ပွဲကို စက်မှုလယ်ယာဦးစီးဌာန အမှတ် (၁၀) စက်မှုလယ်ယာစခန်း၌ ဇွန် ၆ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သရက်ခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးညွန့်ဆိုင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသိန်းလွင်ဦးက စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ရေး ဆောင်ရွက်နေမှုများနှင့် သင်တန်းအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Good Brother's ကုမ္ပဏီလီမိတက် အောင်လံမြို့နယ် တာဝန်ခံက လယ်ယာသုံးစက်ပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းသားတောင်သူများအား လယ်ယာသုံးစက်ကိရိယာများကို ပြသပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ အောင်လံမြို့နယ်ရှိ ကျေးရွာများမှ တောင်သူလယ်သမား ၃၉ ဦး တက်ရောက်သင်ကြားကြောင်း သိရသည်။



**သိန်းလွင် (ပြန်/ဆက်)**

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု အခြေခံသင်တန်းများကို မုံရွာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဖွင့်လှစ်ပို့ချလျက်ရှိ

**မုံရွာ ဇွန် ၉**
ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်ပြီး ဒေသထွက်ကုန်များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ တစ်ပိုင်တစ်နိုင်ထုတ်လုပ်ကာ အသေးစားလုပ်ငန်းရှင်များအဖြစ် ရပ်တည်နိုင်စေရန် ရည်ရွယ်၍ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု အခြေခံ သင်တန်းကို မုံရွာမြို့နယ် သပြေတောကျေးရွာရှိ မင်္ဂလာမာန်အောင် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးပြီး ဇွန်လပထမပတ်မှ စတင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။



"သင်တန်းမှာ လူသုံးကုန်ပစ္စည်းတွေဖြစ်တဲ့ ဆပ်ပြာအရည်၊ ဆပ်ပြာအနှစ်၊ ဆပ်ပြာအခဲထုတ်လုပ်နည်း၊ သဘာဝခေါင်းလျှော်ရည်၊ ဓာတုခေါင်းလျှော်ရည်ထုတ်လုပ်နည်းတွေကို တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်ထုတ်လုပ်နိုင်အောင် တတ်မြောက်ဖို့အတွက် အသေးစိတ် လုပ်နည်းအဆင့်ဆင့် သင်ကြားပေးပါတယ်။ သင်တန်းတွေကို ကျေးလက်ဒေသအရောက် ကွင်းဆင်းဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ကျေးလက်နေပြည်သူတွေအနေနဲ့လည်း စိတ်ပါဝင်စားစွာ လာရောက်သင်ယူကြတာကို တွေ့ရပါတယ်"ဟု မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု အခြေခံသင်တန်းကို ဇွန် ၁ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပို့ချလျက်ရှိပြီး သင်တန်းတွင် သပြေတောကျေးရွာ၊ မင်းတဲကျေးရွာ၊ ဖန်းခါးကျင်းကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ လာရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ပညာပေးဟောပြော

**ပေါင် ဇွန် ၉**
မွန်ပြည်နယ် ပေါင်မြို့ အထကကျောင်း ရွှေရတုခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနုက အမှာစကားပြောကြားပြီး မြို့နယ်တပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းက ဟောပြောပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဒုရဲမှူးမျိုးမင်းသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ ရဲအုပ်မောင်မောင်ဟန်က လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် လူကုန်ကူးသူများအတွက် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မွန်ပြည်နယ် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စု အမှတ်(၃၀)မှ ဒုတိယရဲမှူးနိုင်ထန်းမနားက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် ပေါင်မြို့ အထကကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ စီစဉ်မှုဖြင့် တောင်ဥက္ကလာပမြို့နယ်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် လတ်တလော ဦးစားပေးလုပ်ငန်းအဖြစ် မေတ္တာလမ်းမကြီးနှင့် မင်္ဂလာလမ်းဘေး ဝဲယာတွင် အကျယ် ၅ ပေ၊ အနက် ၅ ပေရှိ ရေမြောင်း ဆယ်ယူတူးဖော်ခြင်းလုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဇွန် ၇ ရက်က ဆောင်ရွက်စဉ်။** (စုစုပေါင်း ရေနုတ်မြောင်းအရှည် ပေ ၉၃၀၀ ကျော် တူးဖော်သွားမည်ဖြစ်ကြောင်း၊ မြို့နယ် ရေစီးရေလာကောင်းမွန်ရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြေတူးစက်ခြောက်စီး၊ မြေသယ်ယာဉ် ရှစ်စီးနှင့် လူအင်အား များအသုံးပြုကာ ဇွန်လအတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။)
**ဓာတ်ပုံ-ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**




## သတင်းတိုများ

### ရက် ၁၀၀ စီမံချက်အရဆောင်ရွက်နေသော ကျေးရွာလမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မန်စီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်နေသော ကျေးရွာချင်းဆက် လမ်းလုပ်ငန်းများဖြစ်သည့် ဗန်းမော်မြို့နယ်အတွင်းမှ အရှည်သုံးမိုင်ရှိ စာဝတီး-မံသဲ ကျေးရွာချင်းဆက်ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းနှင့် မန်စီမြို့နယ်အတွင်းရှိ ရေခူးမန်ခံ-မံသဲကျေးရွာချင်းဆက်တွင် သဲကျောက်ခင်းခြင်း လုပ်ငန်းများကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသောင်းညွှန့်နှင့် အဖွဲ့က ဇွန် ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### မေတ္တာမွန်သွေးလှူရှင်အဖွဲ့ စုပေါင်းသွေးလှူဒါန်း

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ ရှိုင်းဟုပ်ကုမ္ပဏီ မေတ္တာမွန်သွေးလှူရှင်အဖွဲ့၏ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဇွန် ၇ ရက်က ပြုလုပ်ခဲ့ပြီး အဖွဲ့မှ သွေးလှူရှင် ၅၉ ဦးက သွေးလှူဒါန်းခဲ့ကြကာ ထားဝယ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်မှ တာဝန်ခံဆရာဝန် ဒေါက်တာစန်းစန်းဝင်းက အဖွဲ့အစည်းအသီးသီးမှ စေတနာရှင်များလာရောက်လှူဒါန်းထားသော အားဖြည့်အစာနှင့် ဆေးဝါးများကို သွေးလှူရှင်အဖွဲ့အား ပေးအပ်ခဲ့ကြောင်း သိရသည်။
**ဖိုးရွှေသွန်း(ထားဝယ်)**

### ရက် ၁၀၀ စီမံချက်အရဆောင်ရွက်သော ရေတွင်း၁၀တွင်း တူးဖော်ပြီးစီး

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ တူးဖော်ပေးခဲ့သော လေးလက်မ စက်ရေတွင်း ၁၂ တွင်းအနက် ၁၀ တွင်းကို ဇွန် ၈ ရက်တွင် တူးဖော်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်ရေတွင်းနှစ်တွင်းကိုလည်း ဆက်လက်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စက်ရေတွင်းများ တူးဖော်ခြင်းအပြင် ကျေးရွာများ ရေလုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် ကုန်းရွာ၊ ဆန္ဒင်းပင်ရွာနှင့် မကြီးစုကျေးရွာများ၌လည်း မြေသားရေကန်သုံးကန်ကို မေလအတွင်းက တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**ကိုသက်(ဇီးကုန်း)**

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို မြိုင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myaing Youth Development Organization- MYDO)က ဦးစီး၍ ဇွန် ၅ ရက်က မြိုင်မြို့နယ် မြေရင့်ကျေးရွာအုပ်စု စိုတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့ပြီး ကျွန်းပင် ၃၀၊ ယူကလစ်ပင် ၂၀၊ သနပ်ခါးပင် ၂၀ နှင့် မဲဇလီပင် ၂၀၊ စုစုပေါင်း အပင် ၉၀ ကို မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်းစိုက်ပျိုးခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**အောင်ကျော်မြင့်**

# မိုးသည်းထန်စွာရွာသွန်း၍ ကျေးလက်ဒေသအချို့ရှိ မြေသားရေလှောင်ကန်များအတွင်း ရေအပြည့်ဝင်ရောက်

**ငါ့သရောက် ဇွန် ၉**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ မေလကုန်နှင့် ဇွန်လဆန်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ကျေးရွာများမှ ပြည်သူများ၏ သောက်သုံးရေအတွက် အားထားနေရသည့် မြေသားရေလှောင်ကန်များတွင် မိုးရေအပြည့်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မေ ၃၁ ရက် ညနေ ၄ နာရီဝန်းကျင်ခန့်က ငါ့သရောက်မြို့နယ်၌ အချိန်တစ်နာရီခန့်ကြာအောင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မြို့နယ်အတွင်းရှိ မျက်ခါးတောကျေးရွာ၊ ဗျူကြီးကျေးရွာနှင့် စက်စက်ယိုကျေးရွာများရှိ မြေသားမိုးရေလှောင်ကန်ကြီးများတွင် မိုးရေများအပြည့်ဝင်ရောက်ခဲ့ကာ ဒေသခံပြည်သူများအတွက် သောက်သုံးရန်နှင့် သီးနှံများစိုက်ပျိုးရန်အတွက်ပါ ရေလုံလောက်စွာ ရရှိပြီး အကျိုးပြုခဲ့ကြောင်း သိရသည်။

မိုးသည်းထန်ခြင်းကြောင့် မြေသားမိုးရေလှောင်ကန်ကြီးများတွင် မိုးရေအပြည့်ရခဲ့သော်လည်း ဗျူကြီးကျေးရွာ တောင်ဘက်ရှိ တောင်ဆည်ကြီးမှာ မိုးရေတိုက်စားမှုကြောင့် ဆည်တာပေါင်များကျိုးပဲ့ပျက်စီးခဲ့ကြောင်း သိရသည်။

တောင်ဆည်ကြီးမှာလည်း ဗျူကြီးကျေးရွာမှပြည်သူများ၏ သောက်သုံးရေအတွက် အားထားရသည့်ဆည်ဖြစ်ရာ တာပေါင်ပြိုကျပျက်စီးမှုကြောင့် ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက် များစွာနစ်နာဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေလှောင်ကန်ကြီးမှာ ညောင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနက ပြီးခဲ့သည့်နှစ်တွင်မှ အသစ်တူးဖော်ပေးထားခြင်းဖြစ်ကြောင်း၊ ယခုအခါ ဒေသခံများ အနေဖြင့် ပျက်စီးသွားသည့် တောင်ဆည်ကြီးဆည်ကို ပြန်လည်ပြုပြင်လိုသော်လည်း အခက်အခဲများ ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာမှ တာဝန်ရှိသူများ လာရောက်ကွင်းဆင်းစစ်ဆေးကာ ပြန်လည်ပြုပြင်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း ဗျူကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျောက်ခဲက ပြောသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**



## ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**မုံရွာ ဇွန် ၉**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် သစ္စာစီမံချက်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၇ ရက်က မုံရွာမြို့နယ် မုံရွေးကျေးရွာနှင့် ကြေးမုံကျေးရွာအတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကျော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာအုပ်စု လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကာ မုံရွေးကျေးရွာမှ အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၈၁ ဦးနှင့် ကြေးမုံရွာမှ အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၆၅ ဦးတို့အတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်မှုများကို တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်တို့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးက ဌာနအနေဖြင့် ရက် ၁၀၀ သစ္စာစီမံချက်အရ ရွှေ့ပြောင်းနေထိုင်သူနှင့် အလုပ်သမားများကို အိမ်ထောင်စုစာရင်းနှင့် ကတ်တစ်မျိုးမျိုး ထုတ်ပေးခြင်း၊ အခြေခံပညာကျောင်းများသို့ကွင်းဆင်း၍ ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ သစ္စာစီမံချက်ဖြင့် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ကျေးလက်နေ ရွှေ့ပြောင်းနေထိုင်သူပြည်သူများနှင့် အလုပ်သမားများအနေဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ရရှိကိုင်ဆောင်နိုင်အောင် လုပ်ထုံးလုပ်နည်းကို ဖြေလျှော့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

## ကျွန်းစုမြို့ပေါ်ရပ်ကွက်များ၌ မိုးရာသီခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ စတင်

**ကျွန်းစု ဇွန် ၉**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များ၌ မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားဆိုးကျိုးများ မကျရောက်စေရန်အတွက် ကျွန်းစုမြို့ စည်ပင်သာယာရေးကော်မတီအဖွဲ့များနှင့် မြို့နယ် ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်များတွင် အလှည့်ကျ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၇ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၇ ရက်က ခြင်ဆေးဖျန်းရာတွင် အမှတ်(၄)ရပ်ကွက်မှ စတင်ကာ ရပ်ကွက်အတွင်းရှိ လမ်းကြားများနှင့် ရေမြောင်းများ၊ ခြင်ခိုအောင်းနိုင်သောနေရာများတွင် လိုက်လံဖျန်းပေးခဲ့ကြောင်းနှင့် ဆက်လက်၍ ကျန်ရှိနေသေးသော ရပ်ကွက်များကိုလည်း အလှည့်ကျ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။



ကျွန်းစုမြို့နယ် ကျန်းမာရေးဌာနအနေဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများပါမကျန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည့်အပြင် ခြင်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ပိုးလောက်လမ်းသေသည့်ဆေးထည့်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းကျန်းမာရေး လုပ်ငန်းများကို ကျန်းမာရေးလှုပ်ရှားမှုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန် ဒေါက်တာဇင်မင်းစိုးက ဌာနဆိုင်ရာများအပတ်စဉ် အစည်းအဝေးတွင် ပြောကြားခဲ့သည်။ **ရန်နိုင်(ကျွန်းစု)**

## ခရိုင်ချင်းဆက်လမ်းတွင် မြေသားနှင့်ကျောက်ချောခင်းနေ



**ကန့်ဘလူ ဇွန် ၉**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း၏ ကန့်ဘလူလမ်းပိုင်း ၁၅ မိုင်တွင် မြေသားနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် ထန်းတောကျေးရွာမှ ဆက်လက်ဖောက်လုပ်ပြီး လုပ်ငန်းအားလုံးပြီးစီးပါက ဇင်းချောင်းအထိ ရောက်ရှိမည်ဖြစ်ကာ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့ကို ဆက်သွယ်ဖြတ်သန်းဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်းဖြစ်ပြီး စစ်ကိုင်းမြို့မှ ကသာမြို့အထိ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်က ဇွန် ၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမင်းဆွေအောင်က လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သတင်းတိုများ

### ခရိုင်ပတ်လမ်း(၃)တွင် ဂဝံကျောက်ခင်းပြုပြင်မှုများဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျောက်ဆည်ခရိုင်ပတ်လမ်း(၃) စဉ့်ကိုင်မြို့နယ်လမ်းပိုင်း အရှည် ၃ မိုင် ၆ ဖာလုံ ကျောက်ချောလမ်းတွင် ပျက်စီးနေသောနေရာများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၅၇ ဒသမ ၉၃ သန်းဖြင့် ဂဝံကျောက်ခင်းကာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောက်ဆည်ခရိုင်ပတ်လမ်း(၃)သည် စုစုပေါင်း အရှည်ကိုးမိုင်ကျော်ရှိသည့်အနက် အရှည် ၃ မိုင် ၆ ဖာလုံခန့်တွင် လမ်းများပျက်စီးနေသဖြင့် ဂဝံမြေခင်း၍ ပြုပြင်နေခြင်းဖြစ်ကာ လမ်းပြုပြင်မှုများ ပြီးစီးသွားပါက စဉ့်ကိုင်မြို့နယ်အတွင်း ဟင်းငုံကျေးရွာအုပ်စုမှ ကျေးရွာငါးရွာ၊ သစ်ခေါက်ကျေးရွာအုပ်စုမှ ကျေးရွာခြောက်ရွာ၊ နန်းနီကျေးရွာအုပ်စုမှ ကျေးရွာခုနစ်ရွာ၊ ထန်းတောကျေးရွာအုပ်စုမှ ကျေးရွာလေးရွာ၊ ဝန်းသိုကျေးရွာအုပ်စုမှ ကျေးရွာလေးရွာ၊ လက်ပံချိုင့်ကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာမှ လူဦးရေနှစ်သောင်းနီးပါး၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။
**တင်တင်ထွေး(စဉ့်ကိုင်)**

### ကျေးရွာမြေပုံဇယားဂရန် ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့အတွက် ပထမရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဖျာပုံမြို့နယ် တင်ပုလ္လဲကျေးရွာသို့ ကျေးရွာမြေပုံဇယားဂရန်ထုတ်ပေးနိုင်ရန် ဇွန် ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများအား တွေ့ဆုံကာ မြေပုံဇယားဂရန်ထုတ်ပေးမည့် လုပ်ငန်းစဉ်များကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။
**သူဇာနွယ်(ဖျာပုံ)**

## ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးပေး

**ကသာ ဇွန် ၉**
ကသာမြို့နယ် ပြည်သာယာကျေးရွာမှ ဒေသခံပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ ဇွန် ၈ ရက်က လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

မိုးရာသီ လယ်ယာလုပ်ငန်းများ ဆောင်ရွက်သည့်ကာလတွင် တောင်သူများ၏ လယ်ယာလုပ်ငန်းများအတွက် အားကိုးမှီခိုနေရသော ကျွဲ၊ နွားများ ကျန်းမာရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကျွဲ၊ နွားလည် ချောင်းကွဲရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးပေးခြင်းဖြစ်ကာ ဒေသခံတောင်သူများ၏ ကျွဲ၊ နွား ၈၃ ကောင်ကို ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။
**ငွေအိုး(ကသာ)**



## ကျေးရွာစာကြည့်တိုက်ဆောက်ရန် အလှူငွေ ကျပ်သိန်း ၆၀ လှူဒါန်း

**ညောင်ဦး ဇွန် ၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အင်တိုင်းကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်အတွက် မတည်ငွေ ကျပ်သိန်း ၆၀ ကို မြန်မာအမျိုးသမီး စီးပွားရေးနှင့် လူမှုရေးအသင်း(Mandalay Myanmar Women Business and Social Association)အဖွဲ့မှ ဇွန် ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီး စီးပွားရေးနှင့် လူမှုရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးသူဇာဦးနှင့် အဖွဲ့ဝင်များက စာကြည့်တိုက်အတွက် အလှူငွေကို ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးဦးဝင်းမော်ထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေးနှင့် လူမှုရေးအသင်း ဒုတိယဥက္ကဋ္ဌက ညောင်ဦးမြို့နယ် အင်တိုင်းကျေးရွာမှ ကျေးလက်နေပြည်သူများ စာပေအသိပညာဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်၍ အလှူငွေ ပေးအပ်ခြင်းဖြစ်ကြောင်းပြောကြားပြီး အင်တိုင်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာတံတားအတွက် ထောက်ပံ့ငွေအကူအညီလိုအပ်နေ

**နတ်တလင်း ဇွန် ၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဖလံကုန်းကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ၌ တောင်ညိုချောင်းကူးတံတားကို ဒေသခံပြည်သူများ ထည့်ဝင်ငွေများဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိကာ ငွေကြေးလိုအပ်မှုများရှိနေကြောင်းနှင့် နိုင်ငံတော်ထောက်ပံ့မှုရရှိပါက တည်ဆောက်မှု အမြန်ပြီးစီးကာ ဒေသခံပြည်သူများအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည် ပေ ၈၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၄ ပေရှိကြောင်း၊ တံတားကို ဒေသနေပြည်သူများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခု တည်ဆောက်ပြီးစီးနေသော အနေအထားအထိ ကျပ်သိန်း ၈၀ ခန့် ကုန်ကျနေပြီဖြစ်ကြောင်း၊ တံတားတည်ဆောက်ရန် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်သိန်း ၄၈၀ ခန့် ရှိမည်ဖြစ်ကာ တံတားတည်ဆောက်ရေးအဖွဲ့က ဆက်လက်၍ စိုက်ထုတ်အကုန်အကျခံပြီး တည်ဆောက်နေကြောင်း တံတားကို ဦးဆောင်တည်ဆောက်နေသည့် အဖွဲ့မှ ဦးအောင်ဆန်းလင်းက ပြောသည်။

"ပံ့ပိုးကူညီပေးမှုရရင် ဒီမိုးရာသီမှာ အပြီးတည်ဆောက်နိုင်မှာပါ။ မရခဲ့ရင်တော့ ရေလယ်တိုင်နှစ်တိုင်နဲ့ ကမ်းကပ်ခုံ တစ်ဖက်ပြီးတစ်ဖက်က လေးပေအမြင့်လောက်ပဲ လုပ်နိုင်တော့မှာပါ။ ယခင် သစ်သားတံတားက ရေတိုက်စားမှုကြောင့် ခိုင်ခံ့မှုအားနည်းတဲ့အတွက် ခဏခဏပြန်ပြင်နေရတယ်။ ဒါကြောင့် ပြည်သူတွေက တတ်နိုင်သလောက် ကြိုးစားလုပ်ဆောင်နေတာကို သက်ဆိုင်ရာဌာနကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် တံတားတည်ဆောက်မှု အမြန်ဆုံး ပြီးစီးသွားမှာဖြစ်သလို ဒေသခံပြည်သူတွေအနေနဲ့လည်း အကူအညီရဖို့ ဆန္ဒရှိနေကြပါတယ်"ဟု ၎င်းက ဆက်၍ ပြောပြသည်။

တံတားတည်ဆောက်ရန်အတွက် အကူအညီရရှိရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်၍ တံတားတည်ဆောက်မှုကုန်ကျစရိတ်ကို ကျွမ်းကျင်အင်ဂျင်နီယာ၏ တွက်ချက်မှုဖြင့် တင်ပြတောင်းခံထားကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်တံတား ပြီးစီးသွားပါက ဒေသတွင်း ကျေးရွာများဖြစ်သည့် လက်ပံကုန်းရွာ၊ ပုဇွန်ချောင်းရွာ၊ ကျောင်းရွာလေးရွာ၊ ဂုံညှင်းတန်းရွာနှင့် ရေမွှေးရွာတို့မှ တာပွန်၊ နတ်တလင်း၊



ပေါင်းတည်စသည့်မြို့များသို့ ရာသီမရွေး သွားလာဆက်သွယ်ရေး လွယ်ကူစေမည်ဖြစ်ကာ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။
**တင်မြင့်(နတ်တလင်း)**

# ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြပွဲပြုလုပ်

**မိုင်းကိုင် ဇွန် ၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည် လိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းဝေးကြစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို မိုင်းကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးညို၊ မိုင်းကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်နွယ်ဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းလှိုင်လှိုင်ဦးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ် သတိပြုဖွယ်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများနှင့် အန္တရာယ်ကင်းဝေးကြစေဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့ စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့ကြသည်။ လက်တွေ့သရုပ်ပြပွဲတွင်လည်း မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများအား လမ်းဖြတ်ကူးပုံများနှင့် အခြားလမ်းအသုံးပြုစဉ် ယာဉ်အန္တရာယ်မကျရောက်စေရေး သတိပြုဖွယ်ရာများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



## သတင်းတိုများ

### တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

မြန်မာ့အားကစား အဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေး၊ ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာရေး၊ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် မျိုးဆက်သစ်များ ပေါ်ထွန်းလာရေး ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲကို ဇုန်ရှစ်ဇုန်ခွဲ၍ ကျင်းပမည်ဖြစ်ရာ ပြင်ဦးလွင်ဇုန်ပြိုင်ပွဲများကို ပြင်ဦးလွင်မြို့ရှိ ခရိုင်ဘောလုံးကွင်း၌ ဇွန် ၅ ရက်က စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။ ပြိုင်ပွဲတွင် ပြင်ဦးလွင်မြို့နယ် ဘောလုံးအသင်းနှင့် ပုသိမ်ကြီးမြို့နယ် ဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကြရာ ပြင်ဦးလွင်မြို့နယ် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အခြားပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲသို့ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး၊ မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ ဦးစိုးကြည်သောင်း၊ ခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှူးများနှင့် မြို့နယ်ဘောလုံးဆပ်ကော်မတီများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။
**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

### ဆပ်ပြာရည်ထုတ်လုပ်နည်းသင်တန်း ညောင်လေးပင်၌ဖွင့်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆပ်ပြာရည်ထုတ်လုပ်နည်း သင်တန်းကို ညောင်လေးပင်မြို့မြောက်ကျောင်း ဓမ္မာရုံ၌ ဇွန် ၇ ရက်က ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသို့ ညောင်လေးပင်မြို့နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင် သင်တန်းသား ၂၅ ဦးနှင့် ကဝမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ၂၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## ရပ်ကွက်ကျေးရွာ ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ရေစကြို ဇွန် ၉**
ရေစကြိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဖလားရပ်ကွက်/ကျေးရွာ ကလပ်အသင်းပေါင်းစုံ အမှတ်ပေးအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ရေစကြိုမြို့နယ်အားကစားကွင်း၌ ဇွန် ၆ ရက်က စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ရပ်ကွက်များမှ အသင်းသုံးသင်းနှင့် ကျေးရွာများမှ အသင်းငါးသင်း စုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကာ ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ပခန်းငယ်ကျေးရွာအသင်းနှင့် စည်သာကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ပခန်းငယ်ကျေးရွာအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ကာ ကျန်ပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါ ရပ်ကွက်/ကျေးရွာ အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ရေစကြိုမြို့နယ်၏ အားကစားကဏ္ဍ မြှင့်တင်ရေးအတွက် မြို့ပေါ်လုပ်ငန်းရှင်များနှင့် အားကစားဝါသနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပြိုင်ပွဲကျင်းပရေး ကော်မတီက ကြီးကြပ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာချင်းဆက်မြေသားလမ်းတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတား ဆောက်လုပ်ပြီး တံတားချဉ်းကပ်လမ်းပါ ပြီးစီးပါက ပြည်သူများသွားလာရေးအဆင်ပြေစေမည်

**ကနီ ဇွန် ၉**
စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ချိုင်ကျေးရွာအုပ်စုအတွင်းရှိ ချိုင်-ဒဟတ္တော-မုဋ္ဌော ကျေးရွာချင်းဆက် မြေသားလမ်းပေါ်မှ ကြည်ယာချောင်းကို ဖြတ်ကူးသည့် အရှည်ပေ ၇၀၊ အကျယ်ပေ ၂၀ ရှိ ကွန်ကရစ်တံတားကို ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်ကာ မကြာမီ ချဉ်းကမ်းလမ်းကိုပါ ပြီးစီးပါက ဒေသတွင်းမှ ပြည်သူများအတွက် သွားလာရေး လွယ်ကူအဆင်ပြေစေတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီ ချိုင်-ဒဟတ္တော-မုဋ္ဌော ကျေးရွာချင်းဆက်လမ်းက ကျွန်တော်တို့ကျေးရွာအုပ်စုအတွင်းက ပြည်သူတွေနဲ့ ကျောင်းသား ကျောင်းသူတွေ အမြဲသွားလာရတဲ့ လမ်းဖြစ်ပြီး မိုးရာသီမှာ ဒီကြည်ယာချောင်းရေကျရင် ဒဟတ္တောကျေးရွာကနေ ဒီ ချိုင်အထကကျောင်းကို ကျောင်းလာတက်ရတဲ့ ကျောင်းသား ကျောင်းသူတွေ ဒုက္ခရောက်ရသလို ကျွန်တော်တို့ကျေးရွာမှာ ကျန်းမာရေး အရေးပေါ်ဖြစ်ရင်လည်း သွားလာဖို့ ခက်ခဲရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



အဆိုပါ ချိုင်-ဒဟတ္တော-မုဋ္ဌော ကျေးရွာချင်းဆက်လမ်းမှာ ချိုင်ကျေးရွာအုပ်စုတွင်းမှ ဒေသထွက်ကုန်များကို မုံရွာမြို့သို့ သွားရောက်တင်ပို့ရောင်းချရာတွင်လည်း အားထားရသော ကုန်ထုတ်လမ်းဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ ချောမွေ့စေရေးအတွက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားကို ချိုင်ကျေးရွာမှ အလှူရှင် ဦးကျော်သန်းမိသားစုက ကျပ်သိန်း ၂၀ မတည်လှူဒါန်းမှုဖြင့် စတင်ဆောက်လုပ်ခဲ့ကြောင်း၊ ကျေးရွာနေပြည်သူများက ထပ်မံစုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၂၀ ကျော်နှင့် လုပ်အားများ ပူးပေါင်းဆောင်ရွက်မှုဖြင့် တံတားဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင် တံတားချဉ်းကပ်မြေသားလမ်းကို ကျေးရွာမှပြည်သူများ၏ လုပ်အားဖြင့် ဆက်လက်၍ဆောင်ရွက်နေကြောင်း သိရသည်။
**သန်းဌေးအောင်(ကနီ)**

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၀)

# ပြင်ဆင်သည့် ဥပဒေသတိပြုစေ



ဦးဟန်ညွန့်(ဥပဒေ)

**မသိလိုက်ဘူး ဆရာ**

"ကျွန်တော်မသိလိုက်ဘူးဆရာ။ ဒီဥပဒေကိုဘယ်တုန်းက ပြင်ဆင်လိုက်ပါသလဲ။ သတိလစ်သွားတယ်။ တရားသူကြီးက စာပြန်ဖတ်ဦးလို့ ပြောလိုက်တယ်။ ဘယ်မှာ ပြန်ဖတ်ရမှာလဲ--"ဟု မျက်နှာငယ်ငယ်နှင့်စိတ်ပျက်ဖွယ် တပည့်ရှေ့နေတစ်ဦးက ကျွန်တော့်အားမေးသည်။ လေ့လာမှုအားနည်းပြီး လွယ်လွယ်ကူကူနှင့်ရှေ့နေဖြစ်ချင်သူပေကိုး။ စာဖတ် ပျင်းသော ရှေ့နေ၊ ဥပဒေဗဟုသုတလေ့လာမှုအားနည်းသော ရှေ့နေများကြုံတွေ့ကြပေမည်။ သင်ခန်းစာယူသင့်ပါသည်။ အပြစ်တင်ခြင်းကား မဟုတ်ရပါ။

**သတင်းစာ**

နေ့စဉ်ထုတ်သတင်းစာများ ဖတ်ပါရဲ့လား။ ပြည်ထောင်စုလွှတ်တော်ကဘယ်ဥပဒေတွေပြဋ္ဌာန်းပါသလဲ။ ထုတ်ပြန်ပါသလဲ။ ဘယ်ဥပဒေတွေ ပြင်ဆင်ပါသလဲ။ ဘယ်ဥပဒေတွေ ရုပ်သိမ်းပါသလဲ။ ပြည်သူပြည်သားတစ်ယောက်အနေနဲ့ သိသင့်၊ ဖတ်သင့်သည်။ ဥပဒေလေ့လာသူများအတွက်မူ ဆိုဖွယ်မရှိ။ မပြတ်သတိဖြင့်လေ့လာထိုက်သည်။

**ရုပ်မြင်သံကြား**

ရုပ်မြင်သံကြားကလည်း ည ၈ နာရီ သတင်းကြေညာစမြဲ။ မနက်ဖြန်မနက် သတင်းစာတွေမှာ ဥပဒေအပြည့်အစုံထည့်သွင်းဖော်ပြမည်။ လေ့လာကြရန် စသည်ဖြင့် ။ သတိပေးလျက်ပါ။

**ပြန်တမ်း**

မြန်မာနိုင်ငံတော် ပြန်တမ်းများက အဓိကဖြစ်သည်။ ဥပဒေလေ့လာသူများ မဖြစ်မနေ ဖတ်ကြရပေသည်။ ဥပဒေပြဋ္ဌာန်းချက်များ၊ ပြင်ဆင်ချက်များ၊ ရုပ်သိမ်းမှုများ၊ ဥပဒေကြမ်းများစသည်ဖြင့် ဖော်ပြသည်။ ဖတ်ရှု၊ မှတ်စုပြုသင့်သည်။

**စီရင်ထုံး**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပုံမှန်ထုတ်ဝေသော မြန်မာနိုင်ငံစီရင်ထုံးများ၊ စာအုပ်များကလည်း စီရင်ထုံးလမ်းညွှန်ချက်များ၊ ဥပဒေသစ်ပြဋ္ဌာန်းချက်များ၊ ပြင်ဆင်ချက်များ လိုအပ်လျှင် လိုအပ်သလို ဖော်ပြတတ်သည်။ ရှာဖွေထုတ်နုတ်သင့်သည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

တစ်နှစ်တစ်ကြိမ် ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော ဥပဒေများကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသည်။ ဥပဒေများအပြင်နည်းဥပဒေများ၊ အမိန့်များနှင့်ကြေညာချက်များကိုလည်း စုပေါင်းထုတ်ဝေတတ်သည်။ ဥပဒေများကို စနစ်တကျ၊ စိစစ်၊ တာဝန်ခံထုတ်ဝေသော ရုံးဖြစ်သောကြောင့် အားကိုးအားထားပြုရသောဥပဒေစာအုပ်ဖြစ်သည်။ ဥပဒေလေ့လာသူများ၏ လက်စွဲဟု ဆိုနိုင်သည်။

**ပြည်ထောင်စုလွှတ်တော်ရုံး**

ပြည်ထောင်စုလွှတ်တော်ကလည်းနှစ်အလိုက် ပြဋ္ဌာန်းသော ဥပဒေများကို စာအုပ်အဖြစ် ထုတ်ဝေသည်။ ပြည့်စုံခိုင်လုံမှုရှိသည်။ ဥပဒေပညာရှင်များက ရည်ညွှန်းအားကိုးထိုက်သည်။ စံထားသင့်သောဥပဒေစာအုပ်များလည်း ဖြစ်သည်။

မြန်မာနိုင်ငံတော်ပြန်တမ်းတွင် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသောဥပဒေများကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ပြည်ထောင်စု လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပြန်ကြေညာရသည်။

သို့ဖြစ်၍ နိုင်ငံတော်ပြန်တမ်းကိုဥပဒေလေ့လာသူများ လက်မလွှတ်သင့်ဘဲဖတ်ရှုထိုက်သည်။ အချိန်နှင့်တစ်ပြေးညီ ခေတ်မီအောင် ဥပဒေများ၏ပြောင်းလဲမှုကိုတတ်သိသင့်သည်။ လေ့လာမှုအားနည်းသော လူငယ်ရှေ့နေများ သတိထားသင့်သည်။

**စာဖတ်ဝိုင်း**

"စာဖတ်ဝိုင်း"ဟုခေါ်မည်လား။ "စာကျက်ဝိုင်း" ဟုပြောမည်လား။ "ဥပဒေစကားဝိုင်း"ဟု ဆိုမည်လား။ နောက်ဆုံးပေါ် ခေတ်မီ တိုးတက်သည့်စနစ်ဟု ပြောနိုင်သည်။ ဘယ်ဥပဒေ၊

**နေ့စဉ်ထုတ်သတင်းစာများ ဖတ်ပါရဲ့လား။ ပြည်ထောင်စုလွှတ်တော်ကဘယ်ဥပဒေတွေပြဋ္ဌာန်းပါသလဲ။ ထုတ်ပြန်ပါသလဲ။ ဘယ်ဥပဒေတွေ ပြင်ဆင်ပါသလဲ။ ဘယ်ဥပဒေတွေ ရုပ်သိမ်းပါသလဲ။ ပြည်သူပြည်သားတစ်ယောက်အနေနဲ့ သိသင့်၊ ဖတ်သင့်သည်။ ဥပဒေလေ့လာသူများအတွက်မူ ဆိုဖွယ်မရှိ။ မပြတ်သတိဖြင့်လေ့လာထိုက်သည်။**

ဘယ်ပုဒ်မ၊ ဘယ်နေ့က၊ ဘယ်ရက်စွဲ၊ ဘယ်အကြောင်းအရာ၊ ဘယ်သူက၊ ဘယ်လိုပြင်သည်၊ ရုပ်သိမ်းသည်၊ ပယ်ဖျက်သည်၊ အစားထိုးသည်စသည်ဖြင့် ဥပဒေဗဟုသုတဆွေးနွေးကြသည်။ ငြင်းခုံကြသည်။ အထောက်အထားပြရသည်။ ကျမ်းကိုးကားရသည်။ စာမျက်နှာနံပါတ် ပြောနိုင်လျှင် ပို၍ကောင်းသည်။ အောင်မြင်သော ဥပဒေစကားဝိုင်း။ အမှတ်အသားထင်ရှားသော စကားဝိုင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်းအချိန်မဖြုန်းသော ဥပဒေစကားဝိုင်း။ ဉာဏ်ပညာဗဟုသုတပြုစု ရယူနိုင်သော စကားဝိုင်း။ သတိလစ်သော ရှေ့နေပေါက်စ၊ သတိမလစ်စေရ။ တရားသူကြီးက "စာပြန်ဖတ်ဦး"ဟု ဒီတစ်ခေါက် မပြောစေရအောင် ဗဟုသုတကြွယ်ဝစေမည်။ သတင်းစာဖတ်မည်။ ပြန်တမ်းဖတ်မည်။ ရုပ်မြင်သံကြားကြည့်မည်။ အနည်းဆုံးတော့ ည ၈နာရီ ရေဒီယိုသတင်းနားထောင်ဦးမှဖြစ်မည်။ **ပြန်တမ်း**စာစောင်ကိုဖြင့် စာပေဗိမာန်စာအုပ်ဆိုင်မှ မရရအောင်ဝယ်မည်။ စုမည်။ ဖတ်မည်။ မှတ်မည်။ ဖြတ်၊ ညှပ်၊ ကပ်။ သတင်းစာတွေလည်းဖတ်မည်။ မူရင်း ဥပဒေပြဋ္ဌာန်းချက်များ၏ဘေးတွင် ဥပဒေပြင်သောနေ့၊ ဖြည့်စွက်သောနေ့၊ ရုပ်သိမ်းသောနေ့၊ တစ်စုံတစ်ခုမှတ်စုပြုရမည်။ နှုတ်တစ်ရာ၊ စာတစ်လုံးမဟုတ်လား။

**အမှုတွဲကိုင်စာရေး**

ရှေ့နေချုပ်ရုံး၊ ဥပဒေရေးဆွဲရေးဌာနတွင် မိမိတစ်လတစ်ခါ အစီရင်ခံစာ ရေးခဲ့ရသည့် တာဝန်များကို ယနေ့တိုင်သတိရနေသည်။ အမှုတွဲကိုင်စာရေးက တစ်လတစ်ကြိမ် ပြင်ဆင်ချက်တွေမှတ်ချက်ရေး၍ တင်ပြသည်။ **မင်းနီဖြင့်ပင်** (မဖတ်မည်စိုး၍) သာသာထိုးထိုးရေးပြသတိပေးသည်။ **"ငါသိပါတယ်"** ဟု ပြောရုံဖြင့် မလုံလောက်။"သိပြီးကြောင်း၊ ဆရာလက်မှတ်ထိုးပေးပါ"ဟု အမှုတွဲကိုင်စာရေးကဆိုရှာသည်။

ဟုတ်ပေသားပဲ။ လက်မှတ်ထိုးပေးရသည်။ ရက်စွဲတပ်ပေးရသည်။ ပြီးလျှင် ရှေ့နေချုပ်သို့အစီရင်ခံရသည်။ ရှေ့နေချုပ်က နိုင်ငံတော် အကြီးအကဲအထိ တာဝန်ခံ၍၊ ဆက်လက်တင်ပြရသည်။ ဤမျှတာဝန်ကြီးသည်။ ဥပဒေပြင်ဆင်ချက်ရှိကြောင်း၊ ပြင်ထားကြောင်း လူကြီးတွေမသိမှာစိုးသည်။ သတိထားအပ်သော ဥပဒေပြင်ဆင်ချက်ပေကိုး။ မှတ်သားနည်းယူစရာပါ။

**တရားရုံးစာကြည့်တိုက်**

တရားရုံးမှာစာကြည့်တိုက်ရှိသည်။ ဥပဒေရုံးမှာစာကြည့်တိုက်ရှိသည်။ သော့ခတ်ထားသော စာအုပ်ဗီရိုတွေကိုလူကြီးတွေက မကြိုက်။ နှစ်စဉ်၊ ပုံမှန်ရုံးစစ်လျှင် တကယ်အလုပ်လုပ်၊ မလုပ်ပေါ်ပြီ။ တကယ်စာဖတ်၊ မဖတ်သိပြီ။ စာဖတ်ခြင်း၊ စာမဖတ်ခြင်းသက်သေကိုစာကြည့်တိုက်က အဖြေပေးသည်။ ဥပဒေပြင်ဆင်ချက်တွေအကြောင်း၊ တကယ်သိ၊ မသိ၊ ဥပဒေ စာအုပ်တွေကို ကြည့်ရုံဖြင့်သိသည်။ ဖြတ်၊ ညှပ်၊ ကပ် သတင်းစာဖြတ်ပိုင်းများ ကပ်ထားပါသလား။ တာဝန်ခံအရာရှိက သိပြီးကြောင်း၊ ဖတ်ပြီးကြောင်း လက်မှတ်ထိုးထားပါသလား။ တရားသူကြီး၏ စီရင်ချက်များ အဆင့်အတန်းပြည့်မီပါရဲ့လား။ အရည်အချင်းတောက်ပြောင်ပါရဲ့လား။ အကိုးအကားတိုးပွားပါရဲ့လား။ စစ်ဆေးသူကိုညာ၍ မရ။

**၂၀၁၄ခုနှစ် ပြင်ဆင်သည့်ဥပဒေအချို့**

၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၅-၁-၂၀၁၄)
၂။ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၆-၂-၂၀၁၄)
၃။ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၅-၂-၂၀၁၄)
၄။ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၈-၂-၂၀၁၄)
၅။ ရုံးခွန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉-၃-၂၀၁၄)
၆။ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၄-၃-၂၀၁၄)
၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၄-၃-၂၀၁၄)
၈။ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၈-၃-၂၀၁၄)
၉။ အမျိုးသား ဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁-၄-၂၀၁၄)
၁၀။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၃-၇-၂၀၁၄)
၁၁။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၈-၇-၂၀၁၄)
၁၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၃-၇-၂၀၁၄)
၁၃။ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၄-၇-၂၀၁၄)
၁၄။ မြန်မာ့ပုလဲလုပ်ငန်းကို ပြင်ဆင်သည့်ဥပဒေ (၂၉-၇-၂၀၁၄)
၁၅။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၃၀-၇-၂၀၁၄)
၁၆။ ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၃၁-၇-၂၀၁၄)
၁၇။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (၃၀-၉-၂၀၁၄)
၁၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၃၀-၉-၂၀၁၄)
၁၉။ စစ်ဘက်ရာထူးနှင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၇-၁၀-၂၀၁၄)
၂၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၀-၁၀-၂၀၁၄) ----- စသည်ဖြင့် ၂၀၁၄ခုနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းခဲ့သောဥပဒေ (အချို့) ဖြစ်ပါသည်။ ပြင်ဆင်သော ဥပဒေအားလုံးမဟုတ်သေး။ ရုပ်သိမ်းသည့်ဥပဒေ မပါဝင်သေး။ အားလုံးစုံအောင်ရေးလျှင် ဤစာမျက်နှာ မဆံ့နိုင်။ နမူနာပြရုံသာ။

**မှတ်သားစရာတွေများပေသည်**

ဥပဒေလေ့လာသူတိုင်းများပြားသော ဥပဒေများအတွက်အချိန်ပေးရသည်။ မှတ်သားရသည်။ သတိလစ်၍ မရ။ စုံလင်စွာ၊ ပြည့်စုံစွာ၊ မော်ကွန်းတင်ကာ အလုပ်လုပ်ကြရသည်။ တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံရသောအလုပ်၊ ဉာဏ်ရည်ပြိုင်ရသောအလုပ်၊ အမှန်၊ အမှားတရားဖြင့် သက်သေပြရသောအလုပ်။ အဂတိကင်းစင်ရသောအလုပ်။ သတိထားရသောအလုပ်။

**စာပြန်ဖတ်ဦး**

ထို့ကြောင့်လည်း၊ သတိလစ်သော ရှေ့နေငယ်ကို တရားသူကြီးက "စာပြန်ဖတ်ဦး" ဟုသတိပေးလိုက်တာ ဖြစ်မှာပါ။ ဖြစ်တတ်သည့် သဘာဝပေပဲ။ ရှေ့နေငယ်တွေသာ မဟုတ်။ ရှေ့နေအိုကြီးတွေပင် (စာရေးသူအပါအဝင်) သတိလစ်တတ်ကြစမြဲ။မေ့တတ်ကြစမြဲ။ သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းကဲ့သို့ အုပ်ကြစို့။ ဥပဒေ ပင်လယ်ပြင်ကြီးကား ကျယ်ဝန်းလှပါဘိ။ ကူးခတ်နေကြဆဲ...။ ဆက်၍၊ ဆက်၍လည်း ကူးခတ်ကြရဦးမည်။

■

## ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက်၌ ရက် ၁၀၀ စီမံချက်အခမ်းအနားကျင်းပ




**ပျဉ်းမနား ဇွန် ၉**

ဇွန် ၆ ရက် နံနက် ၁၁ နာရီက ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက်၌ ရက် ၁၀၀ စီမံချက်အခမ်းအနားကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ပျဉ်းမနားမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး စခန်းမှူးနှင့် နယ်ထိန်းခေါင်းဆောင်တို့က ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်း၊ ပြဿနာဖြေရှင်းမှုကို ရှေးရှုသော ရဲလုပ်ငန်း၊ ပြည့်စုံသော မှုခင်းဆိုင်ရာ သတင်းအချက်အလက်များကို အခြေခံသည့် ရဲလုပ်ငန်းများ၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

နေ့စဉ် ယာဉ်လှည့်ကင်း၊ ဆိုင်ကယ်လှည့်ကင်း၊ စက်ဘီးလှည့်ကင်းများဖြင့် မှုခင်းကျဆင်းရေးအတွက် ရက် ၁၀၀ စီမံချက်အား ဆောင်ရွက်လျက်ရှိကြောင်း၊ စာရေးဆရာဦးပီကေက တက်ရောက်လာသူများအား နိုင်ငံတော်အစိုးရမှ ရက် ၁၀၀ စီမံချက်ချမှတ်၍ လုပ် ဆောင်သော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ယူရို ၂၀၁၆ ပြိုင်ပွဲကြီးက လာမယ့် ဇွန် ၁၀ ရက်မှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါ ယူရိုပြိုင်ပွဲမှာ ဘယ်အသင်းဗိုလ်စွဲမလဲဆိုတာ ပိုမိုစိတ်ဝင်စားဖို့ကောင်းလာသလို ပြီးခဲ့တဲ့အပတ်က ယူရိုပြိုင်ပွဲမှာ ချန်ပီယံဖြစ်နိုင်တဲ့ အသင်းအဖြစ် ပြင်သစ်အသင်းကို သုံးသပ်တင်ပြခဲ့ပြီး ဒီတစ်ပတ်မှာတော့ ယူရိုပြိုင်ပွဲမှာ ချန်ပီယံဖြစ်နိုင်တဲ့ အသင်းတွေအဖြစ် ရေပန်းစားနေတဲ့ ဂျာမနီနဲ့စပိန်တို့အကြောင်းကို ဆက်လက်တင်ဆက်ပေးလိုက်ပါတယ်။

# ယူရိုမှာ စပိန်နဲ့ဂျာမနီကို ချန်ထားလို့ရနိုင်ပါ့မလား

## ယူရို ၂၀၁၆ မှာ ဗိုလ်စွဲနိုင်တဲ့အသင်းများ

**ဝေမိုးဆက်**



တကယ်တော့ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ချန်ပီယံဆုကို သိမ်းပိုက်နိုင်ခဲ့တဲ့ ဂျာမနီဟာလည်း ဒီယူရို ၂၀၁၆ မှာ ဗိုလ်စွဲနိုင်တဲ့အသင်းတွေထဲကနေ ဖယ်ထုတ်လို့မရနိုင်တဲ့ အသင်းအဖြစ် ပြင်သစ်နည်းတူ ရပ်တည်နေပါတယ်။ ဂျာမနီဟာ ကမ္ဘာ့ဖလားကို ရယူထားနိုင်ခဲ့တဲ့အသင်းကို အခြေခံပြီး လူငယ်ကစားသမားအများစုနဲ့ ထပ်မံပြုပြင်တည် ဆောက်ထားတာကြောင့်လည်း ကမ္ဘာ့ဖလားတုန်းကထက်တောင် ပိုမိုပြီးပြည့်စုံတဲ့အသင်းအဖြစ် တည်ရှိနေပါတယ်။

ဂျာမနီမှာ ကမ္ဘာ့ဖလားတုန်းက မပါဝင်ခဲ့တဲ့ ကစားသမားတွေအဖြစ် ဟက်တာ၊ ရူဒီဂါ၊ အမ်မရီချမ်ဒ်တို့လို ကစားသမားတွေလည်း လက်ရှိအချိန်မှာ လက်ရွေးစင်အသင်းထဲကို ထိုးဖောက်ဝင်ရောက်လာနိုင်ပြီလည်း ဖြစ်ပါတယ်။ အဆိုပါကစားသမားတွေဟာ ခြေစွမ်းခြေစကောင်းမွန်တဲ့ ကစားသမားတွေဖြစ်ကြတာကြောင့် ဂျာမနီနည်းပြဂျိုအာချင်လိုအတွက် ယူရို ၂၀၁၆ ပြိုင်ပွဲဝင်မယ့်အသင်းကိုတည်ဆောက်ရာမှာ ကမ္ဘာ့ဖလားတုန်းက ထက်တောင် ပိုပြီးရွေးချယ်ခွင့်များနေပါတယ်။

ဒါ့အပြင် လက်ရှိအချိန်မှာဆိုရင်လည်း ဂေါ့ဇီ၊ မူလာ၊ ဒရက်စလာ၊ တိုနီခရူးစ်၊ အိုဇေးလ်၊ ခီဒီရာ၊ ဟမ်းမဲလ်၊ အန်ဒရီရှာလ်၊ ဘိုတန်တို့ကလည်း ကမ္ဘာ့ဖလားတုန်းက ထက်တောင် အတွေ့အကြုံရော ခြေစွမ်းခြေစပါ ပိုမိုပြီးကောင်းမွန်လာကြပါတယ်။

ပြောမယ်ဆိုရင်။ ဂျာမနီဟာ ဒီနောက်ပိုင်း ဘောလုံး လောကမှာဘောလုံးမျိုးဆက်ပေါက်ကွယ်ဝမှုရှိသောအသင်းတစ်သင်းအဖြစ် ရပ်တည်နေခဲ့သလို အရည်အသွေးပြည့်မီတဲ့ လူငယ်ကစားသမားတွေလည်းအများအပြား ပေါ်ထွက်နေတဲ့အသင်း ဖြစ်ပါတယ်။ ဒါ့အပြင် ဂျာမနီဟာကမ္ဘာ့ဖလားကို ဆွတ်ခူးရယူထားနိုင်တာကြောင့် အသင်းလိုက်ယုံကြည်မှုအပိုင်းမှာလည်း အားကောင်းမှုတွေရှိနေနိုင်သလို အသင်းမှာလည်း ကစားကွက်၊ ကစားဟန်အနေအထားအရရော စုဖွဲ့မှုအနေအထားအရပါ ပြည့်ပြည့်ဝဝရှိနေတဲ့အသင်းဖြစ်ပါတယ်။ အထူးသဖြင့် ဂျာမနီမှာနည်းပြဂျိုအာချင်လို လက်ထက်မှာ ပြိုင်ပွဲကြီးတွေအတွင်း အကြိမ်ကြိမ် ခြေစွမ်းပြသခဲ့ပြီး ပြိုင်ပွဲတိုင်းမှာ အဆင့်မြင့်ဆုံးနေရာတွေမှာသာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဂျိုအာချင်လိုဟာ အသင်းကို ၂၀၁၀ ကမ္ဘာ့ဖလားမှာ တတိယဆု၊ ၂၀၀၈ ယူရိုပြိုင်ပွဲမှာ ဒုတိယဆု၊ ၂၀၁၂ ယူရိုပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ ပို့ပေးနိုင်ခဲ့သလို ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာလည်း ချန်ပီယံဆုကိုပါ အရယူပေးနိုင်ခဲ့တာကြောင့် အရည်အသွေး ပြည့်ဝတဲ့နည်းပြတစ်ဦးဖြစ်တယ်ဆိုတာ ထင်ရှားနေသလို ဂျာမနီအသင်းသားတွေနဲ့ ဂျိုအာချင်လိုတို့ကြားက ဆက်သွယ်ပတ်သက်မှုဟာလည်း ယုံကြည်မှုအပြည့်ရှိနေပါတယ်။

ဒါကြောင့်လည်း ဂျာမနီဟာ အစုအဖွဲ့ကောင်းမွန်ခြင်း၊ ထက်မြက်တဲ့ နည်းပြရှိနေခြင်း၊ အသင်းလိုက် ညီညွတ်မှုတတဲ့ကစားဟန်ကို ပိုင်ဆိုင်ထားခြင်း၊ တစ်ဦးချင်းခြေစွမ်းထက်မြက်တဲ့ ကစားသမားပေါကြွယ်ဝခြင်းတို့ကြောင့် ပြင်သစ်နဲ့အပြိုင် ယူရို ၂၀၁၆ ဆုဖလားကို ယှဉ်လုနိုင်တဲ့အနေအထားမှာရှိတယ်။

ဒါပေမယ့်ပြီးခဲ့တဲ့ယူရို ၂၀၁၂ တုန်းက ချန်ပီယံဆုကို အရယူနိုင်ခဲ့ပြီး လက်ရှိယူရိုချန်ပီယံဖြစ်တဲ့ စပိန်ဟာလည်း ဒီယူရို ၂၀၁၆ မှာ ဗိုလ်စွဲနိုင်တဲ့အသင်းတွေထဲကနေ ဖယ်ထုတ်လို့ မရနိုင်ပါဘူး။ အထူးသဖြင့် ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားတုန်းက စပိန်ဟာ အုပ်စုအဆင့်ကနေပဲ ထွက်ခဲ့ရတာဖြစ်ပေမယ့် လက်ရှိအချိန်မှာတော့ စပိန်နည်းပြ ဒဲလ်ဘော့စကေးဟာ အသင်းကို ပြုပြင်ပြောင်းလဲမှုတွေ ပြန်လည်ပြုလုပ်ကာအသင်းရဲ့ ခြေစွမ်းခြေစကိုလည်း ပြန်လည်မြှင့်တင်ထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒဲလ်ဘော့စကေးဟာလက်ရှိအချိန်မှာ နိုလီတို၊ ဆန်ဂျိုဆေးလ်၊ ဘာထရာ၊ မိုရာတာ၊ တီယာကိုအယ်လ်ကန်တာရာ၊ ဗက်စကွက်ဇ်စတဲ့ လက်ရွေးစင်အတွေ့အကြုံနုနည်းသူတွေ ကို လက်ရွေးစင်အသင်းထဲ ဆွဲခေါ်ပြီးအသင်းရဲ့မျိုးဆက်တစ်ခုကို ပြန်လည်တည်ဆောက်နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်ပဲ စပိန်ဟာ ကမ္ဘာ့ဖလားမှာ အရှက်ရဖွယ်အရှုံးနဲ့ ကြုံတွေ့ခဲ့ရပေမယ့်လည်း ယူရိုခြေစစ်ပွဲတွေအတွင်းမှာတော့ တောက်လျှောက် ခြေစွမ်းပြနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ပြောရမယ်ဆိုရင်။ စပိန်ဟာယူရို ခြေစစ်ပွဲတွေအတွင်း ၁၀ ပွဲကစားခဲ့ရာမှာ အရှုံးတစ်ပွဲသာရှိခဲ့ပြီး ကိုးပွဲအထိ အနိုင်ရခဲ့တာကိုကြည့်ရင် စပိန်ရဲ့ ခြေရည်ခြေသွေးဟာ ပြန်လည် အားကောင်းလာပြီဆိုတာ မြင်သာနေပါတယ်။ အထူးသဖြင့် ဒဲလ်ဘော့စကေး အစားထိုးအသုံးပြုနေတဲ့ကစားသမားတွေထဲမှာ မိုရာတာနဲ့ နိုလီတိုတို့ဟာ အသင်းအတွက် ထိရောက်တဲ့ပြုပြင်ပြောင်းလဲမှုတွေဖြစ်ခဲ့ပြီး အဆိုပါတိုက်စစ်မှူး နှစ်ဦးဟာ ခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းပြဂိုးတွေ သွင်းယူနိုင်ခဲ့ပါတယ်။

ဒါ့အပြင် အစ္စကို၊ အယ်လ်ကန်တာရာတို့ဟာလည်း ရီးရဲ၊ ဘိုင်ယန်တို့မှာ တောက်လျှောက် ခြေစွမ်းပြခဲ့တဲ့ ကစားသမားတွေဖြစ်ပါတယ်။ အထူးသဖြင့် အဆိုပါကစားသမားတွေကို ဖာဘရီဂက်စ်၊ ဆေးလ်ဗား၊ ပီကေးစ်၊ ရာမို့စ်၊ ဘက်စကွက်ဇ်၊အင်နီယေစတာစတဲ့ ဝါရင့်ကစားသမားတွေနဲ့ပါ ပေါင်းဖက်ဖွဲ့စည်းလာတဲ့စပိန်ရဲ့စုဖွဲ့မှုအင်အားဟာလည်း ဂျာမနီ၊ ပြင်သစ်တို့ကို ယှဉ်နိုင်တဲ့အဆင့်မှာ ရှိနေပါတယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စပိန်အသင်းရှုံးနိမ့်ကာ အုပ်စုကနေ ထွက်ခွာခဲ့ရမှုတွေအနက် တိုက်စစ်ပိုင်းအားနည်းမှုက အဓိကအကြောင်းအရင်းအဖြစ် တည်ရှိခဲ့တာ ဖြစ်ပါတယ်။ ပြောရရင် အဆိုပါ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အားကိုးအားထားပြု ခေါ်ယူသွားခဲ့တဲ့ တိုက်စစ်မှူး ဒီယေဂို ကော်စတာဟာ ခြေစွမ်းလုံးဝ ပြသနိုင်ခြင်းမရှိခဲ့သလို တိုက်စစ်ကိုလည်း ဦးဆောင်ဦးရွက်ပြုနိုင်ခြင်း မရှိခဲ့တာကြောင့်လည်း စပိန်ဟာ အဆိုပါ ကမ္ဘာ့ဖလားအုပ်စုတွင်း သုံးပွဲမှာ သွင်းဂိုး လေးဂိုးသာ ရရှိပြီး နှစ်ပွဲတိတိရှုံးနိမ့်ကာ ပြိုင်ပွဲက ထွက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒဲလ်ဘော့ စကေးဟာ အဆိုပါ ကမ္ဘာ့ဖလားတုန်းက အားနည်းခဲ့တဲ့ တိုက်စစ်ကို အဓိကထားပြုပြင်ခဲ့ပြီး မိုရာတာ၊ နိုလီတို၊ အဒူရစ်ဇ်တို့နဲ့ အစားထိုးခဲ့ရတာဖြစ်သလို အဆိုပါအစားထိုးမှုဟာလည်း ထိရောက်မှုရှိခဲ့တာကြောင့် အဆိုပါတိုက်စစ်ကို ဆေးလ်ဗား၊ ဖာဘရီဂတ်စ်၊ ဘက်စကွက်ဇ်တို့ရဲ့ကွင်းလယ်က အထောက်အပံ့ပေးမှုတွေနဲ့ ပေါင်းဖက်ထားမယ့် စပိန်ရဲ့ကွင်းလယ်နဲ့တိုက်စစ်အားဟာ ယခင်အဆင့်မျိုးပြန်လည်ရောက်ရှိလာဖို့ မခက်ဘူးလို့ ယူဆကြပါတယ်။ ဒါကြောင့်ပဲ စပိန်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက ခြေစွမ်းပိုင်းပျက်ယွင်းပြီး အုပ်စုအဆင့်ကနေ ထွက်ခွာခဲ့ရပေမယ့်လည်း ဒီတစ်ကြိမ် ယူရို ၂၀၁၆ ပြိုင်ပွဲမှာတော့ ဗိုလ်စွဲနိုင်တဲ့ အသင်းတွေထဲကနေ ဖယ်ထုတ်လို့ မရသေးဘူးလို့ ဆိုကြတာ ဖြစ်ပါတယ်။

### ယူရို ၂၀၁၆ အုပ်စုပွဲများ

| နေ့ | အချိန် | ပွဲစဉ် |
|---|---|---|
| သောကြာနေ့ (၁၀-၆-၁၆) | နံနက် ၁း၃၀ | ပြင်သစ် - ရိုမေးနီးယား |
| စနေနေ့ (၁၁-၆-၁၆) | ည ၇း၃၀ | အယ်ဘေးနီးယား - ဆွစ်ဇာလန် |
| | ည ၁၀း၃၀ | ဝေလ - စလိုဗက်ကီးယား |
| | နံနက် ၁း၃၀ | အင်္ဂလန် - ရုရှား |
| တနင်္ဂနွေနေ့ (၁၂-၆-၁၆) | ည ၇း၃၀ | တူရကီ - ခရိုအေးရှား |
| | ည ၁၀း၃၀ | ပိုလန် - မ/အိုင်ယာလန် |
| | နံနက် ၁း၃၀ | ဂျာမနီ - ယူကရိန်း |
| တနင်္လာနေ့ (၁၃-၆-၁၆) | ည ၇း၃၀ | စပိန် - ချက် |
| | ည ၁၀း၃၀ | အိုင်ယာလန် - ဆွီဒင် |
| | နံနက် ၁း၃၀ | ဘယ်လ်ဂျီယံ - အီတလီ |
| အင်္ဂါနေ့ (၁၄-၆-၁၆) | ည ၁၀း၃၀ | ဩစတြီးယား - ဟန်ဂေရီ |
| | နံနက် ၁း၃၀ | ပေါ်တူဂီ - အိုက်စလန် |
| ဗုဒ္ဓဟူးနေ့ (၁၅-၆-၁၆) | ည ၇း၃၀ | ရုရှား - စလိုဗက်ကီးယား |
| | ည ၁၀း၃၀ | ရိုမေးနီးယား - ဆွစ်ဇာလန် |
| | နံနက် ၁း၃၀ | ပြင်သစ် - အယ်ဘေးနီးယား |

# ယူရို ၂၀၁၆ ပြိုင်ပွဲဝင်အသင်းများအနက် တန်ဖိုးအရှိဆုံးအသင်းအဖြစ် ဂျာမနီအသင်း ရပ်တည်

**ထက်အောင်**

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲဝင်အသင်း ၂၄သင်းအနက် ဂျာမနီအသင်းသည် တန်ဖိုးအမြင့်မားဆုံး အသင်းအဖြစ် ရပ်တည်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။




Association of Accounting Technicians (AAT) က ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်မည့် နိုင်ငံအသင်းများက ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦး စာရင်းမှ ကစားသမားတစ်ဦးချင်းစီ၏ ပြောင်းရွှေ့ကြေး တန်ဖိုးကို transfermarkt.com မှ ဖော်ပြထားသည့် တန်ဖိုးဖြင့် တွက်ချက်ထားခြင်းဖြစ်သည်။ အဆိုပါ တွက်ချက်မှုအရ ဂျာမနီအသင်းသည် ပေါင် ၄၂၀ ဒသမ ၅၀ သန်းဖြင့် တန်ဖိုးအရှိဆုံး အသင်းအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ဂျာမနီအသင်း၏ တန်ဖိုးအမြင့်မားဆုံးကစားသမားမှာ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး သောမတ်မူလာဖြစ်ပြီး သောမတ်မူလာ၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၅၉ သန်းဖြစ်သည်။ အာဆင်နယ် ကွင်းလယ်ကစားသမား အိုဇေးလ်နှင့် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား တိုနီခရူးစ်တို့၏ ပြောင်းရွှေ့ကြေး တန်ဖိုးမှာ ပေါင် ၅၅ သန်းစီဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

AAT မှ ဖော်ပြခဲ့သော စာရင်းအရ ဒုတိယနေရာတွင် စပိန်အသင်းက ပေါင် ၄၁၈ ဒသမ၁၃ သန်းဖြင့်လည်းကောင်း၊ တတိယနေရာတွင် ဘယ်လ်ဂျီယံအသင်းက ပေါင် ၃၄၅ ဒသမ၆၈ သန်းဖြင့်လည်းကောင်း ရပ်တည်နေပြီး အင်္ဂလန်အသင်းက ပေါင် ၃၃၄ ဒသမ ၅၀ သန်းဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသည်။

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အိမ်ရှင်ဖြစ်ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့် အသင်းတစ်သင်းဖြစ်သော ပြင်သစ်အသင်းက တန်ဖိုး ပေါင် ၃၂၃ ဒသမ ၆၃ သန်းဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေသည်။ ယူရို ၂၀၁၆ ပြိုင်ပွဲဝင် အသင်းများအနက် တန်ဖိုးအနည်းဆုံးအသင်းမှာ ပေါင် ၂၀၄ ဒသမ၄၉ သန်းသာရှိသည့် ဟန်ဂေရီအသင်းဖြစ်သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားများအနက် ပြောင်းရွှေ့ကြေးတန်ဖိုး အမြင့်မားဆုံး ကစားသမားအဖြစ် ပြောင်းရွှေ့ကြေး ပေါင် ၈၆ သန်း သတ်မှတ်ခံထားရသည့် ပေါ်တူဂီနှင့် ရီးရဲကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက ရပ်တည်နေသည်။

**ဂျာမနီအသင်း၏ တန်ဖိုးအမြင့်မားဆုံးကစားသမားမှာ ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး သောမတ်မူလာဖြစ်ပြီး သောမတ်မူလာ၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၅၉ သန်းဖြစ်သည်။**



# ခရိုအေးရှားအသင်းရဲ့ လျှို့ဝှက်လက်နက် သို့မဟုတ် ပီရီဆစ်

**အောင်က**

**ခရိုအေးရှား** အသင်းဟာ ၁၉၉၂ ခုနှစ်အထိ ယူကိုစလားဗီးယားနိုင်ငံရဲ့အစိတ်အပိုင်းအဖြစ်ရှိနေခဲ့တာကြောင့် ယူရိုပြိုင်ပွဲကို ၁၉၉၆ခုနှစ် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ သမိုင်းကြောင်းရှည်လျားလှတဲ့ အသင်းအဖြစ် မဆိုနိုင်ပေမယ့် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ယူရို ၉၆မှာတော့ ကွာတားဖိုင်နယ်အထိရောက်ရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ လက်ရှိ ခရိုအေးရှားအသင်းဆိုရင်လည်း ထင်ရှားပြီး လူသိများတဲ့ကစားသမားတွေ ပါဝင်နေသလို နည်းဗျူဟာကောင်းမှုတွေကြောင့်လည်း နည်းပြစီဆစ်ကလည်း ထင်ရှားသူဖြစ်ပါတယ်။ လက်ရှိ ခရိုအေးရှားအသင်းမှာ မန်ဇူကစ်၊ ဘရိုဇိုဗစ်၊ ရာကီတစ်၊ ကော်လူကာတို့ရှိနေကြပေမယ့် ခရိုးအေးရှားရဲ့သတိထားပြီးစောင့်ကြည့်ချင်စရာကောင်းတဲ့ကစားသမားကတော့ ပီရီဆစ်ဖြစ်ပါတယ်။



ပီရီဆစ်ဟာ ခရိုအေးရှား ကမ်းခြေမြို့ဖြစ်တဲ့ စပလစ်မှာ ကြီးပြင်းခဲ့တာဖြစ်ပြီး ကြက်မွေးမြူရေးသမားတစ်ဦးရဲ့ သားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ငယ်စဉ်ကသူကို ကိုကာ (ကြက်)လို့တောင်သူငယ်ချင်းတွေက ခေါ်ခဲ့ကြပါတယ်။ သူ့အတွက်တော့ အဲ့ဒီနာမည်ပြောင်ဟာ အနှောင့်အယှက် မဖြစ်စေခဲ့ပါဘူး။ ပီရီဆစ်ဟာ ဘောလုံးပညာကို စပလစ်မြို့ရဲ့ အဓိကကလပ်ဖြစ်တဲ့ ဟာဂျူ စပလစ်အသင်းရဲ့လူငယ် အကယ်ဒမီမှာ စတင်လေ့လာသင့်ကြားခဲ့ရသူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်အထိ ပီရီဆစ်ကို စပလစ်မြို့က အားပေးနေတုန်းလို့ဆိုရမှာ ဖြစ်ပါတယ်။

ပီရီဆစ်အတွက် ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့ချိန်ကတော့ ၂၀၀၆ခုနှစ် နွေရာသီလို့ဆိုရမှာဖြစ်ပါတယ်။ သူနဲ့ပတ်သက်ပြီး ဟာဂျူစပလစ်အသင်း နည်းပြ ဗူလစ်ကချီးကျူးမှုတွေဟာ ခရိုအေးရှား သတင်းစာတွေမှာ ဝေဝေဆာဆာပါလာခဲ့ပြီး နောက်ပိုင်းမှာတော့ ဥရောပအသင်းတော်တော်များများကနေ သူ့ကို စပြီးစိတ်ဝင်စားလာခဲ့ကြပါတယ်။ အဲဒီအချိန်တုန်းကဆိုရင် သူ့ကိုခေါ်ယူဖို့အတွက် အန်းဒါးလက်ချ်၊ ပီအက်စ်ဗီ၊ အိုင်းယက်စ်၊ ထရာဗွန်စပေါ၊ ဟာသာဘာလင်နဲ့ ဟမ်းဘတ်အသင်းတို့ကခေါ်ယူဖို့စိတ်ဝင်စားခဲ့ကြပါတယ်။ ဒါပေမယ့် ပီရီဆစ်ဟာ ပြင်သစ်ကလပ် ဆိုချောက်အသင်းကိုပဲ ရွေးချယ်ပြောင်းရွှေ့ခဲ့ပါတယ်။ ဆိုးချော့အသင်းအနေနဲ့ ပီရီဆစ်ကို ခေါ်ယူဖို့အတွက် ယူရို ၃၆၀၀၀၀ပေးခဲ့ရပါတယ်။ အခုတော့ ပီရီဆစ်ရဲ့ ပြောင်းရွှေ့ကြေးဟာ ယူရိုသန်း ၁၆သန်း အထိတန်နေခဲ့ပြီးလည်းဖြစ်ပါတယ်။

ပီရီဆစ်ဟာ ပြင်သစ်ကလပ် ဆိုးချော့အသင်းကို ပြောင်းရွှေ့ခဲ့ပေမယ့် ဆိုးချော့အသင်းကြီးမှာတော့ ပါဝင်ကစားခွင့် မရရှိခဲ့ပဲ အရန်အသင်းမှာသာ ကစားခွင့်ရရှိခဲ့သူ ဖြစ်ပါတယ်။ အဲ့ဒီနောက်မှာတော့ သူဟာ ဘယ်လ်ဂျီယံကလပ် ဘရက်ဂျီအသင်းကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ သူဟာဘရက်ဂျီအသင်းမှာ ၂၀၁၁ခုနှစ်အထိ ကစားခဲ့ပြီး ဘယ်ဂျီယံလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နိုင်ခဲ့သလို တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိခဲ့ပါသေးတယ်။ အဲ့ဒီအချိန်ကတည်းက သူဟာခရိုအေးရှား လက်ရွေးစင်အသင်းမှာတော့ စတင်ပါဝင်ကစားခွင့်ရရှိနေခဲ့ပြီဖြစ်ပါတယ်။

အဲ့ဒီနောက်ပိုင်းမှာတော့ ပီရီဆစ်ဟာ ဒေါ့မွန်အသင်းကို ယူရို ရှစ်သန်းနဲ့ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ သူဟာ ဒေါ့မွန်အသင်းအတွက် အကောင်းဆုံးခြေစွမ်းတွေနဲ့အတူ ကစားနိုင်ခဲ့သလို မမေ့နိုင်စရာကောင်းတဲ့ ဂိုးတွေကိုလည်း သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့်အသင်းကို မာကိုရုစ့်ရောက်ရှိလာခဲ့ပြီး နောက်ပိုင်းမှာတော့ ပီရီဆစ်ရဲ့အခန်းကဏ္ဍာဟာ တစ်ခန်းရပ်ခဲ့ရပြီး နည်းပြဂျာဂျင်ကလော့ရဲ့ နှစ်သက်မှုကိုလည်း မခံခဲ့ရပါဘူး။ ဒါကြောင့်လည်း ၂၀၁၃မှာတော့ ဘွန်ဒက်စ်လီဂါကလပ် ဝုဒ်ဘတ် အသင်းကို ပြောင်းရွှေ့ခဲ့ရပြီးနောက် နှစ်နှစ်ကြာမှာတော့ အင်တာမီလန်အသင်းကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ သူဟာ ကလပ်အသင်းတွေ အပြောင်းအရွှေ့ပေါင်းများစွာနဲ့ရင်ဆိုင်ခဲ့ရပေမယ့် ခရိုအေးရှားလက်ရွေးစင်အသင်းမှာတော့ ပုံမှန်နေရာရရှိနေခဲ့တဲ့သူ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ကြက်မွေးမြူရေးသမားတစ်ဦးရဲ့သားဘဝကနေ ပြင်သစ်မြေကို ဆိုးချော့အသင်းနဲ့အတူ ခြေချခဲ့တဲ့ ပီရီဆစ်ဟာအခုအခါမှာတော့ ယူရို၂၀၁၆ ပြိုင်ပွဲနဲ့အတူ ပြင်သစ်မြေပေါ်ကို တစ်ကျော့ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ခရိုအေးရှားအသင်းဟာ ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ အောင်မြင်မှု မရရှိခဲ့ဘဲ အုပ်စုအဆင့်ကနေ ထွက်ခဲ့ရပေမယ့် တောင်ပံကစားသမား ပီရီဆစ်ရဲ့ ခြေစွမ်းကတော့ လူတိုင်းအသိအမှတ် ပြုခဲ့ရပါတယ်။ ဒ့ါအပြင်ခရိုအေးရှားအသင်းရဲ့ယူရို၂၀၁၆ ခြေစစ်ပွဲတွေမှာလည်း ပီရီဆစ်ဟာ၆ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။ ဒါ ကြောင့်လည်း ပီရီဆစ်ဟာ ယူရို ၂၀၁၆မှာ အသင်းတိုင်းက သတိထားရမယ့် ခရိုအေးရှားအသင်းရဲ့ လျှို့ဝှက်လက်နက်လို့တောင် ဆိုရမှာဖြစ်ပါတယ်။ ■

> **ပီရီဆစ်ဟာ ပြင်သစ်ကလပ် ဆိုးချော့အသင်းကိုပဲ ရွေးချယ်ပြောင်းရွှေ့ခဲ့ပါတယ်။ ဆိုးချော့အသင်းအနေနဲ့ ပီရီဆစ်ကို ခေါ်ယူဖို့အတွက် ယူရို ၃၆၀၀၀၀ ပေးခဲ့ရပါတယ်။ အခုတော့ ပီရီဆစ်ရဲ့ ပြောင်းရွှေ့ကြေးဟာ ယူရိုသန်း ၁၆သန်း အထိတန်နေခဲ့ပြီးလည်း ဖြစ်ပါတယ်။**

## ယူရို ၂၀၁၆ အုပ်စုအဖွင့်ပွဲ၌ ပွဲထွက်ခွင့်ရမရ မသိရသေးကြောင်း ဂိုးသမား ဒီဂီယာ ဖွင့်ဟ

**ထက်အောင်**




စပိန်အသင်းဂိုးသမား ဒေးဗစ်ဒီဂီယာက စပိန်အသင်း၏ ယူရို ၂၀၁၆ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲအဖြစ် ချက်အသင်းနှင့် ရင်ဆိုင်ရမည့်ပွဲ၌ မိမိအနေဖြင့် ပွဲထွက်ကစားသမားအဖြစ် ကစားခွင့် ရမရဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရှိရသေးကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူဂိုးသမား ဒီဂီယာသည် ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်မီ စပိန်အသင်း၏ နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇွန် ၈ ရက်တွင် ဂျော်ဂျီယာနှင့် ကစားခဲ့သောပွဲ၌ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး အဆိုပါ ပွဲတွင် စပိန်အသင်းက ၁-၀ ဖြင့် အရေးနိမ့်ခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း စပိန်အသင်းနည်းပြ ဒဲလ်ဘော့စကေးက ချက်အသင်းနှင့်ပွဲတွင် မည်သည့် ဂိုးသမားကို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုရမည်ဆိုသည်ကို မဆုံးဖြတ်ရသေးကြောင်း ပြောဆိုခဲ့သည်။ “ချက်အသင်းနဲ့ပွဲမှာ ဘာဖြစ်လာမလဲဆိုတာကို စောင့်ကြည့်ရမှာပါ။ ကျွန်တော်တို့ ဒီမှာ ရောက်ရှိနေတာက နည်းပြပြောတဲ့အတိုင်းလုပ်ဖို့ ဖြစ်ပါတယ်။ ပွဲကစားခွင့်ရရှိချိန်မှာ အသင်းကို ကူညီပေးနိုင်ဖို့ကိုပဲ ကျွန်တော် စဉ်းစားပါတယ်။ စပိန်အသင်းရဲ့ ဂိုးသမားနေရာနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေက အမြဲရှိနေတယ်။ ဒါပေမယ့် စပိန်အသင်းရဲ့ ဂိုးသမား သုံးဦးစလုံးဟာ အသင်းအတွက် အကောင်းဆုံး ပေးဆပ်ချင်သူတွေချည်းဖြစ်ပါတယ်”ဟု ဂိုးသမား ဒီဂီယာက ပြောသွားသည်။

စပိန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ဒီဂီယာနှင့်အတူ ပေါ်တိုအသင်းမှ ဝါရင့်ဂိုးသမား ကာဆီးလက်စ်နှင့် ဆီဗီလာအသင်းမှ လူငယ်ဂိုးသမား ဆာဂျီယိုရီကို(၂၂နှစ်)တို့ကို ရွေးချယ်ထားသည်။

## လီဝမ်ဒေါ်စကီး၊ အလာဘာတို့နှင့် ပတ်သက်၍ ရီးရဲအသင်းအား ဘိုင်ယန်သတိပေးစကားဆို

**ထက်အောင်**



ဘိုင်ယန်မြူးနစ်အသင်းဉက္ကဋ္ဌ ကားလ်ဟိန်းရှုမင်နစ်ချ်က တိုက်စစ်မှူး လီဝမ်ဒေါစကီးနှင့် ကွင်းလယ်ကစားသမား ဒေးဗစ်အလာဘာတို့အား ရောင်းချမည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ် အသင်းကို သတိပေးပြောဆိုလိုက်သည်။

ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါစကီ၏ အေးဂျင့်ဖြစ်သူ ကူချာစကီသည် ရီးရဲအသင်းသို့ လီဝမ်ဒေါစကီး ပြောင်းရွှေ့ရေးနှင့်ပတ်သက်၍ ဆွေးနွေးရန် မက်ဒရစ်မြို့သို့ ရောက်ရှိနေကြောင်း သတင်းများ ထွက်ပေါ်ခဲ့ပြီး ရီးရဲအသင်းသည် သြစတြီးယားကစားသမား အလာဘာကိုလည်း ခေါ်ယူရန် ဆက်သွယ်ကြိုးပမ်းလျက်ရှိသည်။

လီဝမ်ဒေါစကီး၊ အလာဘာတို့အား ရီးရဲအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းနှင့်ပတ်သက်၍ မေးမြန်းမှုကို ဉက္ကဋ္ဌ ရှုမင်နစ်ချ်က “သူတို့ရဲ့အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး ကျွန်တော်တို့ တံခါးပိတ်ထားပါတယ်။ ဘိုင်ယန်အသင်းတာဝန်ရှိသူတွေရဲ့ ဆန္ဒမပါဘဲ ဘယ်ကစားသမားမှအသင်းက ထွက်ခွာလို့မရပါဘူး။ ဘိုင်ယန်အသင်းက ရီးရဲမက်ဒရစ်နဲ့ ဆက်ဆံရေးကောင်းရှိသလို ဘာစီလိုနာနဲ့လည်း ဆက်ဆံရေးကောင်းရှိပါတယ်။ ၂၀၀၈ ခုနှစ် အတွင်းမှာ အဲဒီအသင်းတွေက ဖရန့်ရီဘာရီကို ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် ကျွန်တော်တို့ ရောင်းချခဲ့ခြင်းမရှိဘူး။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ဆန့်ကျင်ပြီး ဘယ်ကစားသမားကိုမှ ရောင်းချသွားမှာမဟုတ်ပါဘူး”ဟု ပြောသွား သည်။

တိုက်စစ်မှူး လီဝမ်ဒေါစကီးနှင့် ဘိုင်ယန်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ်တွင် မှ ကုန်ဆုံးမည်ဖြစ်ပြီး အလာဘာသည်လည်း ပြီးခဲ့သည့် မတ်လအတွင်းတွင် ဘိုင်ယန်နှင့် ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး
## ရုံးသုံးစက်ကိရိယာပစ္စည်း လေးမျိုး ဝယ်ယူရန်
## တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအတွက် ရုံးသုံးစက်ကိရိယာပစ္စည်းလေးမျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Computer | 29 Sets |
| ၂ | Laser Printer A4 | 10 Nos |
| ၃ | Laser Colour Printer A4 | 2 Nos |
| ၄ | Fax Machine | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၆ရက်မှ ၂၂-၆-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ရုံးအမှတ်(၇)၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၂၈၊ ၀၆၇-၄၁၂၃၂၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**
**ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်**
**ဘဏ္ဍာရေးဌာနခွဲ**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၀၊ ၀၆၇-၄၁၂၃၂၈**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက်
## ရုံးသုံးစက်ကိရိယာပစ္စည်း ငါးမျိုး ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနအတွက် ရုံးသုံးစက်ကိရိယာပစ္စည်း ငါးမျိုးကို ပြည်တွင်းသုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Computer | 10 Nos |
| ၂ | Laser Jet Printer A4 | 4 Nos |
| ၃ | Fax Phone | 3 Nos |
| ၄ | Copier | 1 No |
| ၅ | Scanner | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၆ ရက်မှ ၂၂-၆-၂၀၁၆ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## ပြင်ဆင်သတ်မှတ်ခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက်အား ၂၇-၅-၂၀၁၆ရက်ထုတ် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ကြော်ငြာထားသည့် ၁၇-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီအစား ၂၄-၆-၂၀၁၆ ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါကြောင်း ပြင်ဆင်ချက်အား အသိပေးကြော်ငြာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်
## ဆောင်ရွက်မည့် လုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ၂၀၁၆ခုနှစ် ဇူလိုင် ၇ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဓာတ်ခွဲခန်းသုံးပစ္စည်းများ | ၅၇ မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်းများ | ၅ မျိုး |
| ၃။ | မီးဖိုချောင်သုံးပစ္စည်းများ | ၁ စုံ |
| ၄။ | ပရိဘောဂများ | ၈ မျိုး |

၂။ တင်ဒါပုံစံ၊ စံချိန်စံညွှန်းများ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါလိပ်စာများနှင့် ဖုန်း-၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၂၅၊ ၀၆၇- ၄၁၆၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm နှင့် တက္ကသိုလ်၏ facebook page ဖြစ်သော www.facebook.com/uvsyznmyanmar တို့တွင်လည်းကောင်း ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၂၁)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၆-၆-၂၀၁၆ ရက်မှ ၅-၇-၂၀၁၆ ရက် အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၇-၇-၂၀၁၆ ရက် ၁၀း၀၀ နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး၊ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ်ရုံးခန်း၊ နေပြည်တော်၊ ရုံးအမှတ်(၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇-၄၁၂၂၂၉၊ ၀၆၇-၄၁၂၁၄၈၊ ၀၆၇-၄၁၂၆၀၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အားကစားကွင်း/ရုံများ ပြုပြင်/တည်ဆောက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးတွင် ၁၀-၆-၂၀၁၆ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၃၀-၆-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးဖုန်း-၀၇၄-၂၂၄၅၂ နှင့် ၀၉-၂၅၆၄၉၅၅၁၀ နံပါတ်များတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(၁) မန်စီဘောလုံးကွင်း ပြုပြင်ခြင်း
(၂) ငြိမ်းချမ်းသာယာအားကစားခန်းမပြင်ဆင်ခြင်း(မြစ်ကြီးနားမြို့)
(၃) ဝိုင်းမော်မြို့နယ် Inner fancing ကာရံခြင်း
(၄) မိုးမောက်ပွဲကြည့်စင်တိုးချဲ့ပြင်ဆင်တည်ဆောက်ခြင်း
(၅) ပြည်နယ်အားကစားကွင်း (မီတာ-၄၀၀) အဆင့်မြင့်ပြုပြင်ခြင်း (Synthetic) (မြစ်ကြီးနားမြို့)
(၆) တနိုင်းပွဲကြည့်စင်တည်ဆောက်ခြင်း
(၇) ဟိုပင်ပွဲကြည့်စင်တည်ဆောက်ခြင်း
(၈) မိုးကောင်းအားကစားကွင်း Inner fancing ကာရံခြင်း
(၉) ရွှေကူကွင်းသစ်ဘောလုံးကွင်းပြုပြင်ခြင်း
(၁၀) ရွှေကူအားကစားရုံပြုပြင်မွမ်းမံခြင်း

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)အတွက်
## သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်တွင် ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍ သက်မွေးပညာရပ်ဆိုင်ရာ သင်တန်းများကို ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း (NVTI)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ **လျှောက်ထားသူသည်-**
**(က)** မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
**(ခ)** အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူ ဖြစ်ရမည်။

၃။ အပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၂၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate)ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့်စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့်သင်တန်းကာလ**

**(က)** လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း
(သင်တန်းကာလ-၁ လ)
**(ခ)** ငါးဖိန်းသားဖောက်သင်တန်းနှင့် ငါးဆေးထိုးသားဖောက်သင်တန်း
(သင်တန်းကာလ-၂ ပတ်)
**(ဂ)** တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း
(သင်တန်းကာလ-၁ လ)
**(ဃ)** အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း
(သင်တန်းကာလ- ၁လ)

**သင်တန်းဖွင့်လှစ်မည့်ရက်**
ဇွန် ၁၅ရက် ၂၀၁၆ ခုနှစ်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
ငါးလုပ်ငန်းဦးစီးဌာန ဖုန်း- ၀၉-၅၁၈၇၁၂၄
စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၉-၄၂၈၂၀၈၄၀၀
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖုန်း-၀၉-၄၃၀၂၆၃၄၃၊ ၀၆၇-၄၀၉၂၄၃
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) ဖုန်း-၀၉-၅၂၁၅၆၄၉

[လျှောက်လွှာများကို ၁၃-၆-၂၀၁၆ရက် နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။]

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ

**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း**

၁။ ၂၀၁၅ ခုနှစ် ဧပြီလ ၁ရက်မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်)အသင်း၊ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့်ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ(သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန်အသိပေး နှိုးဆော်အပ်ပါသည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
(ခ) ကုန်စည်တင်သွင်းခြင်း
(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း
(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း

၂။ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက်အခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း၂၀၀တိတိ၊
(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ၊
(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

၃။ **တင်သွင်းရမည့်နောက်ဆုံးရက်**။ ၂၀၁၆ ခုနှစ် ဇွန် ၃၀ရက် (ကြာသပတေးနေ့)

၄။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်**။ လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသောအချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ **ကြေညာလွှာပုံစံရယူရန်။** ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး website ဖြစ်သည့် http://www.irdmyanmar. gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးမှူးရုံး (သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(မန္တလေး)၊ ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် ဥပဒေချုပ်ရုံးတွင် အသုံးပြုရန်အတွက် CCTV စက်(၁)စုံ၊ လေအေးပေးစက်(Stand) (၂)လုံး၊ အစည်းအဝေးခန်းမသုံး အသံချဲ့စက်(၁)စုံ၊ အရာရှိခန်းသုံး ဆက်တီ(၁)စုံ၊ သံထည်ဖြင့်ပြုလုပ်ထားသော စတိုခန်းသုံး ဖိုင်တင်စင်များတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ ရက်
**တင်ဒါပိတ်ရက်နှင့် အချိန်** - ၁၁-၇-၂၀၁၆ ရက် ၁၆း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၂၄၂၉၊ ၀၇၄-၂၉၅၄၀ သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## ချင်းပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပြည်နယ်စီမံကိန်းရုံး ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၂)ထပ်၊ မတူပီမြို့နယ်ရုံး ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ၊ (၂)ထပ်နှင့် ဖလမ်းခရိုင် ဝန်ထမ်းအိမ်ရာ မြေထိန်းနံရံ(၁)ခု စသည့် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူမည့်ရက်** - ၂၆-၅-၂၀၁၆ ရက်
၃။ **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၅-၆-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - ၃၀-၆-၂၀၁၆ ရက်
၅။ **တင်ဒါဖွင့်မည့်နေရာ** - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ရုံးခန်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဟားခါးမြို့
၆။ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း- ၀၇၀-၂၁၆၀၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အမည်ပြောင်း

ဦးပန္တ၏သမီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထက၊ ပထမတန်း(က)မှ မဟန်နီထွန်းအား ယနေ့မှစ၍ မနန်းဟန်နီထွန်း ဟု ပြောင်းလဲခေါ်ပါရန်။ **မနန်းဟန်နီထွန်း**

## ဖခင်အမည်မှန်

အောင်သပြေ၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဝင်းပပလှိုင်၏ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၁၃/တကန(နိုင်)၂၆၅၇၁၈ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

## အမည်ပြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးခွန်ကျော်သောင်း၏သမီး အထက (၁)၊ နဝမတန်း(7-B)မှ မနန်းကွဲအား မနန်းချိုမြတ်သင်းဟု ပြောင်းလဲခေါ်ပါရန်။ **မနန်းချိုမြတ်သင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဂျော်နီဝင်း ၂/ဖရဆ (နိုင်)၀၁၈၀၃၂၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၀၉၁၃၀၉၀**

## အမည်မှန်နှင့်မိဘအမည်မှန်

ဟသ်ာတမြို့၊ ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းဝင်မှတ်ပုံတင်အမှတ် ၃၅၁၊ တက္ကသိုလ်ဝင်တန်း တန်းခွဲ(က)မှ မခြူးအိလှိုင်၏ အမည်မှန်မှာ မခြူး အိအိလှိုင်ဖြစ်ပြီး မိဘ အမည်မှန်မှာ ဦးကျော်စိုး-ဒေါ်ခင်သန်းပြုံး ဖြစ်ပါသည်။ **မခြူးအိအိလှိုင်၊ ဦးကျော်စိုး-ဒေါ်ခင်သန်းပြုံး**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
# ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၅ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၆ခုနှစ် မတ် ၃၁ရက် အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းသမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်း ပုဂ္ဂိုလ်တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်)အသင်းအဖွဲ့တို့သည် လည်းကောင်း၊ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်)အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင် ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးရှိ အခွန်ထမ်းကြီးများအနေဖြင့် ကိုယ်တိုင်အခွန်တွက်ချက်စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ကြေညာလွှာတွင် ပူးတွဲပါရှိသောညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန် မလိုအပ်ပါ။

၃။ ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

၄။ **ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန်**
အခွန်ထမ်း၏စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းအရ ထားရှိရမည့် စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

၅။ **ပေးပို့ရမည့် နောက်ဆုံးရက်**
၂၀၁၆ခုနှစ် ဇွန် ၃၀ရက် (ကြာသပတေးနေ့)

၆။ **ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက်ပြစ်ဒဏ်**
ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်စေနိုင်ပါသည်။

၇။ **ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်**
ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃) (သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး website ဖြစ်သည့် http://www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၈။ **စုံစမ်းရန်**
မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊ (၃)(သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)

၁။ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၈)၊ တောင်ကုတ်မြို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေ၊ ပြင်/ထိန်း ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို လမ်းအလိုက်၊ လုပ်ငန်းခွင်အရောက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုသည်။
(၁) **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၆-၂၀၁၆ ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)
(၂) **တင်ဒါလျှောက်လွှာပုံစံပိတ်မည့်ရက်** - ၂၄-၆-၂၀၁၆ ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)
(၃) **တင်ဒါဖွင့်မည့်ရက်** - ၂၈-၆-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီ
၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၈)ရုံး၊ တောင်ကုတ်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၄၃-၆၀၂၂၇၊ ၀၉-၂၅၀၂၂၈၉၃၅**

---

# မြန်မာနိုင်ငံချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရန်အစည်းအဝေးဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်အရ စက်မှုဝန်ကြီးဌာနမှ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၂။ မြန်မာနိုင်ငံ ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်းဖွဲ့စည်းရေးနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီရွေးချယ်ရန်အတွက် ပဏာမရွေးချယ်မှုအစည်းအဝေးအား အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုတင်ပြထားသော ဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

**(က) အထက်မြန်မာပြည်**
(၁) တိုင်းဒေသကြီး/ပြည်နယ်များ
(ကက) မန္တလေးတိုင်းဒေသကြီး
(ခခ) စစ်ကိုင်းတိုင်းဒေသကြီး
(ဂဂ) မကွေးတိုင်းဒေသကြီး
(ဃဃ) ကချင်ပြည်နယ်
(ငင) ချင်းပြည်နယ်
(စစ) ရှမ်းပြည်နယ်
(၂) **ကျင်းပမည့်ရက်** - ၁၆-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)
(၃) **ကျင်းပမည့်အချိန်** - ၁၀း၀၀နာရီ
(၄) **ကျင်းပမည့်နေရာ** - မန္တလေးစက်မှုဇုန်၊ ကနောင်ခန်းမ၊ ဖိုးရာဇာလမ်း မန္တလေးမြို့။

**(ခ) အောက်မြန်မာပြည်**
(၁) တိုင်းဒေသကြီး/ပြည်နယ်များ
(ကက) ရန်ကုန်တိုင်းဒေသကြီး
(ခခ) ပဲခူးတိုင်းဒေသကြီး
(ဂဂ) ဧရာဝတီတိုင်းဒေသကြီး
(ဃဃ) တနင်္သာရီတိုင်းဒေသကြီး
(ငင) ကယားပြည်နယ်
(စစ) ကရင်ပြည်နယ်
(ဆဆ) ရခိုင်ပြည်နယ်
(ဇဇ) မွန်ပြည်နယ်
(၂) **ကျင်းပမည့်ရက်** - ၂၃-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)
(၃) **ကျင်းပမည့်အချိန်** - ၁၀း၀၀နာရီ
(၄) **ကျင်းပမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရန်ကုန်ရုံးခွဲ၊အမှတ်(၁) သုခဝတီလမ်း၊ Sedona အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅၊ ၄၀၈၁၅၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သော Power Transformer 230/33/ 11KV(100)MVA(2)Nos နှင့် 230/66/ 11KV,(100) MVA(1)No တို့ကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သော ဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

# အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂလိုဏ်ဂူ သိုလှောင်ရုံဝင်းရှိ သိုလှောင်ရုံများတွင် သိုလှောင်ထားသော လျှပ်စစ်ပစ္စည်း (၄)မျိုးအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-
**Lot(1)** လျှပ်စစ်မီးကြိုးမာ (3/036)Twin
**Lot(2)** လျှပ်စစ်မီးကြိုးမာ (7/029)Single
**Lot(3)** လျှပ်စစ်မီးကြိုးမာ (7/044) Single
**Lot(4)** မိန်းခလုတ် (15 A)
(က) **တင်ဒါရောင်းချရမည့်ရက်** - ၁၃-၆-၂၀၁၆ရက်မှ ၂၂-၆-၂၀၁၆ရက်အထိ
**အချိန်** - ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ
(ခ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂၃-၆-၂၀၁၆ ရက် ၁၂း၀၀ နာရီ၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၆-၂၀၁၆ ရက် ၁၃း၀၀ နာရီ
(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ**- စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့
(င) **Deposit ပေးသွင်းနိုင်မည့် ဘဏ်များ** - တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
(စ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
၂။ အဆိုပါပစ္စည်းများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၁-၂၅၁၈၂၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ကချင်ပြည်နယ်ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သောဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံး၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများ(FDA) အသိအမှတ်ပြုကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ ရက်
**ပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၁-၇-၂၀၁၆ ရက်၊ (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၈၈၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခွင့် လုပ်ငန်းလိုင်စင်အမျိုးအစားများနှင့် ပတ်သက်၍**

# အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်လုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ရာ သိုလှောင်ကန်တည်ဆောက်၍ ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လိုင်စင်(က)နှင့် သိုလှောင်ကန်တည်ဆောက်ခြင်းမရှိဘဲ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည် ဆလင်ဒါများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လိုင်စင်(ခ)တို့ကို စိစစ်ခွင့်ပြုထုတ်ပေးခဲ့ပါသည်။
၂။ ယခုအခါ ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စနစ်တကျပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရန်နှင့် ထိရောက်စွာ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားနိုင်ရန်အတွက် အောက်ပါအတိုင်း လိုင်စင်အမျိုးအစား (၅)မျိုးခွဲခြားသတ်မှတ်၍ လိုင်စင်များ စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်-
လိုင်စင်(က) - ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG) ကို ပြည်ပမှတင်သွင်း၍ တင်/ချ ဆိပ်ခံတံတားအပါအဝင် သိုလှောင်စခန်း (Terminal) ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
လိုင်စင်(ခ) - ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG)ကို ပြည်ပမှတင်သွင်း၍ သိုလှောင်ကန် (Storage Tank)၊ သိုလှောင်ရုံ (Cylinder Warehouse) ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း(တင်/ချ ဆိပ်ခံတံတားမပါ)
လိုင်စင်(ဂ) - ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG) ကို Filling Station ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
လိုင်စင်(ဃ) - ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
လိုင်စင်(င) - ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
၃။ လိုင်စင်(ဃ)နှင့် (င)တို့အား ယာယီလုပ်ငန်းလိုင်စင်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက်သို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လာရောက်၍ တိုက်ရိုက်အခမဲ့ထုတ်ပေးမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဒေသအလိုက် လိုင်စင်ထုတ်ပေးရန် ကြိုတင်ကြေညာသတ်မှတ်သည့်နေ့ရက်များတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၄။ လိုင်စင်အမျိုးအစားများအလိုက် ခွင့်ပြုရရှိရန် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်နှင့် လိုက်နာရမည့်စည်းကမ်းချက်များကို အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ နေ့စဉ် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၉၄**

---

# အမည်ပြောင်း

တနင်္သာရီမြို့နယ်၊ အထက၊ တနင်္သာရီ၊ အဌမတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဝင်း၏ သမီး မထက်ထက်မိုးဦး အား မခိုင်ဇင်ငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။

**မခိုင်ဇင်ငြိမ်း**

---

# ဖခင်အမည်မှန်

မြိတ်မြို့၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ကြောင်ငယ်၊ ဆဌမတန်း(B)မှ မောင်အောင်နှင့် အဌမတန်း(B)မှ မောင်ရဲသီဟတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးပွဲညက် ဖြစ်ပါကြောင်း။

**ဦးပွဲညက်**

---

# အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျန်စစ်သားလမ်းဘေး၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၁၄)၊ အင်းဂလိုင်ကွင်းအမှတ်(၃၇၅)အတွင်းရှိ လယ်မြေ(၂၉၃)ဧကသည် လှိုင်သာယာမြို့သစ်ဖော်ဆောင်ရန်အတွက် ၁၉၅၃ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေပုဒ်မ(၃၉)အရ အများပြည်သူအကျိုးငှာ လယ်ယာမြေများကို အခြားနည်းအသုံးပြုခွင့်ရရှိခဲ့ပြီးဖြစ်၍ မြို့ပြစီမံကိန်းများ ဆောင်ရွက်လျက်ရှိသော စီမံကိန်းမြေနေရာဖြစ်ပါသည်။
၂။ အထက်ဖော်ပြပါစီမံကိန်းမြေနေရာတွင် ဌာနမှဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများအား နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ တားဆီးပိတ်ပင်ခြင်း၊ အကျိုးဖျက်ဆီးခြင်း စသည့်အပြုအမူများကိုဆောင်ရွက်သည့် မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

# AGTI Society
# Vocational Training Centre
# သင်တန်းသားများခေါ်ယူခြင်း

၁။ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (AGTI Society) နှင့် ဂျပန်နိုင်ငံမှ Kinden Corp; Sumitomo Corp; တို့နှင့်ပူးပေါင်း၍ (ယခင်)အင်းစိန် စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း၌ အောက်ပါသင်တန်းများကို အမှတ်စဉ်(၄)အဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်-
**Sakura-Insein Technical Course**
(က) Commercial Electrical Wiring Course (၃၀)ဦး
(ခ) Electrical Power Distribution Line Course (၁၀)ဦး
**သင်တန်းကာလ (၇)လဖြစ်ပါသည်။**
၂။ ဤသင်တန်းသည် ဂျပန်နိုင်ငံ၏ လျှပ်စစ်လုပ်ငန်း၌ နာမည်ကြီးကျော်ကြားသည့် Kinden Corp; ၏ လျှပ်စစ်သင်တန်းကျောင်းနှင့် တွဲဖက်ဖွင့်လှစ်ပြီး ဂျပန်ဆရာများ ကြီးကြပ်၍ သင်ထောက်ကူပစ္စည်းအပြည့်အစုံနှင့် ဂျပန်နိုင်ငံ၏ လျှပ်စစ်စံချိန်စံညွှန်းများနှင့်အညီ သင်ကြားပေးမည်ဖြစ်ပါသည်။
၃။ ဤသင်တန်းအား စိတ်ပါဝင်စားသော အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူ၊ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအဆင့် သင်ကြားဖူးသူဖြစ်ရမည်။
(ဂ) ၂၀၁၆ခုနှစ် ဇူလိုင် ၁ရက်တွင် အသက်(၁၇)နှစ်ပြည့်ပြီး၊ အသက်(၂၃)နှစ်ထက်မကြီးသူ။
(ဃ) သင်တန်းကြေးပေးသွင်းတက်ရောက်ရမည်။
လျှောက်လွှာများကို Sakura-Insein Technical Course တည်ရှိရာ AGTI Society, Vocational Training Centre (ယခင် GTI Campus)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာမ၊ အင်းစိန်၊ ရန်ကုန်မြို့နှင့် GTI ကျောင်းသားဟောင်းများအသင်း(ရုံး)၊ အမှတ် ၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တွင် အခမဲ့ထုတ်ယူနိုင်မည်ဖြစ်ပြီး ၃၀-၆-၂၀၁၆ရက်မတိုင်မီ Sakura-Insein Technical Course သင်တန်းကျောင်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။
**အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ချုပ်ရေးရုံးခန်း-**
**ဖုန်း-** ၀၁-၅၁၀၉၈၆၃၊ ၀၁-၆၄၃၆၆၃၊ ၀၉-၅၀၅၆၇၁၇၊ ၀၉-၃၀၃၁၆၅၇၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် (၁၀၇)ကြိမ်မြောက် နယုန်လ(၇)ရက်အထူးတရားစခန်းပွဲ

# ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၁၀၇)ကြိမ်မြောက် နယုန်လ (၇)ရက် အထူးတရားစခန်းပွဲကို ၁၃၇၈ခုနှစ် နယုန်လဆန်း ၁၁ရက် မှ နယုန်လပြည့်ကျော် ၂ရက်အထိ၊ ၁၆-၆-၂၀၁၆ရက်မှ ၂၂-၆-၂၀၁၆ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီး ဦးသိမ်းဆွေ (ခနုဖြူ)နှင့်အရန်တရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဓျိမပဋိပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်း ဝင်ရောက်လိုသော ယောဂီများသည် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယကဦးအေးကို ဖုန်း-၀၉-၂၅၀၅၁၆၂၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၂၅၂၄၂၄၀၅၀၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၉၁၃၁၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ စာရင်းစစ် ဒေါ်ညိုညို ဖုန်း-၀၉-၇၉၉၅၂၃၄၄၇၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အထက(၁)၊ ပဋ္ဌမတန်း(ဂ) မှ မောင်စိုင်းအွန်ဟန်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးကျဝ ၁၃/တယန(နိုင်)၀၂၁၀၃၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ ဇင်းကျိုက်အထကမှ သတ္တမတန်း(အောင်)မှ မစုမြတ်ဝေ၏ ဖခင်အမည်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းမွန် ဖြစ်ပါကြောင်း။

**ဦးစန်းမွန်**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော် ကောင်စီနယ်မြေ၊ အထက (၆)၊ သတ္တမတန်း (က)မှ မောင်ဝေယံမင်း(ဘ)ဦးဇော်မျိုးထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၇-၂၀၀၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာစည်မြို့၊ အမှတ် (၃) ရှမ်းပွဲရပ်ကွက်နေ (ဘ)ဦးချမ်းရ၏ သမီး ဒေါ်လှလှထွေး(ခ)မထွေး ၉/သစန(နိုင်) ၀၀၆၅၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လှလှထွေး(ခ) မထွေး**

## အမည်ပြောင်း

ပေါင်မြို့၊ အမက၊ ငွေးပင်ချောင်မှ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော ဦးသန်းဇော်၏သား မောင်ကောင်းခန့်ဇော်အား မောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းခန့်**

## မိဘအမည်မှန်

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နမ့်ခိုက်ကျေးရွာ၊ မယ်ဟန်အုပ်စုတွင် နေထိုင်သောမစိုးလျှံသူ ၁၃/လရန(နိုင်) ၁၅၁၅၆၀ ၏ မိဘအမည်မှန်မှာ ဦးမြင့်သူ ၁၃/လရန(နိုင်) ၀၀၄၄၅၆နှင့် ဒေါ်ခင်ရွှေ ၁၃/လရန(နိုင်) ၀၀၅၄၁၃ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးသိုက်စိုး၏သား မော်လမြိုင်မြို့ အထက(၉)၊ အဋ္ဌမတန်း (ခ)မှ မောင်သိန်းသန်းအား ယနေ့မှစ၍ မောင်သိန်းသန်းထူးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သိန်းသန်းထူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကောလင်းမြို့၊ မြေနီကျေးရွာမှ ဦးတင်ရွှေ၏သမီး မတင့် ၅/ကလတ(နိုင်)၀၇၁၀၉၈ နှင့် မနွယ်လွင်အောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မတင့်(ခ)မနွယ်လွင်အောင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

### ပေါင်မြို့နယ်တရားရုံး

### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅

| | | | |
|---|---|---|---|
| ဦးမြင့်ဦး | နှင့် | (၁) ဒေါ်လှကြည် | (၂) မစန်းနွယ် |
| (၄င်း၏အခွင့်ရ | | (၃) မမိချို | (၄) မစန်းမြင့် |
| ကိုယ်စားလှယ်စာ | | (၅) မစန်းအေး | (၆) မစန်းငွေ |
| ရသူ ဦးအေးမြင့်) | | (၇) မအေးအေး | (၈) မောင်ကြည်သိန်း |
| | | (၉) မစီစီအောင် | (၁၀) မောင်ဝဏ္ဏ |
| | | (၁၁) မကစ်ကစ် | (၁၂) မောင်စောဝင်းရွှေ |
| | | (၁၃) မောင်ဟန်ဝင်းရွှေ | (၁၄) မအေးမြင့်မိုး |
| | | (၁၅) မဇင်ပန်းဖြူ | |

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်သည့် မမိချို၊ မစန်းမြင့်၊ မစန်းအေး၊ မစန်းငွေ၊ မအေးအေး၊ မောင်ကြည်သိန်း၊ မစီစီအောင်၊ မောင်စောဝင်းရွှေ၊ (မုကျိုကျေးရွာအပိုင်၊ ဘန့်ဘွေးကုန်းရွာ၊ သံချပ်ကုန်းရပ်ကွက်၊ မဟာရိပ်သာအရှေ့၊ ပေါင်မြို့)နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးမြင့်ဦးက အမွေပုံပစ္စည်းခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၁၄ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၉ရက်) နံနက် ၁၀း၀၀နာရီတွင် တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**ပေါင်မြို့နယ်တရားရုံး**

## Panthu Geological Services Co-operative Ltd.

### ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပန်သုဘူမိဗေဒလုပ်ငန်းများဆောင်ရွက်မှု သမဝါယမအသင်းလီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို Western Park(ကန်တော်ကြီး) တွင် ၂၅-၆-၂၀၁၆ ရက်(စနေနေ့)နံနက် ၁၀း၀၀ မှ ၁၂း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများအားလုံး မပျက်မကွက်တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးအခမ်းအနားအပြီးတွင် ၂၀၁၅-၂၀၁၆ခုနှစ်အတွက် အစုပေါ်အမြတ်ငွေများကို အသင်းသားများအား တစ်ပါတည်းထုတ်ပေးသွားမည်ဖြစ်ပါ၍ လူကိုယ်တိုင် လာရောက်ထုတ်ယူသည့်အခါ မှတ်ပုံတင်နှင့်အသင်းသား အသင်းဝင်ကတ်ပြား (Shareholder Card)ကိုပါ တစ်ပါတည်းယူဆောင်လာရန်၊ အကယ်၍ ကိုယ်စားလှယ်ဖြင့် ထုတ်ယူမည်ဆိုပါက ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏ မှတ်ပုံတင်ကတ်၊ အသင်းသား၏ မှတ်ပုံတင်ကတ်မိတ္တူ၊ အသင်းသားကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်လာရပါမည်။ အသင်းသားများကို စာတိုက်မှဆက်သွယ်သည့်အခါ လိပ်စာပြောင်းလဲမှုကြောင့် စာများပြန်လည်ရောက်ရှိလာခဲ့ပါသည်။ သို့ပါ၍ ဆက်သွယ်နိုင်မည့်လိပ်စာအသစ်ကို အသင်း၏ရုံးချုပ်၊ ဒဂုံစင်တာ၊ အမှတ် ၀၃-၀၄ ဘီဆောင်၊ တတိယထပ်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့လိပ်စာဖြင့် အမြန်ဆုံးပေးပို့အကြောင်းကြားပါရန်လေးစားစွာ အသိပေးအပ်ပါသည်။

**မှတ်ချက်**

**အသင်းသားများမှ သိလိုသည်များကို မေးမြန်း၊ ဆွေးနွေး၊ အကြံပေးလိုပါက ဒါရိုက်တာအဖွဲ့နှင့် အသင်းသားစာရင်းစစ်အဖွဲ့သို့ ခုနစ်ရက် ကြိုတင်၍ အကြောင်းကြား တင်ပြ မေးမြန်း၊ ဆွေးနွေး၊ အကြံပေးပါရန်။**

**ပန်သုဘူမိဗေဒလုပ်ငန်းများဆောင်ရွက်မှု**
**သမဝါယမအသင်းလီမိတက်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ တရားသိစုရပ်ကွက်နေ ဒေါ်မြအေး ၁၁/စတန(နိုင်)၀၁၅၁၃၉ နှင့် ဒေါ်မြမော တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

အထက(မင်းပြား) တက္ကသိုလ်ဝင်တန်းမှ ဦးထွန်းအေး၏သမီး မကျော့ကေခိုင် ၁၁/ မပန(နိုင်)၁၂၆၀၂၂နှင့် မသွယ်ထက်စံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

အထက(ပုဏ္ဏားကျွန်း) တက္ကသိုလ်ဝင်တန်း(D)မှ (ဘ)ဦးကျန်သောင်း ၁၁/မဥန(နိုင်)၀၁၈၀၉၀ ၏သား မောင်ကျော်ငြိမ်းလှိုင်အား မောင်ကျော်ငြိမ်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

အထက (မင်းပြား) မှ မောင်ကိုကိုအောင်နှင့် မောင်အောင်ခန့်၏ ဖခင်အမည်မှန်မှာ ဦးရဲဇော်ထက် ၁၁/မပန(နိုင်)၀၅၄၆၅၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက-၄၊ နဝမတန်း($B_1$)မှ မဇဒူးညီနှင့် မအားညီမှာ တစ်ဦးတည်းဖြစ်ပြီး မမေရီအောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

အထကခွဲ (လ-၁) (မင်းပြား) သတ္တမတန်းမှ (ဘ) ဦးမောင်တင်မြင့်၏သား ဘိုတင်ငွေအား အိမ်ထောင်စုစာရင်းအရ ဘုန်းမြတ်သူဟု ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ နယ်မြေ(၅)၊ အိမ်အမှတ် (၁၇၅) မယဉ်ယဉ်(ခ)မှုံဝန် ၁/မကန(ဧည့်) ၀၀၁၈၅၆ သည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်တွေမြို့၊ ရွှေပင်ကိုယ်ပိုင် အလယ်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်အောင်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၁၂/ပဘတ(နိုင်) ၀၁၅၂၉၈ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

### အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃

### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌

### ၂၀၁၆ခုနှစ် တရားမထွေထွေမှုအမှတ် -၃၀

ကွယ်လွန်သူ ဆရာတော်ဦးဇောတ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

**ဒေါ်နုနုရီ** **လျှောက်ထားသူ**
**(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးမင်းစိုး)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၀/A)၊ လူနေရပ်ကွက်အမှတ် (စဥ့်ငူကွင်း)၊ မြေကွက်အမှတ် (၇၇/က)၊ ဧရိယာ ၂ဒသမ၃၃ ဧကနှင့် မြေကွက်အမှတ် (၇၄)၊ ဧရိယာ ၀ဒသမ၇၅၀ ဧက၊ လ/န-၃(ခ)ရရှိထားသော မြေပိုင်မြေစုစုပေါင်းဧရိယာ ၃ဒသမ၀၈၀ဧက၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဆရာတော် ဦးဇောတ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နုနုရီ (၄င်း၏အခွင့်ရကိုယ်စားလှယ်ဦးမင်းစိုး)က အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၈၃ အရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ် ဇူလိုင် ၁ ရက်၊ (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဆရာတော်ဦးဇောတ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်၊ (၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) နံနက် ၁၀း၀၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်နုနုရီ (၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမင်းစိုး)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၆ခုနှစ် ဇွန် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ညွန့်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မေခါဝီလမ်းမ၊ အမှတ် (ဈ/၃၇၉)နေ
ဦးသန့်ဇော်+ဒေါ်လှလှနွယ် တို့၏သား
**မောင်ကောင်းမြတ်သန့်ဇော်** B.Tech (Mechnical) နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သံလျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရှမ်းစုလမ်း၊ အမှတ် (၂၃) နေ
ဦးမြင့်မောင်+ဒေါ်ဥမ္မာခင်တို့၏သမီး
**မဖြူသင်းခိုင်** AGTI (IT), B.Sc (Physics) တို့၏

၅-၆-၂၀၁၆ နေ့တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံး ချီးမြှင့်ပေးသော သက်လုံအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့်ဇနီး ဒေါ်ဆောင်းသီတာ၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော Capt ကြည်မိုး(Uniteam Marine )နှင့် ဇနီး ဒေါက်တာမိုးမမဝင်း (လ/ထ ကထိက(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာန)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့် ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံး ကို ကျေးဇူးဥပကာရတင်ရှိပါသည်။ ကြွရောက်ချီးမြှင့် ကြသော လူကြီးမင်းများအား အကြောင်း အမျိုးမျိုးကြောင့် ဧည့်ခံရာတွင် ပြည့်စုံမှုမရှိခဲ့သည်များကိုလည်း အထူးလေးစားစွာ တောင်းပန် အပ်ပါသည်။

မောင်ကောင်းမြတ်သန့်ဇော်+မဖြူသင်းခိုင် နှင့်
နှစ်ဖက်သောမိဘများ

# လှူဒါန်းခြင်း



ခမ်းလီစိန်ရွှေရတနာဆိုင်(ရန်ကုန်) (KHAM LE GEMS& JEWELRY)မိသားစု၏ ၄-၆-၂၀၁၆ရက် NOVOTEL YANGON MAX HOTEL၌ကျင်းပသည့် နှစ်ပတ်လည်ညစာစားပွဲတွင် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်(၂၅)သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်မှ လက်ခံယူပါသည်။

## မြေငှားစာချုပ်(ဂရန်) ပေးရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့်ကြော်ငြာစာ

### အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ၊ နည်းဥပဒေပုဒ်မ ၁၉(၁)နှင့် (၂)အရ

မုံရွာခရိုင်၊ မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အကွက်အမှတ်(၈၂-အောင်ဇေယျ)၊ ဦးပိုင်အမှတ်(၈၁-က)၊ ဧရိယာ ၀ ဒသမ ၀၅၀ ဧကရှိ အောက်ပါနယ်နိမိတ်ပိုင်းခြားထားသည့်မြေကို မြေငှားစာချုပ်ဂရန် လျှောက်ထားလာပါသည်။

| | |
|---|---|
| အရှေ့လားသော် | -ဦးငွေကို |
| အနောက်လားသော် | - ဒေါ်နွဲ့ |
| မြောက်လားသော် | - ဝင်းလပ် |
| တောင်လားသော် | - ၅ လမ်း |

ယခုမြေကွက်ကို မည်သည့်အတွက် မြေငှားစာချုပ်(ဂရန်)မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ မည်သူကိုမဆို သိစေအပ်သည်မှာ မြေငှားစာချုပ်(ဂရန်)ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်ရက် (သို့မဟုတ်) ထိုနေ့မတိုင်မီ ပေးပို့ရမည့် ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း (၃၀) ပြည့်သည့်နောက်ပိုင်းတွင် ပေးပို့မည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့်ရက်(သို့မဟုတ်) ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက အဆိုပါမြေကို မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်ဂရန် ထုတ်ပေးမည်ဖြစ်သည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့**

## မိဘအမည်မှန်

တောင်ငူမြို့နယ်၊ ဆူးတပ်ကျေးရွာအုပ်စု၊ ဟင်းရည်မြား (မူလွန်)ပဋ္ဌမတန်းမှ မောင်အောင်အောင်ဦး၏ မိဘအမည်မှန်မှာ ဦးအေးဇော်နှင့် ဒေါ်အေးအေးမာ တို့ဖြစ်ကြပါသည်။

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ပျဉ်းပင်လှ၊ အလယ်တန်းကျောင်း(ခွဲ)မှ မောင်ထက်ပိုင်ဦး၏ဖခင်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးပြည်ကျော်ဖြစ်ပါသည်။

**ဦးပြည်ကျော်**
**၈/အလန(နိုင်)၁၁၉၂၅၁**

## အမည်ပြောင်း

မုံရွာမြို့၊ ရန်ကင်းရပ်နေ ဦးကျော်လင်း၏သား အလက၊ ရန်ကင်းရပ်၊ ပဋ္ဌမတန်းမှ မောင်သော်တာရှင်းသန့်လင်းအား မောင်သီဟအောင်၊ တတိယတန်းမှ မောင်သော်တာမင်းခန့်လင်းအား မောင်သီဟဇော်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ဦးဂျိုးဇက်၏သမီး၊ ကျိုင်းတုံမြို့၊ အထက (၁)၊ သတ္တမတန်းအောင်မှ မဖီးပင်၏ အမည်မှန်မှာ မဖီးဗင် ၁၃/ကတန(နိုင်)၁၈၇၄၆၈ ဖြစ်ပါကြောင်း။

**မဖီးဗင်**

## မောင်နှမအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ မင်းရပ်၊ အိမ်အမှတ်(၂၉)နေ ဒေါ်မင်းမင်းသိန်း ၁/မကန(နိုင်)၀၁၅၁၈၇ နှင့် မောင်နှမများမှ ဦးကျော်ကျော်ဦး ၁/မကန(နိုင်)၀၈၈၇၆၈ အား ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၄င်းအား မောင်နှမအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မင်းမင်းသိန်းနှင့် မောင်နှမများ**

## အမြန်ပြန်လာပါ(သို့)ဆက်သွယ်ပါ

ကျွန်တော် ဦးမင်းမင်းလတ် ၁၂/လမတ(နိုင်)၀၃၀၄၆၂ ၏ ဇနီး မနီလာခင်(ခ)မနန်တောင် ၁၂/စခန(နိုင်)၀၆၀၂၅၈ သည် ၁၂-၅-၂၀၁၆ ရက်တွင် ကလေးနှစ်ယောက်ဖြစ်သူ မောင်နိုဗန်မင်းနှင့် မမေဗယ်လ်မင်းတို့အား ခေါ်ဆောင်သွားခဲ့ပါသည်။ ကလေးများ၏ ကျောင်းဖွင့်ရက် ၃၀-၅-၂၀၁၅ မှ ယနေ့အထိလည်း ကျောင်းသို့ လာရောက်ပို့ဆောင်ခဲ့ခြင်းမရှိပါ။ ထို့အတွက်ကြောင့် ကလေးများ၏ ကျောင်းတက်ရန် ကျော်လွန်နေပါသဖြင့် ကလေးများ၏ ပညာရေးကိုရှေးရှု၍ ကျွန်တော် ဦးမင်းမင်းလတ်နှင့် အမြန်ပြန်ဆက်သွယ်ပါရန်(သို့) အမြန်ပြန်လာပါရန်။

**ဦးမင်းမင်းလတ်**
**ဖုန်း-၀၉-၅၁၇၃၆၃၃**

## ဂက်(စ်)မီးဖို၊ ဂက်(စ်)အိုးဆိုင် ဝန်ထမ်းအလိုရှိသည်

ကျား(၃)ဦး (လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်)
အသက်(၁၈)နှစ်နှင့် အထက်
ဆရာစံလမ်းအနီး
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၉၇၈၆၃၆၀၉၁

## မြေကွက်များဝယ်ယူလိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၈၀၊
၀၉-၂၆၀၆၆၄၉၀

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ဆွဲ
အသက်(၈၅)နှစ်

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့နေ ဒေါက်တာဦးခင်မောင်အေး-ဒေါ်အေးမူတို့၏မိခင် ဒေါ်တင်ဆွဲ အသက်(၈၅)နှစ်သည် ၃-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ် ဆရာဝန်များအသင်းမှ ဆရာဝန်များ**

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးချုပ်ခင်ညွန့် (ငြိမ်း)
အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့
ညွှန်ကြားရေးမှူး(ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ ဒေါ်မြမြဝေ၏ခင်ပွန်း၊ ဗိုလ်ချုပ်တင်အေး(ငြိမ်း)-ဒေါ်စိုးစိုးသစ်ညွန့်၊ ပါမောက္ခ ဒေါက်တာထင်ဇော်စိုး-ဒေါ်ချိုချိုလှဲ့ညွန့်တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၀း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စင်-ဒေါ်အေးအေးခိုင်**
**MD(MPE/MPPE)**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးတင်ငွေ အသက်(၇၁)နှစ်
(ကကနက်၊ ငြိမ်း)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မန်ကျီးဇောက်ကျေးရွာနေ (ဦးနီ-ဒေါ်သိန်း)တို့၏သား၊(ဦးထွန်းရွှေ-ဒေါ်အုန်းစိန်)တို့၏သားသမက်၊ ဦးတင်ရွှေ၏ညီ၊ ကိုသိန်းစိုး၊ မသန္တာဝင်း၊ ကိုမျိုးကျော်-မအေးအေးသူတို့၏ဖခင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၃၁၆နေ ဒေါ်စိန်ဟန်(ခ)ဒေါ်စိန်စိန်၏ချစ်လှစွာသော ခင်ပွန်းသည် ၉-၆-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ရက် (စနေနေ့)ညနေ ၃နာရီတွင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊စက်ရေတွင်း၊ရေကန်ဒါယကာမကြီး
## ဒေါ်နွဲ့နွဲ့ရီ (BE, Civil) ၁၉၇၆-၁၉၇၇
အကြီးတန်းလိုင်စင်အင်ဂျင်နီယာ
အသက်(၆၃)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးကျော်ဆက်မြင့်-ဒေါ်ဆုမြတ်ကျော်ဇော တို့၏မိခင်ဖြစ်သူ ဒေါ်နွဲ့နွဲ့ရီသည် ၈-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ**

ဝမ်းနည်းကြေကွဲခြင်း
## ဦးရွှေဖော်သူ(ခ)အောင်သူ
အသက်(၅၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ တတိုင်းမွေးလမ်း၊ အမှတ် ၄၉၊ မြခွာညို (ဝါဝါဝင်း) အိမ်ရာနေ ဒေါ်လီဆွေလတ်၏ ချစ်လှစွာသောခင်ပွန်း၊ သမီးကြီး မမေသူအောင်၊ သားလတ် မောင်စိုးမိုးအောင်၊ သမီးငယ် မနီနီလွင်အောင်တို့၏ ချစ်လှစွာသောဖခင်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ (ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်)၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးရွှေဖော်သူ(ခ)အောင်သူ အသက်(၅၀)သည် ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့**
**မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး
## ဒေါ်လှိုင်လှိုင်မင်း (ဒု-လဝကမှူး၊ ငြိမ်း)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၁)ရပ်ကွက်၊ မြင်သာ ၁၁လမ်း၊ အမှတ် ၂၀၇/၂နေ (ဒုတိယဗိုလ်မှူးကြီးကျော်လွင်)-ဒေါ်နွဲ့နွဲ့အေးတို့၏သမီး၊ (ဦးသာခင်-ဒေါ်သိန်း)တို့၏ချွေးမ၊ ဦးမြင့်စိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နတလဦးစီးဌာန)၏ချစ်လှစွာသောဇနီး၊ မောင်ကောင်းဆက်စိုး(အလုပ်သင်ဆရာဝန်)၏မိခင် ဒေါ်လှိုင်လှိုင်မင်းသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၅၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လေးမျက်နှာမြို့နယ်၊ လှော်ကထား (အထက) ဆရာ၊ ဆရာမများ**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး
## ဒေါ်လှိုင်လှိုင်မင်း (ဒု-လဝကမှူး၊ ငြိမ်း)
အသက်(၄၉)နှစ်

ဦးမြင့်စိုး(ဒု-ညွှန်ကြားရေးမှူးချုပ်၊ နတလဦးစီးဌာန)၏ချစ်လှစွာသောဇနီးသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၅၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးလွင် M.D ထားဝယ်အလင်း Company**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းနွဲ့(ခ)ဒေါ်စီစီ (ကျိုက်လတ်)
အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အမှတ် ၁၀၅၀(က)နေ (ဦးမေဒါ-ဒေါ်ဖွားညွန့်)တို့၏သမီး၊ (ဦးမှတ်ကြီး-ဒေါ်ဖွားကြီး)တို့၏သမီးချွေးမ၊ ကျိုက်လတ်မြို့၊ မြန်မာ့ဂုဏ်ရောင်ကျောင်း၊ ကျောင်းအုပ်ဆရာကြီး (ဦးမြသိန်း)၏ဇနီး၊ (ဦးသန်းမောင်)-ဒေါ်စန်းစန်းရီ၊ ဦးကျော်ဇော-(ဒေါ်မြသန်း)၊ ဦးမြင့်လွင်-ဒေါ်မြင့်မြင့်ဆွေ(J.A.T၊ ငြိမ်း၊ အလက-၇၊ တောင်ဥက္ကလာပမြို့နယ်)၊ ဦးဝင်းနိုင်-ဒေါ်အေးအေးစိမ်း၊ ဦးလှနိုင် 1/E RAFFLE OFFICE-ဒေါ်ခင်ခင်စိန်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၉-၆-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပိုးစွန်(ခ)ဒေါ်မြရင် (ဘိုကလေး)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် ၁၃၉(ဒုတိယထပ်)နေ(ဦးဝေပန်း)၏ဇနီး၊ ဒေါ်ညွှန့်ရီ၊ ဒေါ်သန်းရီ၊ (ဦးဘန်ကန်း)၊ ဦးဘန်စန်း(ခ)ဦးထွန်းမြင့်-ဒေါ်ခင်ခင်အေး၊ ဒေါ်ညွန့်ညွန့်ဝင်း၊ ဒေါ်ဝင်းဝင်းရီ၊ ကျန်းလင်ကျိ-ဒေါ်ညွန့်ညွန့်ခင်၊ ဦးဘန်ဝင်း၊ ဒေါ်နီနီဝင်း၊ ဦးဇော်သိန်းထွဋ်၊ ဦးဆန်းထွေးအောင်၊ဦးထွန်းဝင်းအောင်တို့၏ချစ်လှစွာသောမိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှအေး(ခ)တန်ဆော့ကြူး
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၁၇၆/၁၇၈၊ အခန်း ၆(ဘီ) (ခုနစ်လွှာ)နေ ဦးကျော်မြင့်၏ချစ်လှစွာသောဇနီး၊ ဒေါ်ဖြူဖြူဝင်း-ဦးမောင်တင်၊ ဦးခင်မောင်ဦး-ဒေါ်လေးလေး၊ ဦးခင်မောင်လေး-ဒေါ်စန္ဒာအောင်၊ ဦးခင်မောင်ထွေး-ဒေါ်ကြည်ကြည်ဝင်း၊ဦးဇော်ဇော်မိုး-ဒေါ်သီတာဝင်းတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ည ၉း၁၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းရီ(ခ)ဒေါ်ခင်စန်းရီ
ဆရာမ(ငြိမ်း)၊ မင်းကင်း
အသက်(၇၅)နှစ်

မင်းကင်းမြို့၊ လမ်းမတော်ရပ်နေ(ဦးစိုးလှ-ဒေါ်ချစ်ပုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၇၂ (မြေညီထပ်)နေ [ဦးကံထူး (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)]၏ဇနီး၊ သမားတော်ကြီး ဒေါက်တာမောင်မောင်ဌေး(နှလုံးနှင့်အထွေထွေရောဂါကု)-ဗိုလ်ကြီးသက်တည်ဦး(ငြိမ်း)၊ ဦးအောင်ဇော်ဝင်း-ဒေါ်ဝင်းမင်းခိုင်(ဌာနစုမှူး၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ)၊ ဦးမိုးသူရ(SAE)-ဒေါ်မိုးမိုးလှိုင်(SAE-ငြိမ်း)၊ ဒေါ်စိုးစိုးရွှေ(UD အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငြိမ်း)၊ ဦးအောင်ကျော်ကျော်(2nd Mate Unitem Marina Co.,Ltd.)-ဒေါ်အေးမာသင်း(သီရိအောင်ရွှေဆိုင်)၊ (ဦးဝင်းလှိုင်ထူး၊ 3rd Engineer)တို့၏မိခင်၊ မဆုမြတ်နိုး-မောင်ဂုဏ်ရှိန်ဝါ၊ မချောစုသွယ်၊မချိုဇင်သွယ်၊ မောင်ထက်မိုးကိုကိုထူး၊ မမြတ်သီရိအောင်တို့၏အဘွားသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၂၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊စက်ရေတွင်း၊ရေကန်ဒါယိကာမကြီး
## ဒေါ်နွဲ့နွဲ့ရီ
B.E(Civil) ၁၉၇၆-၁၉၇၇
အကြီးတန်းလိုင်စင်အင်ဂျင်နီယာ
အသက်(၆၃)နှစ်

သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) (ဗိုလ်မှူးကြီးသန်းမြင့်)(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်နွဲ့နွဲ့ရီ အသက်(၆၃)နှစ်သည် ၈-၆-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ သတ္တုတွင်းဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊**
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းအောင်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ် ၇၁၊ ဒုထပ်၊ (သုံး)လွှာ၊ ခေါင်းရင်းခန်းနေ(ဦးကွန်း-ဒေါ်တီ)တို့၏သား၊ ဒေါ်သန်းသန်းတင်၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်တင်တင်ဝင်း၊ ဦးမြင့်ဆွေ-ဒေါ်စောစန္ဒာမင်း၊ ဒေါ်နီလာအောင်-ဦးမြင့်ဝေ၊ ဒေါ်ကြည်ကြည်ညွန့်တို့၏အစ်ကို၊ မဆွေသူအောင်၊ မောင်ဆန်းမြင့်အောင်၊ မပြည့်ပြည့်ဖြိုး၊ မောင်ကျော်ဇင်မင်းခန့်၊ မောင်ထွန်းမြတ်လင်းတို့၏ဘကြီးသည် ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဘသာ (စစ်တွေ)
အသက်(၉၀)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ (ဦးရဲဘော်-ဒေါ်စံဝင်းဖြူ)တို့၏သား၊ (ဦးမောင်ဖဲဦး-ဒေါ်သာမြဦး)တို့၏သားသမက်၊ ဒေါ်မစောညွန့်၏ခင်ပွန်း၊ မောင်သန်းဝေ၊ မောင်သန်းအောင်တို့၏ ဖခင်သည် ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အေး (ညောင်တုန်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၉/ခ၊ ရန်ကြီးအောင်လမ်းနေ (ဦးကျော် - ဒေါ်ခင်မြင့်)တို့၏ သမီး၊ (ဦးအောင် မြင့်)၏ဇနီး၊ (ဒေါ်ခင်စော)၏ညီမ၊ ဦးကျော်မြင့်၏အစ်မ၊ ဒေါ်ခင်သိန်းဦး၊ ဦးအောင်ခင်ဦး၊ ဒေါ်အေးမြင့်ဦး၊ ဦးအောင်မြင့်ဦးတို့၏မိခင်၊ တူ/တူမ လေးယောက်တို့၏ အဒေါ်သည် ၈-၆-၂၀၁၆ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်လှ
(ကျောက်ဖြူ၊ ရမ်းဗြဲ)
ရပ်ရှင်ရုံမန်နေဂျာ(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၄/၁၄(က)နေ (ဒေါ်တင်တင်သိန်း)၏ခင်ပွန်း၊ ဦးဌေးအောင်၊ ဒေါ်အေးအေးမွန်၊ ဦးမျိုးမြင့်ကျော်၊ ဒေါ်လှကြည်တို့၏ဖခင်၊ မချောစုစုသွယ်၊ မောင်ဟိန်းထက်စိုးတို့၏အဘိုးသည် ၉-၆-၂၀၁၆ရက် နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရွှေပြည်သာကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။(ကျောက်ဖြူအသင်း ရန်ကုန်ရုံးခန်းရှေ့မှ ကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဆရာကြီး ဦးမြသောင်း
MA (English)
ကထိက၊ ဌာနမှူး (ငြိမ်း)
အင်္ဂလိပ်စာဌာန
ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နားရပ်ကွက်၊ လမ်း ၉၀၊ အမှတ် ၃၂နေ[ဦးဂိုပေါလ်-ဒေါ်အာသီလက်(ချ်)မီး]တို့၏သား၊ ဒေါ်စိန်စိန်၏မောင်၊ ဦးမောင်မောင် - ဒေါ်နုနုသန်းတို့၏အစ်ကို၊ အမှတ် ၄၀၁၊ ပီမိုးနင်း ၁လမ်း၊ (၄၈)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်အမာသီ၏ခင်ပွန်း၊ မစန္ဒီမြသောင်း၏ဖခင်သည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မိမိကြီး (ပြင်ဦးလွင်)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၇၀၊ လေးလွှာ၊ ကျောက်မြောင်းလမ်းနေ ဦးစန်းမြိုင် (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း) Chief Auditor, TMW Enterprise Limited)၏ချစ်လှစွာသောဇနီး၊(ဦးစောလွင်-ဒေါ်မြကြည်)တို့၏သမီး၊ (ဦးဘငွေ - ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ ဒေါ်လှဲ့ရည်ဝင်း - (ဦးထွန်းထွန်းဦး)၊ ဦးနေဇင်လတ် (2/E-Bell Ship)-ဒေါ်ယင်းမာကြူ (TMW Enterprise Limited)၊ (ဦးမျိုးဇေလတ်)-ဒေါ်ဝါဝါခိုင်(ဆေး/သု၊ ပြင်ဦးလွင်)တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၈-၆-၂၀၁၆ရက် မွန်းလွဲ ၂း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးချမ်းသာ
အသက်(၈၃)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်-ဒေါက်တာမိုးမြမြတို့၏ဖခင်ကြီး ဦးချမ်းသာ အသက်(၈၃)နှစ်သည် ၄-၆-၂၀၁၆ရက် (စနေနေ့)တွင် စင်ကာပူနိုင်ငံ၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးဝင်းမြင့်နှင့် ဒေါ်မြင့်မြင့်သန်း**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးညွှန့်မောင် (ကောလင်း)
အသက်(၈၅)နှစ်

လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်တာဝန်ခံ၊ အင်ဂျင်နီယာချုပ် ဦးလှထွန်းဦး-ဒေါ်ရီရီမြင့်တို့၏ဖခင်သည် ၆-၆-၂၀၁၆ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊**
**ဒု-ညွှန်ကြားရေးမှူးများနှင့်လက်ထောက်ညွှန်ကြားရေးမှူးများ**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးချမ်းသာ
## အသက်(၈၃)နှစ်

ဦးဝင်းအောင် (ဥက္ကဋ္ဌ၊ Dagon Group of Companies) - ဒေါက်တာမိုးမြမြတို့၏ ဖခင်သည် ၄-၆-၂၀၁၆ရက် (စနေနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင်၊ ဒေါ်မြမြဖြိုး**
**Youth Force Group of Companies**

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်ခင်ညွန့် (ငြိမ်း)
အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)
သံအမတ်ကြီး(ငြိမ်း)
အသက်(၇၈)နှစ်

ဗိုလ်မှူးချုပ်ခင်ညွန့်(ငြိမ်း)သည် ၆-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်မှူးကြီးရန်လင်းနိုင်-ဒေါ်ခင်လေးဖြူ**
**မိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသွေးမြင့်(ပေါက်ခေါင်း) အသက်(၇၅)နှစ်
(MPPE) ဒု-တိုင်းရောင်းဝယ်ရေးအရာရှိ(ငြိမ်း)၊ ပဲခူးတိုင်းဒေသကြီး
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

ပေါက်ခေါင်းမြို့နေ (ဦးလှဖေ-ဒေါ်သီ)တို့၏သား၊ (ဦးဘသိန်း-ဒေါ်ညွန့်)တို့၏သားသမက်၊ ဦးမဟိန္ဒ၊ ပညာဓေတရုံစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့၏ဦးလေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၂၃၀နေ ဒေါ်ဌေးဌေး၏ခင်ပွန်း၊ (ဦးအေးလွင်)-ဒေါ်အုန်းမြင့်၊ (ဦးဝင်းအောင်)-ဒေါ်ညွန့်ညွန့်၊ ဦးသိန်းလှိုင်-(ဒေါ်ခင်မေလွင်)တို့၏ညီ/အစ်ကို၊ ဦးကြည်မင်းထက်(New Day Energy)-ဒေါ်ဆွေလွင်ထိုက်၊ ဗိုလ်မှူးဆန်းမင်းထက်(တဆခ၊ ကျောက်ဆည်)၊ ဒေါက်တာချိုချိုထက် [1st year, micro (I M II)]၊ ဦးဉာဏ်မင်းထက်(PIL Shipping)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၆ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမောရွှေ
(ပညာရေးဌာန၊ မူအုပ်၊ ငြိမ်း)
အသက်(၆၇)နှစ်

ကျိုင်းတုံမြို့နယ်၊ ပန်ကြူအုပ်စု၊ ဝင်းဘိုကျေးရွာနေ (ဦးကျာဟား-ဒေါ်နာလူး)တို့၏သား၊ ဒေါ်နန်းခါး၏ချစ်လှစွာသောခင်ပွန်း၊ ဦးနယ်ဆင်မိုး၊ ဦးဝီလ်ဆင်မိုး၊ ဦးမောရစ်မိုး၊ ဒေါ်မာလာမိုးတို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုးသည် ၅-၆-၂၀၁၆ရက် နံနက် ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ဟွေဖျဲန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## မောင်သုတအောင်(ခ) မောင်ကောင်းကြွယ်စိုး
Pactric Moe
အသက်(၂၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၁၃(မြေညီ)နေ ဒေါက်တာမင်း-ဒေါ်လှလှဝင်းတို့၏သား၊ ဒေါက်တာဝေဖြိုး-ဒေါက်တာဝေဝေမွန်၊ဒေါက်တာတင်ဇာမွန်တို့၏မောင်လေးသည် ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် စိန့်ဂျွန်း မောင်ထော်လေးဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဦးထိန်လင်း(ခ)ဦးဂျာဖွာ
ရာသက်ပန်အသင်းဝင်အမှတ်
(KTH -၁၉၄)
အသက်(၄၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အဏ္ဏဝါရပ်ကွက်၊ စပယ်လမ်းသွယ်နေ (ဦးကျော်လင်း-ဒေါ်သန်းညွန့်)တို့၏သားသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၀း၃၀နာရီတွင် ကော့သောင်းမြို့၊ ရွှေပြည်သာ မွတ်စလင်သုသာန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား၊ အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

# မြန်မာအမျိုးသားလေကြောင်းခရီးစဉ်သစ်များတိုးချဲ့ပြေးဆွဲမည် လိုအပ်သော လေယာဉ်မောင်မယ်များ စနစ်တကျမွေးထုတ်




**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၉**

မြန်မာအမျိုးသားလေကြောင်း (Myanmar National Airlines) အနေဖြင့် လာမည့် ပွင့်လင်းရာသီတွင် ကိုရီးယား၊ ဂျပန်နှင့် ဗုဒ္ဓဂယာသို့ စင်းလုံးငှား (Charter) လေကြောင်းခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်၍ လိုအပ်သော လေယာဉ်မောင်မယ်သစ်များ အကောင်းဆုံးပြင်ဆင်မှုအဖြစ် လေ့ကျင့်မွေးထုတ်ပေးသွားမည် ဖြစ်ကြောင်း မြန်မာအမျိုးသား လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းက ပြောသည်။

"ကျွန်တော်တို့ မြန်မာအမျိုးသား လေကြောင်းလိုင်းအနေနဲ့ လာမယ့် ပွင့်လင်းရာသီဖြစ်တဲ့ ခရီးသွားရာသီမှာ

စာမျက်နှာ ၈ ကော်လံ ၅ ❐

## နေရာကွက်၍မိုးကြီးနိုင်

ဇွန် ၉ ရက် ညနေ ၄ နာရီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ကြီးပမ်းမှုများကို သုံးသပ်အစီရင်ခံခြင်းကို အောက်စဖို့ဒ် စီးပွားရေး လုပ်ငန်းစု စတင်လုပ်ကိုင်မည်

စာမျက်နှာ-၈

## အာဖရိကန်ဒုက္ခသည်များကိုကူညီရန် အီးယူအစီအစဉ်သစ်တစ်ခုရေးဆွဲ

စာမျက်နှာ-၁၀

## အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံး ဘောလုံးပြိုင်ပွဲနှစ်ခုအတွက် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းပြင်ဆင်နေ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှာ လေ့ကျင့်ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ရမည့် ၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး အောင်မြင်မှုရရှိရန် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းမှာ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုများ ခေတ္တရပ်နားထားပြီး

စာမျက်နှာ ၁၄ ကော်လံ ၁ ❍



မြန်မာအမျိုးသားအသင်း လေးနိုင်ငံပြိုင်ပွဲတွင် ဟောင်ကောင်အသင်းနှင့် တတိယနေရာလုပွဲကစားစဉ်

